## ရှင်မာကုဘဝမှတ်တမ်း

တမန်တော်ဝတ္ထု (၂း၂၅)တွင် **ယောဟန်မာကု** ဟုအမည်တွင်သော **မာကု**သည် **ဆိုက်ပရပ်ကျွန်း**ဇာတိဖြစ်ပြီး၊**ဂျေရုဆလင်မြို့**တွင်နေထိုင်ခဲ့၏။ သူ၏မိခင်ဖြစ်သူ **မာရိယာ**သည်မိမိ၏နေအိမ်ကိုတမန်တော် ကြီးများနှင့် ခရစ်ယာန်များစုဝေးဆုတောင်းရန်နေရာ အဖြစ်အသုံးပြုရန် အခွင့်ပြုခဲ့၏။(တမန်တော် ၁၂း၁၂–၁၇)

**မာကု**သည် ရဟန်းအမျိုးအနွယ်ဝင် ဖြစ်ပြီး၊ တမန်တော်**ဘာနဘ**နှင့်လည်း ညီဝမ်းကွဲတော်စပ်သူဖြစ်၏။ သူသည် **ဂျူး**လူမျိုးတို့တတ်သင့်သော ပညာကို အိမ်၌သင်ယူပြီး၊ **အာရမိုက်**နှင့်**ဂရိ**ဘာသာစကားနှစ်မျိုးစလုံးကိုလည်း ကျွမ်းကျင်စွာ တတ်မြောက်၏။ သခင်**ယေရှု**ရှင်ပြန်ထမြောက်ပြီးနောက်တစ်နှစ်တွင် **ပေတရု** လက်မှဆေးကြောခြင်းခံယူလျက် ခရစ်ယာန်ဖြစ်လာခဲ့၏။(**ပေတရု** ၅း၁၃)**မာကု**သည် သခင်**ယေရှု**၏တရားတော်ကို ကိုယ်တော်ထံမှ တိုက်ရိုက်မကြားနာခဲ့ရသော်လည်း**ပေတရု**၊**ပေါလု**၊ **ဘာနဘ**တို့နှင့်အတူ နှစ်ပေါင်းနှစ်ဆယ်တိုင်အောင်နီးကပ်စွာအတူနေခဲ့ရသည်အတွက် သူတို့၏ ဟောပြောသွန်သင်ချက်များကို အသေးစိတ်သိရှိနားလည်ခဲ့သည်။အထူးသဖြင့် သူသည်**ရှင်ပေတရု**၏ဟောပြောသွန်သင်ချက်များကို ကြားနာပြီး ရေးသားမှတ်တမ်းတင်ခဲ့၏။ ထို့ကြောင့် **မာကု**သည် အေဒီ(၆၄)ခုနှစ်တွင်**ရောမမြို့**၌ ဧဝံဂေလိကျမ်းစာတော်ကို**ဂရိ**ဘာသာစကားဖြင့်ရေးသားပြုစုခဲ့သည်။ သူသည် **အလက်ဇန္ဒြီယမြို့**၏ဆရာတော်အဖြစ် အမှုတော်ဆောင်ရွက်စဉ်တရားတော်အတွက်အသေခံခဲ့လေ၏။ရှင်**မာကု**၏ပွဲကိုနှစ်စဉ်နှစ်တိုင်းဧပြီလ(၂၅)ရက်နေ့တွင်ကျင်းပ သည်။

## ရှင်မာကုဧဝံဂေလိကျမ်းပါ အဓိက အချက်အလက်များ

**မာကု**ဧဝံဂေလိကျမ်းတွင်သခင်**ယေရှု**ကို တန်ခိုးအာဏာနှင့်ပြည့်စုံသောအရှင်အဖြစ် ရေးသားတင်ပြထား၏။သခင်**ယေရှု**၌ တန်ခိုးအာဏာတော်ရှိကြောင်းကိုကိုယ်တော်၏ တရားဒေသနာ ဟောကြားချက်များ၊ နတ်ဆိုးတို့ကို အောင်မြင်စွာ နှင်ထုတ်နိုင်ခြင်းများနှင့် လူတို့၏အပြစ်တို့ကိုဖြေလွှတ်ခြင်းများအားဖြင့် သိရှိနိုင်သည်။**မာကု**သည်သခင်**ယေရှု**၏အကြောင်းကိုတစ်ဆင့်ပြီးတစ်ဆင့် စိတ်ဝင်စားဖွယ်ကောင်းစွာ ရေးသားတင်ပြပြီး အထူးသဖြင့် တန်ခိုးအာနုဘော်တို့အကြောင်းကို ဦးစားပေးဖော်ပြထား၏။ ကိုယ်တော်၏တရားတော်ကို လေးနက်သောပုံဥပမာများဖြင့် တင်ပြထား၏။

ဧဝံဂေလိကျမ်း၏အစပိုင်းတွင် သခင်**ယေရှု**ပြုသော အံ့ဘွယ်ရာ တန်ခိုးလက္ခဏာများကို တင်ပြပြီး၊ ကျွန်ုပ်တို့အား အံ့အားသင့်စေပြီး၊ ကိုယ်တော်၏ အကြောင်းကို ပိုမိုစိတ်ဝင်စားစေရန် လှုံ့ဆော်ဦးဆောင်သွား၏။ ဧဝံဂေလိကျမ်း၏ ဒုတိယပိုင်းတွင် သခင်**ယေရှု**က မိမိကိုယ်မိမိ “လူသား”ဟုခေါ်ဆိုကြောင်း ရေးသားထား၏။ “လူသား”ဟူသည်မှာ အင်္ဂလိပ်ဘာသာစကားတွင် (Son of Man)၊ **အာရမိုက်**ဘာသာစကားတွင်(Baronush)ဖြစ်၍၊ ပရောဖက် **ဒါနီအဲလ်**အနာဂတ္တိကျမ်းမှကောက်နှုတ်ချက်ဖြစ်သည်။ (**ဒါနီအဲလ်** ၇း၁၃)၊ ဘုန်းတန်ခိုးတော်နှင့်ပြည့်စုံသော ကယ်တင်ရှင်**မေဆိယ**ကိုမဟာလူသားဟုခေါ်၏။ ဤသို့ဖြင့် သခင်**ယေရှု**၏စစ်မှန်သောလူ့ပကတိအဖြစ်တော်ကိုကျွန်ုပ်တို့လူ့မျက်စိနှင့် မြင်လာနိုင်စေရန် ရည်ရွယ်ရေးသားထား၏။

## ရှင်မာကု ကျမ်းရေးသားပြုစုပုံ

- ရှင်မာကုသည် ခရစ်တော်၏ ဒေသနာတော်အကြောင်းကို **မာတေဦး** နှင့် **လုကာ**တို့ထက်ပို၍ အသေးစိတ်ရေးသားပြုစုထားသည်။
(မာကု ၅း၁–၂–၊ ၉း၁၄–၂၉)
- ခရစ်တော်ဟောသော ဘုရားသခင်၏နိုင်ငံတော်နှင့်ဆိုင်ရာသတင်းသည် လူသားတို့၏ဘဝသက်တာတွင် သတင်းကောင်းအဖြစ် ထိုးဖောက်ဝင်ရောက်လာကြောင်းကိုအလေးအနက်ရေးသားဖော်ပြသည်၊ ဥပမာ (မာကု ၁း၁၄–၁၅)
- ခရစ်တော် ကိုယ်တော်တိုင်သည် ဘုရားသခင်၏နှုတ်ကပတ်တော်သတင်းကောင်းဖြစ်ကြောင်း။
(၁း၁၊ ၈း၃၅၊ ၁၀း၂၉)
- ခရစ်တော် **ယေရှု**သည် အစေခံတော်မူခြင်းနှင့်အသက်စွန့် တော်မူခြင်းအားဖြင့် လူသားများကိုကယ်ချွတ်ရန် စေလွှတ်ခြင်းခံရသော ဘုရား၏သားတော်ဖြစ်တော်မူကြောင်း။ (၁၀း၄၅)
- ခရစ်တော်သည် ထာဝရဘုရားသခင်၏သားတော်ဖြစ်တော်မူခြင်း (၁း၁၁၊ ၉း၇၊ ၁၅း၃၉)
- ကိုယ်တော်သည်**မေဆိယ**သခင်ဖြစ်တော်မူကြောင်း၊ **ဒေးဗစ်**ဘုရင်၏အမျိုးအနွယ်မှဆင်းသက်လာသော ဘိသိတ်ခံထားသောဘုရင်ဖြစ်ကြောင်း။
(၁၂း၃၅၊ ၁၅း၃၂)

- *ခရစ်တော်အတွက် ဘုရားသခင်ကြိုတင်စီမံထားသော ဒုက္ခရစရိယာခံခြင်းနှင့်အသေခံခြင်းတို့သည် လူသားများကို ကယ်တင်ရန် မရှိမဖြစ်သော နည်းလမ်းဖြစ်ကြောင်း (၈း၃၁၊၁၀း၄၅) ရေးသားဖော်ပြသည်။*
- *ခရစ်ယာန်တို့သည် ညှင်းပန်းနှိပ်စက်ခြင်းများကို ရင်ဆိုင်ကြရသောအခါ၊ မိမိတို့၏ ယုံကြည်ခြင်း၌ သစ္စာရှိရှိအသက်ရှင်နိုင်ကြရန် ရည်ရွယ်၍ရေးသားထားခြင်းဖြစ်သည်။ (၁၃း၉-၁၃)*

# ရှင်မာကုဧဝံဂေလိကျမ်း

## အခန်းကြီး (၁)

### ယောဟန်ဗတ္တိဇံ ကြွေကြော်ဟောပြောခြင်း

(မာ ၃း၁-၁၂၊ လု ၃း၁-၁၈၊ ယော ၁း၁၉-၂၈)

၁။ ဘုရားသခင်၏သားတော်ခရစ်တော်**ယေရှု**၏ ဧဝံ
၂။ ဂေလိတရားအစ[၁]သည်ကား။ ပရောဖက်၏**အီဇာယ**
ကျမ်းတွင်ရေးထားသည့်အတိုင်းကြည့်လော့။သင့်အ
တွက်လမ်းကိုပြင်ဆင်ရန် ငါ၏တမန်တော်ကိုသင့်
၃။ ရှေ့၌ ငါစေလွှတ်မည်။ တောကန္တာရ၌ကြွေးကြော်
သောသူ၏အသံသည်ကား၊သခင်ဘုရားကြွလာတော်
မူမည့်လမ်းကို ပြင်ဆင်ကြလော့။ ကိုယ်တော်၏
လမ်းများကို ဖြောင့်တန်းစေကြလော့ဟူ၍တည်း။
၄။ **ယောဟန်ဗတ္တိဇံ**သည် အပြစ်အခွင့်လွှတ်ခြင်းရရန်
နောင်တတရားနှင့် ဆိုင်သောဆေးကြောခြင်း အ
ကြောင်းကို တောကန္တာရ၌ ဟောပြောလျက်ရှိ၏။
၅။ **ဂျုဒေယ**ပြည်တစ်ပြည်လုံးမှလူများနှင့်**ဂျေရုဆလင်**
မြို့သားအပေါင်းတို့သည်သူ့ထံသို့သွားကြ၍၊မိမိတို့
အပြစ်အမှားများကိုထုတ်ဖော်ဝန်ခံကြလျက်ဂျော်ဒန်
မြစ်တွင် သူ၏ လက်မှဆေးကြောခြင်းကိုခံယူကြ
၆။ **ယောဟန်**သည်ကုလားအုပ်မွေးဖြင့်ရက်လုပ်သောအ
ဝတ်ကြမ်းကိုဝတ်ဆင်၍ခါး၌သားရေခါးစည်းကြိုးကို
စည်းထားလျက် ကျိုင်းကောင်နှင့်ပျားရည်တို့
၇။ ကိုသာစားသောက်၏။သူကဟောပြော သည်ကား၊
ငါ့ထက်သာ၍တတ်စွမ်းနိုင်သောသူသည်ငါ့နောက်တွင်
ကြွလာလိမ့်မည်။ငါသည်ပျပ်ဝပ်လျက် သူ၏
ခြေနင်းတော်ကြိုးကိုမျှဖြေခြင်းငှာ ငါမထိုက်
၈။ တန်။[၂]ငါသည် သင်တို့ကိုရေဖြင့် ဆေးကြော၏။
သို့သော်သူသည်သင်တို့ကို သန့်ရှင်းသောဝိညာဉ်
တော်ဖြင့်ဆေးကြောတော်မူလိမ့် မည်ဟူ၍တည်း။

### သခင်ယေရှုဆေးကြောခြင်း ခံတော်မူခြင်း

(မာ ၃း၁၃-၁၇၊ လု ၄း၂၁-၂၂၊ ယော ၁း၂၉-၃၄)

၉။ ထိုနေ့ရက်တို့၌ သခင်**ယေရှု**သည် **ဂါလိလေ**နယ်
**နာဇရက်**မြို့မှ ကြွလာတော်မူပြီး၊ **ဂျော်ဒန်**မြစ်တွင်
**ယောဟန်**ထံမှ ဆေးကြောခြင်းကို ခံတော်မူ၏။
၁၀။ ကိုယ်တော်သည် ရေထဲမှ တက်လာတော်မူသော
အခါ၊ ကောင်းကင်သည် ရုတ်တရက်ပွင့်လာပြီး၊
ဝိညာဉ်တော်သည်ချိုးငှက်သဏ္ဌာန်ဖြင့်မိမိအပေါ်မှာ
ဆင်းသက်လာသည်ကိုမြင်တော်မူ၏။[၄]
၁၁။ ထို့နောက် ကောင်းကင်မှအသံထွက်ပေါ်လာသည်
ကား၊ သင်သည် ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်
သားပေတည်းဟူ၍ဖြစ်၏။

### သခင်ယေရှု စုံစမ်းနှောင့်ယှက်ခြင်း

(မာ ၄း၁-၁၁၊ လု ၄း၁-၁၄)

၁၂။ ထို့နောက် ချက်ခြင်းပင်ဝိညာဉ်တော်သည် ကိုယ်
တော့်ကို တောကန္တာရသို့ ခေါ်ဆောင်သွားတော်မူ
၁၃။ ၏။[၅]ကိုယ်တော်သည် ထိုအရပ်၌ ရက်ပေါင်းလေး
ဆယ်ပတ်လုံးနေတော်မူစဉ် နတ်ဆိုး၏နှောင့်ယှက်
ခြင်းကို ခံရတော်မူ၏။ သားရဲတိရစ္ဆာန်များသည်
ကိုယ်တော်နှင့်အတူရှိကြ၏။ ကောင်းကင်တမန်
များသည် ကိုယ်တော်အတွက် လိုရာကိစ္စများကို
ဆောင်ရွက်ပေးကြ၏။

### ဂါလိလေနယ်တွင် သတင်းကောင်းကို စတင်ဟောပြော၏တော်မူခြင်း

(မာ ၄း၁၂-၁၇၊ လု ၄း၁၄-၁၅)

[၁] (၁း၁)ဧဝံဂေလိ၏အဓိပ္ပာယ်မှာဝမ်းမြောက်ရာသတင်းစကားဟုဆိုလိုသည်။ ထိုဝမ်းမြောက်ရာသတင်းစကား၏အစသည်ကား ပရောဖက် အီဇာအိယဟောထားချက်ရှိသည့်အတိုင်း ယောဟန်ဗတ္တိဇံပေါ်ထွန်း၍ ဟောသောတရားဖြစ်သည်။

[၂] (၁း၇) မာ ၃း၁၁

[၄] (၁း၁၀) မာ ၃း၁၆၊ လု ၃း၂၂၊ ယော ၁း၃၂။

[၅] (၁း၁၂) လု ၄း၁။

၁၄။ **ယောဟန်** ဖမ်းဆီးချုပ်နှောင်ခံရပြီးနောက် သခင်
**ယေရှု**သည် **ဂါလိလေ**နယ်သို့ ကြွလာတော်မူ၍၊
ဘုရားသခင်၏ သတင်းကောင်းကို ကြေငြာဟော
၁၅။ ပြောလျက်။မိန့်တော်မူသည်ကား အချိန်ကာလပြီး
ပြည့်စုံလေပြီ။[၆] ဘုရားသခင်၏ နိုင်ငံတော်သည်
ရောက်လုနီးပြီ။ နောင်တရကြ၍ ဧဝံဂေလိသတင်း
ကောင်းကို ယုံကြည်ကြလောဟူ၍တည်း။

## ပထမဦးဆုံး တပည့်တော် လေးပါးကို ခေါ်တော်မူခြင်း(မာ ၄း၁၈–၂၂၊ လု ၅း၁–၁၁)

၁၆။ သခင်ယေရှုသည် **ဂါလိလေ**ကမ်းခြေတွင်လျှောက်
သွားတော်မူစဉ် **စီမုန်**နှင့်သူ၏ညီ**အန္ဒြေယ**တို့ပင်
လယ်တွင် ပိုက်ကွန်ချနေသည်ကို မြင်တော်မူ၏။
အကြောင်းမူကား၊ သူတို့သည် တံငါသည်များဖြစ်
၁၇။ ကြ၏။သခင်**ယေရှု**ကလည်း ငါ့နောက်သို့ လိုက်
ကြလော့။ ငါသည် သင်တို့ကိုလူဖမ်းသော တံငါ
၁၈။ ဖြစ်စေမည်ဟု သူတို့အားမိန့်တော်မူ၏။သူတို့သည်
ချက်ခြင်းပင် မိမိတို့၏ ပိုက်ကွန်များကို ထားခဲ့၍၊
၁၉။ နောက်တော်သို့လိုက်ကြ၏။ ထို့နောက်ကိုယ်တော်
သည် ရှေ့သို့ အနည်းငယ်ကြွသွားတော်မူသောအခါ
**ဇေဗေဒေ**၏သား**ယာကုပ်**နှင့် သူ၏ညီ**ယောဟန်**တို့
သည် မိမိတို့ လှေအတွင်း၌ ပိုက်ကွန်များပြင်ဆင်
၂၀။ နေကြသည်ကို မြင်တော်မူ၏။ ကိုယ်တော်သည်
ချက်ခြင်းပင် သူတို့ကိုခေါ်တော်မူသဖြင့် သူတို့
သည်လည်း မိမိတို့ဖခင် **ဇေဗေဒီ**လှေပေါ်တွင်
လူငှါးများနှင့်ထားခဲ့၍ ကိုယ်တော်၏နောက်တော်သို့
လိုက်ကြ၏။

## နတ်ဆိုးကို နှင်ထုတ်တော်မူခြင်း (လု ၄း၃၁–၃၇)

၂၁။ ကိုယ်တော်သည်တပည့်တော်များနှင့်အတူ **ကာဖါ
နာအုမ်**မြို့သို့သွားကြ၏။ ထို့နောက် ကိုယ်တော်
သည် ဥပုသ်နေ့တွင် တရားဇရပ်သို့ဝင်၍၊ဟောပြော
၂၂။ သွန်သင်တော်မူ၏။ လူတို့သည်လည်း ကိုယ်
တော်၏ သွန်သင်ချက်ကို အလွန်အံ့သြကြ၏။
အကြောင်းမူကား၊ ကိုယ်တော်သည် ကျမ်းတတ်
ဆရာများကဲ့သို့ မဟုတ်ဘဲ၊ သြဇာအာဏာရှိသောသူ
ကဲ့သို့ ဟောပြော သွန်သင်တော်မူသောကြောင့်ဖြစ်
၂၃။ ၏။ထိုအချိန်၌ သူတို့၏တရားဇရပ်တွင် ညစ်ညူး
သောနတ်ဆိုးပူးခြင်းခံရသည့် လူတစ်ယောက်ရှိ၏။
၂၄။ ထိုသူက **နာဇရက်**မြို့သား **ယေရှု**၊ ကိုယ်တော်သည်
ကျွန်ုပ်တို့ကိုမည်သို့ပြုလိုပါသနည်း။ကျွန်တော်တို့ကို
ဖျက်ဆီးရန် ကြွလာတော်မူပါသလော။[၇] ကိုယ်တော်
မည်သူဖြစ်သည်ကို ကျွန်တော်သိပါ၏။ ကိုယ်တော်
သည် ဘုရားသခင်၏သန့်ရှင်းသော သူဖြစ်ပါသည်
၂၅။ ဟုအော်ဟစ်လေ၏။ သို့သော် သခင်**ယေရှု**သည်
သူ့ကို ငေါက်ငမ်း၍၊ တိတ်ဆိတ်စွာ နေလော့။
ထိုသူထံမှ ထွက်ခွါလော့ဟု အမိန့်ပေးတော်မူလျှင်။[၈]
၂၆။ ညစ်ညူးသော နတ်ဆိုးသည် ထိုသူ ကိုတုန်ခါတွန့်
လိမ်စေပြီး၊ ကျယ်လောင်သော အသံဖြင့်အော်ဟစ်
လျက် သူ့ထံမှထွက်ခွာသွားလေ၏။[၉]
၂၇။ လူအားလုံးတို့သည် အံ့သြကြလျက် ဤအချင်း
အရာသည်မည်သည့်အရာဖြစ်သနည်း။ သွန်သင်
ချက် အသစ်ပါတကား။ သူသည် နတ်ဆိုးတို့ကို
ပင်အာဏာနှင့်အမိန့်ပေးသောအခါ၊ ယင်းတို့သည်
သူ့စကားကိုနားထောင်ကြပေသည်ဟု အချင်းချင်း
၂၈။ မေးမြန်းပြောဆိုကြ၏။ ကိုယ်တော်၏သတင်းကျော်
ကြားခြင်းသည် **ဂါလိလေ**နယ် ပတ်ဝန်းကျင်ဒေသ
တစ်ခုလုံး ပျံ့နှံ့သွားလေ၏။

## ပေတရု၏ယောက္ခမကို အဖျားပျောက်စေတော်မူခြင်း (မာ ၈း၁၄–၁၅၊ လု ၄း၃၈–၄၁)

---

[၆] (၁း၁၅) မေဆိယမလာမီ ဖြစ်ရလတ္တံ့သော အကြောင်းအရာတို့သည် ယခု ပြည့်စုံခြင်းသို့ ရောက်လေပြီ။

[၇] (၁း၂၄) ဘုရား၏သန့်ရှင်းသောသူ။ ဘုရားသခင်စေလွှတ်တော်မူသော မေဆိယ။ (မာ ၈း၂၉)

[၈] (၁း၂၅)သခင်ယေရှုသည်နတ်ဆိုးအားစကားပြောခွင့်မပြုရသည့်အကြောင်း မှာ နတ်ဆိုး၏နှုတ်မှဖြစ်သော ချီးမွမ်းခြင်းကို သခင်ဘုရားခံယူလိုတော်မမူ။ ထို့ပြင် ဘုရားသခင်ဉာဏ်တော်အားဖြင့် စီရင်ခန့်ထားတော်မူသည့်အတိုင်း ခရစ်တော်ဆောင်ရွက်ရမည့် နက်နဲရာအမှုတို့ကို တစ်ဆင့်ပြီးတစ်ဆင့် တဖြည်းဖြည်းသိစေရန် ရည်ရွယ်သည်။

[၉] (၁း၂၆) ထိုသူသည် အမှန်ပင်နတ်ဆိုးစီးခြင်းခံရကြောင်းကို လူအများသိစေ ခြင်းငှာ ကိုယ်တော်က ထိုကဲ့သို့အခွင့်ပေးတော်မူ၏။

၂၉။ ကိုယ်တော်သည် တရားဇရပ်မှထွက်လျှင် ထွက်ခြင်း
**စီမုန်**နှင့် **အန္ဒြူး**တို့၏ အိမ်သို့ **ယာကုပ်**၊ **ယောဟန်**
၃၀။ တို့နှင့်အတူကြွဝင်တော်မူ၏။ ထိုအချိန်၌ **စီမုန်**၏
သူသည်ဖျား၍ အိပ်ရာတွင် လဲနေကြောင်းကို
ကိုယ်တော်အား ချက်ခြင်း လျှောက်ထားကြ၏။
၃၁။ ကိုယ်တော်သည်လည်း သူမထံချဉ်းကပ်၍ လက်ကို
ကိုင်လျက်ထူမလိုက်ရာ သူမသည် အဖျားပျောက်သ
ဖြင့် သူတို့ကိုဧည့်ဝတ်ပြုလေ၏။

## လူများစွာကို ရောဂါပျောက်ကင်းစေတော်မူခြင်း (မာ ၈း၁၄-၁၇၊ လု ၄း၄၀-၄၁)

၃၂။ ညနေခင်း နေဝင်ချိန်တွင် မကျန်းမာသောသူများနှင့်
နတ်ဆိုးပူးခြင်းခံရသောသူများကို အထံတော်သို့ခေါ်
၃၃။ ဆောင်ခဲ့ကြ၏။ ထို့ကြောင့် တစ်မြို့လုံးသည် အိမ်
၃၄။ တံခါးဝတွင် စုဝေးလျက်ရှိကြ၏။ ကိုယ်တော်သည်
ရောဂါအမျိုးမျိုးကြောင့်ဖျားနာနေကြသော သူများစွာ
ကို ပျောက်ကင်းစေတော်မူ၍၊ နတ်ဆိုးများကိုလည်း
နှင်ထုတ်တော်မူ၏။ နတ်ဆိုးတို့သည် ကိုယ်တော်
မည်သူဖြစ်သည်ကို သိကြသောကြောင့် စကားတစ်
ခွန်းကိုမျှ ပြောစေခြင်းငှာ ကိုယ်တော်သည်
သူတို့အား ခွင့်ပြုတော်မမူချေ။

## ဂါလိလေနယ်တွင် တရားဒေသနာ ဟောတော်မူခြင်း (မာ ၄း၂၃၊ လု ၄း၄၂-၄၄)

၃၅။ နံနက်မိုးမလင်းမီ အချိန်တွင် ကိုယ်တော်သည်ထ၍
လူသူကင်းဝေးရာအရပ်သို့ ကြွသွားပြီးလျှင်ထိုနေရာ
၃၆။ ၌ဆုတောင်းတော်မူ၏။ **စီမုန်**နှင့် သူ၏အပေါင်း
အဖော်များသည် ကိုယ်တော်ကို လိုက်ရှာကြ၏။
၃၇။ သူတို့သည် ကိုယ်တော့်ကို တွေ့ကြသောအခါ၊ လူ
အားလုံးသည် ကိုယ်တော့်ကို ရှာနေကြပါသည်ဟု
၃၈။ လျှောက်ကြ၏။ ကိုယ်တော်ကလည်းအနီးပတ်ဝန်း
ကျင်မြို့ရွာများသို့ ဆက်၍သွားကြစို့။ ထိုနေရာများ
တွင်လည်း သတင်းကောင်းကို ငါဟောကြားရမည်။
ဤအကြောင်းကြောင့် ငါလာခြင်းဖြစ်သည်ဟု ပြန်
၃၉။ ပြောတော်မူ၏။ ထို့နောက် ကိုယ်တော်သည် ဂါလိ
လေနယ်တစ်နယ်လုံးသို့ ကြွသွားတော်မူ၍၊ သူတို့
၏တရားဇရပ်များတွင်သွန်သင်တော်မူပြီး၊ နတ်ဆိုး
ကို နှင်ထုတ်တော်မူ၏။

## အနာကြီးရောဂါသည်တစ်ဦးကို ပျောက်ကင်းစေခြင်း (မာ ၈း၁-၄၊ လု ၅း၁၂-၁၆)

၄၀။ ထိုအခါ အနာကြီးရောဂါစွဲကပ်နေသော သူတစ်
ယောက်သည် အထံတော်သို့လာ၍၊ ကိုယ်တော်၏
ရှေ့တော်၌ဒူးထောက်လျက် ကိုယ်တော်အလိုတော်
ရှိပါလျှင်တပည့်တော်ကို သန့်ရှင်းစင်ကြယ်စေနိုင်
ပါသည်ဟု တောင်းပန်လျှောက်ထားလေ၏။
၄၁။ သခင်**ယေရှု**သည် ထိုသူ့အပေါ် သနားကရုဏာ
သက်တော်မူသဖြင့် မိမိလက်တော်ကိုဆန့်၍၊ သူ့ကို
တို့ထိလျက် ငါအလိုရှိ၏။ သန့်ရှင်းစင်ကြယ်ခြင်း
၄၂။ သို့ရောက်စေဟု မိန့်တော်မူ၏။ ချက်ခြင်းပင် သူ၌
အနာကြီးရောဂါ ပျောက်ကင်း၍ သူသည် သန့်ရှင်း
၄၃။ သွားလေ၏။ကိုယ်တော်သည် သူ့ကိုအဝေးသို့ စေ
လွှတ်လျက် တင်းကျပ်စွာ မိန့်မှာသည်ကား၊ ဤအ
၄၄။ ကြောင်းကို မည်သူ့အားမျှ မပြောမိစေရန် သတိ
ပြုလော့၊ လူတို့ရှေ့တွင် သက်သေဖြစ်စေခြင်းငှာ
**မိုးဇက်** မိန့်မှာထားသည့်အတိုင်း သင်၏ပျောက်
ကင်း စင်ကြယ်ခြင်းအတွက် ပူဇော်သက္ကာကို ဆက်
၄၅။ ကပ်လော့ဟု မိန့်တော်မူ၏။ ထိုသူသည်ကား၊
ထွက်သွား၍ ဤအကြောင်းကိုလူသိရှင်ကြား စတင်
ကြေငြာသဖြင့် သတင်းသည် နေရာအနှံ့ပြန့်
သွားလေ၏။[၁၀] ထို့ကြောင့် သခင်**ယေရှု**သည် မည်
သည့်မြို့တွင်းကိုမျှ ထင်ရှားစွာ မဝင်နိုင်တော့ချေ။
သို့သော အရပ်ရပ်မှလူများသည် ကိုယ်တော့်ထံသို့
စုရုံးလာကြကုန်၏။

## အခန်းကြီး (၂)

## လက်ခြေသေသောသူကိုပျောက်ကင်းစေတော်မူခြင်း(မာ ၉း၁-၈၊ လု ၅း၁၇-၂၆)

၁။ ရက်အနည်းငယ်ကြာသောအခါ၊ ကိုယ်တော်သည်

---

[၁၀] (၁း၄၅) သခင်ယေရှုက အနာကြီးရောဂါသည်အား ဤအကြောင်းကို မပြောရန် တားမြစ်သော်လည်း ထိုသူသည် ဝမ်းမြောက်ဝမ်းသာလွန်သော ကြောင့် မိမိခံရသောကျေးဇူးတော်ကို မထိမ်ဝှက်နိုင်ပေ။

**ကာဖါနာအုမ်**[၁]မြို့သို့ ပြန်ကြွလာတော်မူသဖြင့် လူတို့
သည် ကိုယ်တော်အိမ်မှာ ရှိတော်မူကြောင်းကိုကြား
၂။ သိကြ၏။ လူများစွာတို့သည် စုရုံးလာကြသော
ကြောင့် အိမ်တံခါးအပြင်၌ပင် နေရာမရှိတော့ချေ။
ကိုယ်တော်သည်လည်း နှုတ်ကပတ်တော်ကို သူတို့
၃။ အားဟောပြောတော်မူ၏။ ထိုအခါလူလေးယောက်
တို့သည်လက်ခြေသေနေသော လူတစ်ယောက်ကို
ထမ်း၍၊ အထံတော်သို့ယူဆောင်ခဲ့ကြ၏။
၄။ ထိုသူတို့သည် လူအစုအဝေးကြောင့် ကိုယ်တော့်
ရှေ့တော်သို့ သူ့ကိုမသယ်ဆောင်လာနိုင်ကြသဖြင့်
ကိုယ်တော်ရှိရာနေရာ၏ အထက်မှ အိမ်မိုးကို
ဖောက်ပြီးလျှင် ထိုအမိုးပေါက်မှတဆင့် လူနာလဲ
လျောင်းနေသောအိပ်ရာကိုလျှောချကြ၏။[၂]
၅။ ကိုယ်တော်သည် သူတို့၏ယုံကြည်ခြင်းကိုမြင်တော်
မူလျှင် လက်ခြေသေနေသောသူအား ငါ့သား သင်
၏အပြစ်များ အခွင့်လွှတ်ခြင်းခံရလေပြီဟုမိန့်တော်
၆။ မူ၏။ထိုနေရာတွင် ထိုင်နေကြသောကျမ်းတတ်
၇။ ဆရာအချို့တို့က။ ဤသူသည် အဘယ်ကြောင့်
ဤသို့ပြောဆိုရသနည်း။ ဤစကားသည် ဘုရား
သခင်ကိုထိခိုက်ပြောဆိုခြင်းဖြစ်၏။ ဘုရားသခင်မှ
တစ်ပါး မည်သူသည် အပြစ်များကို အခွင့်လွှတ်နိုင်
၈။ သနည်းဟု မိမိတို့စိတ်ထဲ၌ဆိုကြ၏။ သခင်**ယေရှု**
သည် သူတို့အသီးသီး၏စိတ်ထဲမှ ထင်မြင်ချက်ကို
မိမိဉာဏ်တော်ဖြင့် ချက်ခြင်းပင်သိတော်မူသဖြင့်
သင်တို့သည် အဘယ်ကြောင့် စိတ်ထဲ၌ ဤသို့ထင်
၉။ မှတ်ကြသနည်း။ လက်ခြေသေသောသူအား မည်
သည့်စကားကို ပြောဆိုရန်သာ၍ လွယ်ကူသနည်း။
သင်၏အပြစ်များ အခွင့်လွှတ်ခြင်း ခံရလေပြီဟုဆို
ခြင်းလော သို့မဟုတ် ထလော့၊ သင့်အိပ်ရာကိုယူ၍
လျှောက်လှမ်းသွားလောဟု ဆိုခြင်းလော။

[၁] (၂း၁) (မာ ၉း၁)

[၂] (၂း၄) ဂျူးလူမျိုး၏အိမ်များသည် အိမ်မိုးပေါ်၌ တည်းခိုနိုင်အောင် အမိုးကို ပြားပြားတပြင်တည်း လုပ်ထားလေ့ရှိ၏။ တဲတော်အချိန်ရောက်လျှင် သူတို့သည် အိမ်မိုးပေါ်မှထက်၍နေထိုင်စားသောက်ကြသဖြင့် အမိုးကိုအပေါက်ဖာထားလေ့ရှိ၏။ အခြားအချိန်များ၌ ထိုအပေါက်ကိုအုတ်နှင့်ပိတ်ဆို့ထားသောကြောင့် ထိုအုတ်တို့ကိုဖယ်၍ ခြေလက်သေသောသူကို အောက်သို့ချကြ၏။ အိမ်အပြင်ကလည်း အိမ်မိုးပေါ်သို့ တက်ရန် လှေကားရှိ၏။

၁၀။ သို့သော် လူသားသည် ဤလောကတွင် အပြစ်များ
ကိုအခွင့်လွှတ်ပိုင်သော အာဏာရှိကြောင်း သင်တို့
သိစေရန် ဖြစ်သည်ဟုဆိုလျက် လက်ခြေသေသော
၁၁။ သူအား၊ သင်အား ငါဆိုသည်ကား၊ ထလော့၊ သင့်
အိပ်ရာကို ယူဆောင်၍ အိမ်သို့ပြန်လော့ဟုမိန့်တော်
၁၂။ မူ၏။ ထိုသူသည်လည်း ချက်ခြင်းထ၍ အိပ်ရာကို
ယူလျက် လူအပေါင်းတို့ရှေ့၌ပင်ထွက်ခွာသွားလေ
၏။ သူတို့သည် အံ့သြကြလျက် ငါတို့သည်
ဤကဲ့သို့တစ်ကြိမ်တစ်ခါမျှ မမြင်ဘူးကြပါတကား
ဟုဆိုကြ၍ ဘုရားသခင်၏ဘုန်းဂုဏ်တော်ကို ချီး
မွမ်းကြ၏။

## လေဝိကိုခေါ်တော်မူခြင်း
## (မာ ၉း၉–၁၃၊ လု ၅း၂၇–၃၂)

၁၃။ တစ်ဖန် သခင်ယေရှုသည် ပင်လယ်ကမ်းနား[၃]သို့
တစ်ဖန်ထွက်ကြွတော်မူ၏။ လူအပေါင်းတို့သည်
လည်း အထံတော်၌လာရောက်စုရုံးကြသဖြင့် ကိုယ်
တော်သည် သူတို့ကို သွန်သင်တော်မူ၏။
၁၄။ ကိုယ်တော်သည် လမ်းလျှောက် နေတော်မူစဉ်
**အာလ်ဖေဦး**၏သား **လေဝိ**[၄]သည် အခွန်ရုံး၌ထိုင်
လျက် ရှိသည်ကိုမြင်တော်မူ၏။ ကိုယ်တော်က ငါ့
နောက်သို့လိုက်လော့သူဟု သူ့အားမိန့်တော်မူလျှင်
သူသည်လည်းထ၍နောက်တော်သို့လိုက်လေ၏။
၁၅။ ထို့နောက် ကိုယ်တော်သည် **လေဝိ**၏အိမ်တွင်ညစာ
သုံးဆောင်တော်မူစဉ်တွင် များစွာသော အခွန်ခံ
သူတို့[၅]နှင့် အပြစ်ရှိသောသူတို့သည် ကိုယ်တော်နှင့်
တပည့်တော်တို့ နှင့်အတူ စားသောက်ကြ၏။
၁၆။ ကိုယ်တော်သည် အခွန်ခံသူ၊ အပြစ်ရှိသူများတို့နှင့်
အတူ စားသောက်သည်ကို**ဖာရိဇေဦး**ဂိုဏ်းဝင်ကျမ်း
တတ်ဆရာတို့ မြင်ကြသောအခါ အဘယ့်ကြောင့်
သူသည်အခွန်ခံသူ၊ အပြစ်ရှိသူနှင့်အတူစားသောက်

[၃] (၂း၁၃) ဂါလိလေပင်လယ် (သို့) ဂျေနာဇရက်အိုင် (သို့) တိဘာရိယရေအိုင် ဟုလည်းခေါ်သည်။

[၄] (၂း၁၄) မာ (၉း၉)၊ လု(၅း၂၇)

[၅] (၂း၁၅) မာ (၅း၄၅)

၁၇။ သနည်းဟု တပည့်တော်တို့အားဆိုကြ၏။ သခင်
**ယေရှု**သည် ဤစကားကိုကြားတော်မူလျှင် ကျန်း
မာသောသူသည် ဆေးဆရာကို မလိုအပ်ပေ။ သို့
သော် ဖျားနာသောသူသည် လိုအပ်၏။ ငါသည်
ဖြောင့်မတ်သော သူတို့ကိုခေါ်ရန် ကြွလာခြင်း
မဟုတ်။ အပြစ်ရှိသောသူများကိုခေါ်ရန် ကြွလာ
သည်ဟု မိန့်တော်မူ၏။

## အစာရှောင်ခြင်းအကြောင်း
## (မာ ၉း၁၄–၁၇၊ လု ၅း၃၃–၃၉)

၁၈။ ထိုအခါက**ယောဟန်**၏တပည့်များနှင့် **ဖာရီဇေဦး**တို့
သည် အစာရှောင်လေ့ရှိကြ၏။ လူများသည် ကိုယ်
တော့်ထံသို့လာ၍၊ **ယောဟန်**၏ တပည့်များနှင့်
**ဖာရီဇေဦး** တို့သည် အစာရှောင် ကြသော်လည်း
ကိုယ်တော်၏ တပည့်တို့သည် အဘယ်ကြောင့်
အစာမရှောင်ကြပါသနည်းဟု မေးလျှောက်ကြ၏။
၁၉။ သခင်**ယေရှု**ကလည်း မင်္ဂလာဆောင်ပွဲသို့လာကြ
သောသူများသည် မိမိတို့နှင့်အတူ မင်္ဂလာသတို့
သားရှိနေချိန်တွင် အစာရှောင်နိုင် ကြမည်လော။
မင်္ဂလာသတို့သား ရှိနေသမျှ ကာလပတ်လုံး သူတို့
၂၀။ သည် အစာမရှောင်နိုင်ကြ။ သို့ရာတွင် သတို့သား
ကို သူတို့ထံမှ ခေါ်ဆောင်သွားမည့် နေ့ရက်များ
ရောက်လာသောအခါ၊ သူတို့သည် အစာရှောင်ကြ
၂၁။ လိမ့်မည်။ မည်သူမျှ အဝတ်ဟောင်းကို ပိတ်စသစ်
နှင့်ဖာထေးလေ့မရှိ။ ထိုသို့ပြုလျှင် ပိတ်စသစ်သည်
အဝတ်ဟောင်းမှ ရုန်းသဖြင့် စုတ်ပြဲသည့်နေရာ
၂၂။ သည် ပို၍ကျယ်လာတတ်၏။ ထို့အပြင် မည်သူမျှ
စပျစ်ရည်သစ်ကို သားရေဖူးဟောင်းတွင် ထည့်လေ့
မရှိ၊ ထည့်ခဲ့ပါလျှင် စပျစ်ရည်သစ်သည် သားရေ
ဖူးကိုကွဲစေသဖြင့် စပျစ်ရည်ယိုဖိတ်၍ သားရေဖူး
လည်းပျက်စီးလိမ့်မည်။ စပျစ်ရည်သစ်ကို သားရေ
ဖူးသစ်တွင်သာ ထည့်ရ၏ဟု သူတို့အား မိန့်တော်
မူ၏။

## ဥပုသ်နေ့၏အရှင်သခင်(မာ ၁၂း၁–၈၊ လု ၆း၁–၅)

၂၃။ ဥပုသ်နေ့တစ်နေ့၌ ကိုယ်တော်သည် ဂျုံခင်းများ
ကိုဖြတ်သန်း၍၊ သွားတော်မူ၏။ ထိုသူသည် သွား
နေကြစဉ် တပည့်တော်များသည် ဂျုံစေ့များကို
ဆွတ်ခူးကာ လက်ဖြင့် ပွတ်နယ်လျက်စားကြ၏။
၂၄။ **ဖာရီဇေဦး**တို့က ကြည့်ပါလော့။ သူတို့သည် ဥပုသ်
နေ့တွင် မပြုအပ်သောအမှုကို အဘယ်ကြောင့်ပြု
ကြသနည်းဟု ကိုယ်တော့်အား လျှောက်ကြ၏။
၂၅။ ကိုယ်တော်ကလည်း **ဒေးဗစ်**မင်းကြီးနှင့် သူ၏
အပေါင်းအဖော်များသည် ဆာလောင် မွတ်သိပ်
သောအခါ၊ မည်သို့ပြုခဲ့ကြကြောင်း သင်တို့မဖတ်ဖူး
၂၆။ ကြသလော။ သူသည် ရဟန်းအကြီးအကဲ **အာဗိ
အာသာ**[၆]လက်ထက်၌ ဘုရားသခင်၏အိမ်တော်သို့
ဝင်လျက် ရဟန်းများမှတစ်ပါး၊ မည်သူမျှမစားအပ်
သော အရှေ့တော်တင်မုန့်ကိုယူ၍ စားပြီးမှ မိမိနှင့်
အတူ ပါလာသော သူတို့အားပေးခဲ့သည်ဟု သူတို့
၂၇။ အား မိန့်တော်မူ၏။ ထို့နောက် ကိုယ်တော်က
ဥပုသ်နေ့သည် လူတို့အတွက် သတ်မှတ်ထားခြင်း
ဖြစ်၏။လူတို့သည် ဥပုသ်နေ့အတွက် ဖန်ဆင်း
၂၈။ ထားခြင်းမဟုတ်။ သို့ဖြစ်၍ လူသားသည် ဥပုသ်
နေ့၏အရှင်သခင်ဖြစ်သည်ဟု သူတို့အားမိန့်တော်
မူ၏။

## အခန်းကြီး (၃)
## လက်တစ်ဖက်သေသောသူကိုပျောက်ကင်းစေခြင်း
## (မာ ၁၂း၉–၁၄၊ လု ၆း၆–၁၁)

၁။ ကိုယ်တော်သည် တရားဇရပ်သို့တစ်ဖန်ကြွဝင်တော်
မူ၏။ ထို့နေရာ၌ လက်တစ်ဖက်သေသောသူ တစ်
၂။ ယောက်ရှိ၏။ ဥပုသ်နေ့၌ကိုယ်တော်သည်ထိုသူကို
ပျောက်ကင်း စေလိမ့်မည်လောဟု ကိုယ်တော့်ကို
အပြစ်တင်စွပ်စွဲရန် သူတို့သည် ချောင်းမြောင်းနေ
၃။ ကြ၏။ကိုယ်တော်ကလည်း လက်တစ်ဖက်သေ
သောသူအား ရှေ့သို့လာလော့ဟု မိန့်တော်မူ၏။
၄။ ထို့နောက် ကိုယ်တော်က ဥပုသ်နေ့၌ကောင်းမှုကို
ပြုအပ်သလော။ သို့မဟုတ် မကောင်းမှုကိုပြုအပ်သ
လော။[၁] လူ့အသက်ကို ကယ်ဆယ်အပ်သလော။
သို့မဟုတ် ဖျက်စီးသတ်ဖြတ်အပ်သလောဟု သူတို့
အား မေးတော်မူ၏။ သို့သော် သူတို့သည် တိတ်
၅။ ဆိတ်စွာနေကြ၏။ ကိုယ်တော်သည် သူတို့ကို

---

[၆] (၂း၂၆)၁ရာဇဝင်၂၁း၆တွင်ပါသည့်အတိုင်း ထိုသူ၏အမည်မှာ အာဗိယာသာ။ အာဗိအာသာမှာ အမျိုး၏အမည်ဖြစ်၏။ ထပ်ဆင့်ခေါ်သော အမည်ဖြစ်၏။

[၁] (၃း၄) "မကောင်းမှုကိုပြုအပ်သလော"စာပိုဒ်၏အဓိပ္ပာယ်မှာ ကောင်းမှုကို မပြုဘဲနေအပ်သလောဟု ဆိုလိုသည်။

အမျက်ဒေါသဖြင့် လှည့်ကြည့်တော်မူ၏။ ထိုသူတို့
၏ စိတ်နှလုံးခိုင်မာခြင်းကြောင့် ကိုယ်တော်သည်
ဝမ်းနည်းတော်မူ၍၊ လက်တစ်ဘက် သေနေသော
သူအား သင်၏လက်ကိုဆန့်လော့ဟုမိန့်တော်မူ၏။
ထိုသူသည်လည်း လက်ကိုဆန့်လိုက်လျှင် သူ၏
လက်သည် အကောင်းပကတိ ဖြစ်သွားလေ၏။
၆။ **ဖာရိဇေဦး**တို့သည် ထွက်သွားကြ၍၊ ကိုယ်တော့်ကို
မည်ကဲ့သို့ လုပ်ကြံရမည့်အကြောင်း **ဟေရုဒ်**၏လူ
များနှင့် ချက်ခြင်းတိုင်ပင်ကြ၏။[၂]

## ကမ်းခြေတွင် လူများစုဝေးလာကြခြင်း
## (မာ ၁၂:၁၅;၂၁၊ လု ၆:၁၇-၁၉)

၇။ သခင်**ယေရှု**သည် တပည့်တော်တို့နှင့်အတူ ဂါလီ
လေအိုင်အနီးသို့ကြွသွားတော်မူလျှင်**ဂါလိလေ**ပြည်မှ
များစွာသော လူအစုအဝေးတို့သည် ကိုယ်တော်၏
၈။ နောက်တော်သို့လိုက်ကြ၏။**ဂျူဒ**ပြည်မှလည်းကောင်း၊
**ဂျေရုဆလင်**မြို့မှစ၍**အီဒူမီယ**နယ်၊**ဂျော်ဒန်**မြစ်တစ်
ဘက်ကမ်း၊**တိုင်ယာ**နှင့်**ဆီဒုံ**မြို့ပတ်ဝန်းကျင်မှလည်း
ကောင်းများစွာသောလူတို့သည်ကိုယ်တော်ပြုတော်မူ
၉။ သမျှတို့ကိုကြားကြသဖြင့် အထံတော်သို့လာကြ၏။
ကိုယ်တော်သည်လူအစုအဝေး၏ တိုးဝှေ့နင်းမိခြင်းမ
ခံရစေရန်လှေတစ်စင်းကိုမိမိအတွက် အသင့်ပြင်ထား
မည့်အကြောင်းကိုယ်တော်သည်တပည့်တော်များအား
၁၀။ မိန့်တော်မူ၏။ အကြောင်းမူကား၊ ကိုယ်တော်သည်
လူများစွာကိုရောဂါပျောက်ကင်းစေတော်မူသည်ဖြစ်
၍၊ရောဂါအမျိုးမျိုးစွဲကပ်နေသောလူများသည် ကိုယ်
တော့်ကို တို့ထိ နိုင်ရန် အထံတော်သို့ တိုးဝင်ကြ
၁၁။ သောကြောင့်ဖြစ်၏။ ညစ်ညူးသောနတ်ဆိုး[၃]တို့
သည်လည်း ကိုယ်တော့်ကိုမြင်ကြသောအခါ၊ ရှေ့
တော်၌ပျပ်ဝပ်လျက် ကိုယ်တော်သည် ဘုရားသခင်
၏သားတော်ဖြစ်တော်မူသည်ဟု ဟစ်အော်ကြ၏။
၁၂။ သို့သော် ကိုယ်တော်သည် မိမိအကြောင်းကို ထုတ်
ဖော်မပြောစေရန် သူတို့ကို တင်းကျပ်စွာ တားမြစ်
တော်မူ၏။

[၂] (၃:၆) မာ (၁၂:၁၃)

[၃] (၃:၁၁) နတ်ဆိုးဖမ်းစားသော သူတို့၌ရှိသော ညစ်ညမ်းသောနတ်ဆိုးများ။

## တမန်တော်တစ်ဆယ့်နှစ်ပါးကိုရွေးချယ်တော်မူခြင်း
## (မာ ၁၀:၁-၄၊ လု ၆:၁၂-၁၆)

၁၃။ ကိုယ်တော်သည် တောင်ပေါ်သို့ တက်တော်မူ၍၊ မိမိ
အလိုရှိတော်မူသော သူတို့ကို ခေါ်တော်မူလျှင်၊
၁၄။ သူတို့သည် အထံတော်သို့ လာကြ၏။ ထို့နောက်
ကိုယ်တော်သည်တပည့်တော်တစ်ဆယ့်နှစ်ပါးကိုရွေး
ချယ်တော်မူ၍၊မိမိနှင့်အတူရှိစေခြင်းငှာလည်းကောင်း၊
တရားဒေသနာ ဟောပြောရန် စေလွှတ်ခံရခြင်းငှာ
လည်းကောင်း သူတို့ကို တမန်တော်များဟု အမည်
၁၅။ သမုတ်တော်မူ၏။နတ်ဆိုးများကိုနှင် ထုတ်နိုင်သော
အခွင့်အာဏာကိုလည်း သူတို့အားပေးတော်မူ၏။[၄]
၁၆။ ကိုယ်တော်ရွေးချယ်ခန့်ထားတော်မူသော တစ်ဆယ့်
နှစ်ပါးသည်ကား **ပေတရု**[၅] ဟုကိုယ်တော်အမည်ပေး
၁၇။ ထားသော **စီမုန်**။မိုးကြိုး၏သားများဟု အနက်အဓိ
ပ္ပါယ်ရှိသော**ဘိုနာဂျေ**[၆]အမည်ဖြင့်ကိုယ်တော်မှည့်ခေါ်
၁၈။ ထားသည့်**ဇေဘေဒေ**၏ သား**ယာကုပ်**နှင့် သူ၏ညီ
**ယောဟန်**။**အန္ဒြူး**၊**ဖိလစ်**၊**ဘာသိုလိုမေဦး**၊**သောမတ်**၊
**အာလ်ဖေဦး**သား**ယာကုပ်**၊**သာဒေဦး**၊**ကာနန်**နယ်သား
၁၉။ **စီမုန်**နှင့် ကိုယ်တော်ကို သစ္စာဖောက်သူ **ဂျူဒအီစ
ကာရုဒ်**တို့ ဖြစ်ကြသတည်း။

## သခင်ယေရှုနှင့်ဘဲလ်ဇေဘုလ်
## (မာ ၁၂:၂၂-၃၂၊ လု ၁၁:၁၄-၂၃/၁၂:၁၀)

၂၀။ ကိုယ်တော်သည် အိမ်သို့ပြန်လာတော်မူသောအခါ
လူများသည်လည်း တစ်ဖန် စုဝေးလာကြသဖြင့်
ကိုယ်တော်နှင့် တပည့်တော်တို့သည် အစာကိုပင်
၂၁။ မစားနိုင်ကြချေ။ လူများက ကိုယ်တော်သည် စိတ်
ဖောက်ပြန်နေသည်[၇]ဟု ဆိုကြသောကြောင့် ကိုယ်
တော်၏ဆွေမျိုးများသည် ကိုယ်တော့်ကို ထိန်းချုပ်

[၄] (၃:၁၅) သူတို့ဟောပြောသောတရားသည် ဟုတ်မှန်ကြောင်းကို လူတို့၌ ယုံကြည်လောက်သော သက်သေဖြစ်စေခြင်းငှာ တန်ခိုးအံ့ဘွယ်ရာများကို ပြနိုင်သော အခွင့်အာဏာကိုပေးတော်မူသည်။

[၅] (၃:၁၆) မာ (၁၆:၁၈)

[၆] (၃:၁၇) "ဘိုနာဂျေ"ဟူသည် ဟေဘရူးဘာသာစကားဖြစ်ပြီး အဓိပ္ပာယ်မှာ တရားဒေသနာဟောခြင်း၌ ပြင်းထန်သောစိတ်အားထက်သန်တက်ကြွမှုရှိခြင်းကိုဆိုလိုသည်။

၂၂။ ရန်သွားကြ၏။ **ဂျေရုဆလင်မြို့**မှလာသော ကျမ်း
တတ်ဆရာတို့ကလည်း သူသည် **ဘဲလ်ဇေဘုလ်**
ပူးဝင်ခြင်းခံရသဖြင့် ထိုနတ်ဆိုးမင်းကိုအမှီပြုလျက်
နတ်ဆိုးများကိုနှင်ထုတ်ခြင်းဖြစ်သည်ဟု ဆိုကြ၏။
၂၃။ ကိုယ်တော်သည်ကား၊ သူတို့ကို အထံတော်သို့
ခေါ်တော်မူ၍ ပုံဥပမာများခိုင်းနှိုင်းလျက် မိန့်တော်
မူသည်ကား၊ စာတန်သည် စာတန်ကို မည်သို့နှင်
၂၄။ ထုတ်နိုင်မည်နည်း။ တိုင်းနိုင်ငံတစ်ခု၌ မိမိနိုင်ငံ
အတွင်း အချင်းချင်း ဆန့်ကျင်ကွဲပြားလျှင် ထိုနိုင်ငံ
၂၅။ သည် မတည်တံ့နိုင်ချေ။ အိမ်တစ်အိမ်၌ မိမိအချင်း
ချင်း ဆန့်ကျင် ကွဲပြားနေကြလျှင် ထိုအိမ်သည်
၂၆။ မတည်တံ့နိုင်ရာ။ စာတန်သည်လည်း မိမိကိုယ်မိမိ
ဆန့်ကျင်ရန်ဘက်ပြု၍ ကွဲပြားနေလျှင် သူသည်
မတည်မြဲနိုင်ချေ။ သူသည် ဆုံးခန်းကိုရောက်လိမ့်
၂၇။ မည်။ ခွန်အားကြီးသူတစ်ဦးကို ပထမဦးစွာ ချည်
နှောင်ထိန်းချုပ်ခြင်း မရှိဘဲ၊ သူ၏အိမ်အတွင်းသို့
ဝင်၍ သူပိုင်ဆိုင်သောဥစ္စာပစ္စည်းများကို မည်သူမျှ
မလုယူနိုင်။ သူ့ကိုချည်နှောင်ထိန်းချုပ်ပြီးမှသာ သူ
၂၈။ ၏ အိမ်ကိုဝင်ရောက်လုယူနိုင်လိမ့်မည်။[၈] သင်တို့
အား ငါအမှန်ဆိုသည်ကား၊ လူတို့သည် မိမိတို့
ကျူးလွန်သောအပြစ်များနှင့် ဘုရားသခင်ကို ထိ
ခိုက်ပြစ်မှားမိသောအပြစ်များအတွက် အပြစ်လွှတ်
၂၉။ ခြင်းခံရလိမ့်မည်။ သို့သော် သန့်ရှင်းသောဝိညာဉ်
တော်ဘုရားကို ထိခိုက်ပြစ်မှားသောအပြစ်[၉]ကျူးလွန်
သူသည် မည်သည့်အခါမျှ အပြစ်အခွင့်ချမ်းသာရ
လိမ့်မည်မဟုတ်။ ထိုသူသည် ထာဝရအပြစ်ဒဏ်
၃၀။ ကိုခံထိုက်သူဖြစ်၏[၁၀]ဟုမိန့်တော်မူ၏။ အကြောင်း
မူကား၊ ထိုသူတို့က ကိုယ်တော်၌ ညစ်ညူးသော
နတ်ဆိုးရှိသည်ဟု ဆိုကြသောကြောင့်ဖြစ်၏။[၁၁]

## သခင်ယေရှု၏ဆွေတော်မျိုးတော်များ
## (မာ၁၂း၄၆–၅၀၊ လု ၈း၁၉–၂၁)

၃၁။ ထိုအခါ ကိုယ်တော်၏မယ်တော်နှင့်ညီအစ်ကိုများ[၁၂]
သည် လာရောက်၍ အပြင်မှာရပ်နေကြပြီး၊ ကိုယ်
၃၂။ တော့်ကိုခေါ်စေခြင်းငှာ လူစေလွှတ်ကြ၏။ လူအစု
အဝေးသည် ကိုယ်တော်၏ထံတော်ပါးတွင် ဝိုင်း
လျက်ထိုင်နေကြသည်ဖြစ်၍၊ သူတို့က ကိုယ်တော်
၏မယ်တော်နှင့် ညီအစ်ကိုတို့သည် ကိုယ်တော့်ကို
တွေ့လိုသဖြင့် အပြင်မှာ ရပ်နေကြပါသည်ဟု
၃၃။ လျှောက်ကြ၏။ ကိုယ်တော်က ငါ၏အမိ၊ ငါ၏
ညီအစ်ကိုများကား မည်သူတို့နည်းဟု မေးတော်မူ
၃၄။ ၏။ ထို့နောက် မိမိအနီးတွင် ဝိုင်းရံလျက်ထိုင်နေ
ကြသောသူများကို ကြည့်တော်မူလျက် ဤသူတို့
သည်ကား ငါ၏အမိနှင့်ညီအစ်ကိုများပေတည်း။
၃၅။ ဘုရားသခင်၏အလိုတော်ကို ဆောင်ရွက်သောသူ
ဟူသမျှသည် ငါ၏ညီအစ်ကို၊ ငါ၏နှမ၊ ငါ၏
အမိတို့ဖြစ်ကြသတည်းဟု မိန့်တော်မူ၏။

## အခန်းကြီး (၄)
## မျိုးကြဲသူ၏ ပုံဥပမာ
## (မာ ၁၃း၁–၂၃၊ လု ၈း၄–၁၅)

၁။ တစ်ဖန် ကိုယ်တော်သည် ဂါလီလေအိုင်ကမ်းခြေ၌
ဟော ပြောသွန်သင်တော်မူ၏။ အလွန်ကြီးမားသော
လူအစုအဝေးကြီးသည် အထံတော်၌လာရောက်စုဝေး
ကြသဖြင့် ကိုယ်တော်သည် ရေပြင်ပေါ်ရှိ လှေတစ်
စီးပေါ်သို့ ထိုင်တော်မူ၏။ လူအစုအဝေး မူကား၊
၂။ ကမ်းပါးပေါ်တွင်ရှိနေကြ၏။ ကိုယ်တော်သည်များ
စွာသော အကြောင်းအရာတို့ကို ပုံဥပမာခိုင်းနှိုင်း၍
သူတို့အားသွန်သင်တော်မူ၏။ ထိုသို့သွန်သင်တော်

---

[၇] (၃း၂၁) ကိုယ်တော်၏ဆွေမျိုးတို့တွင် အချို့တို့သည် ကိုယ်တော်၌ယုံကြည်မှုမရှိသေးချေ။ လောကီသားတို့သည် ဘုရားတရားအမှု၌ အစွဲအလမ်းကြီးသူတို့ကို စိတ်နောက်သူများဟု ယူဆလေ့ရှိကြ၏။ ထို့အတူ သခင်ယေရှုကို လည်း ဆွေမျိုးတို့က စိတ်နောက်သည်ဟု ထင်မှတ်ကြ၏။

[၈] (၃း၂၇) မာ (၁၂း၂၉)

[၉] (၃း၂၉) သန့်ရှင်းသောဝိညာဉ်တော်ကို ထိခိုက်သောအပြစ်ဟူမူကား၊ ဘုရားသခင်၏စစ်မှန်သောအယူဝါဒကို ကောင်းစွာသိမြင်လျက်၊ မှားသောအယူဝါဒနှင့်မိစ္ဆာအယူဝါဒများ၌ လက်ခံကျင့်သုံးနေသူကို ဆိုလိုသည်။

[၁၀] (၃း၂၉) ဤကျမ်းချက်အရ ငရဲအိုးငယ်ရှိရာ၏။ အကြောင်းမူကား၊ ပေါ့သောအပြစ်ဒဏ်နှင့်အခွင့်လွှတ်ပြီးသော ပြစ်ကြီးများနှင့်ဆိုင်ရာ ကျန်သောဒဏ်များကိုခံရသောအရပ်ရှိသေး၏။

[၁၁] (၃း၃၀) သူတို့သည် ကိုယ်တော်၌ကောင်းမြတ်ခြင်းကိုသိမြင်လျက်နှင့် မကောင်းဟုဆိုကြခြင်း။ ကိုယ်တော်၌ဘုရားတန်ခိုးအသုံးပြုလျက် လုပ်ဆောင်မှုကို နတ်ဆိုးအတတ်နှင့်ပြုလုပ်သည်ဟုဆိုကြခြင်းများကြောင့် သန့်ရှင်းသောဝိညာဉ်တော်ကို ပြစ်မှားရာရောက်၏။

[၁၂] (၃း၃၁) မာ (၁၂း၄၆၊ လု ၈း၁၉)

မူရာတွင် ကိုယ်တော်က သူတို့အားမိန့်တော်မူသည်
၃။ မှာ။ နားထောင်ကြလော့။ မျိုးစေ့ကြဲသောသူတစ်
ယောက်သည် မျိုးစေ့ကြဲရန် ထွက်သွားလေ၏။
၄။ သူသည် မျိုးစေ့များကြဲသောအခါ အချို့မျိုးစေ့တို့
သည် လမ်းဘေးတစ်လျှောက်တွင် ကျသဖြင့် ငှက်
၅။ များသည်လာ၍စားကြ၏။ အချို့မျိုးစေ့တို့သည် မြေ
ဆီလွှာပါးသော ကျောက်ခံမြေပေါ်တွင်ကျသဖြင့်
မြေတိမ်သောကြောင့် အပင်များ လျင်မြန်စွာပေါက်
၆။ လာကြ၏။ သို့သော်လည်း အပင်တို့သည် အမြစ်
မတွယ်သောကြောင့် နေပူသောအခါ ညှိုးနွမ်းသွေ့
၇။ ခြောက်သွားကြလေ၏။အခြားသော မျိုးစေ့တို့သည်
ဆူးခြုံများအကြားတွင် ကျသဖြင့် ဆူးပင်တို့ကြီး
ထွားလာသောအခါ အပင်ငယ်တို့ကိုလွှမ်းမိုးဖုံးပိတ်
ထားသောကြောင့် ယင်းတို့သည် အသီးမသီးနိုင်ကြ
၈။ ချေ။ အချို့သော မျိုးစေ့တို့သည်ကား ကောင်းသော
မြေပေါ်တွင်ကျသဖြင့်အပင်များပေါက်လာသောအခါ
၊ ကောင်းစွာအသီးဖြစ်ထွန်း၍ အဆသုံးဆယ်အဆ
ခြောက်ဆယ်၊ အဆတစ်ရာ အသီးသီး ရရှိကြ၏။
၉။ ကြားခြင်းငှာ နားရှိသော သူသည်ကြားပါစေဟု
ကိုယ်တော်မိန့်တော်မူ၏။

## ပုံဥပမာများ ခိုင်းနှိုင်းရခြင်း၏ရည်ရွယ်ချက်
## (မာ ၁၃း၁၀–၁၇၊ လု ၈း၉–၁၀)

၁၀။ ကိုယ်တော်သည် တစ်ပါးတည်ရှိတော်မူသောအခါ၊
တပည့်တော်တစ်ဆယ့်နှစ်ပါးနှင့်အနားမှာရှိသော သူ
တို့က ပုံဥပမာစကားများအကြောင်းကို ကိုယ်တော်
၁၁။ အားမေးလျှောက်ကြ၏။ကိုယ်တော်ကလည်းသူတို့အား
မိန့်တော်မူသည်ကား၊ သင်တို့သည် ကောင်းကင်
နိုင်ငံတော်၏လျှို့ဝှက်နက်နဲသောအကြောင်းအရာမျာ
းကိုသိရသော အခွင့်ကိုရကြ၏။သို့သော်အပြင်မှာရှိ
သော သူတို့[1]အတွက်မူကား၊ ခပ်သိမ်းသောအရာတို့
ကို ပုံဥပမာအားဖြင့်သာသိရသော အခွင့်ကိုပေးထား
၁၂။ ပေးထား၏။ဤသို့ဖြစ်ရခြင်းမှာသူတို့သည် အကျင့်
ပြောင်းလဲ၍၊ အပြစ်လွှတ်ခွင့်ချမ်း သာရမည်ကို
စိုးရိမ်ကြသောကြောင့်ကြည့်သော်လည်းမသိမမြင်ကြ၊
ကြားသော်လည်းနားလည် သဘောပေါက်ကြမည်မ
ဟုတ်ဟု မိန့်တော်မူ၏။

## မျိုးစေ့ကြဲသော သူ၏ပုံဥပမာ
## (မာ ၁၃း၁၈–၂၃၊ လု ၈း၁၁–၁၅)

၁၃။ ကိုယ်တော်က သူတို့အား မိန့်တော်မူသည်ကား၊
သင်တို့သည် ဤပုံဥပမာကိုနားမလည်ကြသလော၊
သို့ဖြစ်လျှင် သင်တို့သည် ပုံဥပမာအားလုံးကို မည်
၁၄။ သို့နားလည်နိုင် ကြမည်နည်း။ မျိုးစေ့ကြဲသောသူ
၁၅။ သည် နှုတ်ကပတ်တော်ကို ကြဲလေ၏။ လမ်းပေါ်
တွင် ကျသောမျိုးစေ့တို့သည်ကား၊ ဤသူများပေ
တည်း။ နှုတ်ကပတ်တော် မျိုးစေ့ကိုကြဲသောအခါ၊
သူတို့သည် ကြားနာရသော်လည်း စာတန်သည်
ချက်ခြင်းလာ၍၊ နှုတ်ကပတ်တော်ကို သူတို့၏စိတ်
နှလုံးထဲမှနှုတ်ယူသွားခြင်း ခံရသူများဖြစ်ကြ၏။
၁၆။ ထိုနည်းတူစွာပင် ကျောက်ခံမြေပေါ်တွင် ကျသော
မျိုးစေ့တို့သည်ကား၊ ဤသူများပေတည်း။ သူတို့
သည် နှုတ်ကပတ်တော်ကို ကြားနာရသောအခါ
ချက်ခြင်းပင် ဝမ်းမြောက်ဝမ်းသာခံယူကြ၏။
၁၇။ သို့သော် နှုတ်ကတော်သည် သူတို့၌အမြစ်မတွယ်
သောကြောင့် ခေတ္တခဏသာတည်ရှိ၏။သူတို့သည်
နှုတ်ကပတ်တရားတော်အတွက် ညှင်းပန်းနှိပ်စက်
ခြင်းခံကြရသောအခါ ချက်ခြင်းပင် တရားတော်ကို
၁၈။ စွန့်ပစ်တတ်သူများဖြစ်ကြ၏။ဆူးခြုံတို့အလယ် တွင်
ကျရောက်သော မျိုးစေ့တို့သည်ကား၊ ဤသူ
များပေတည်း။ သူတို့သည် နှုတ်ကပတ်ကို ကြားခဲ့
၁၉။ ကြ၏။ သို့သော်လောကီရေးရာများ၌ စိုးရိမ်ကြောင့်
ကြခြင်း၊ချမ်းသာကြွယ်ဝခြင်း၌နှစ်သက်ပျော်မွေ့ခြင်း
နှင့် အခြားသောအရာများကို စွဲလန်းတပ်မက်
ခြင်းတို့သည် နှုတ်ကပတ်တော်ကို လွှမ်းမိုးဝိုင်းရံ
ထားသောကြောင့် မည်သို့မျှ မသီးမပွင့်နိုင်သောသူ
၂၀။ များဖြစ်ကြ၏။ ကောင်းသောမြေပေါ်မှာ ကျရောက်
သောမျိုးစေ့များသည်ကားဤသူများပေတည်း။သူတို့
သည် နှုတ်ကပတ်တော်ကိုကြားနာ၍ ခံယူကြသဖြင့်
သူတို့၌အဆသုံးဆယ်၊အဆခြောက်ဆယ်၊ အဆတစ်
ရာတိုးပွားအောင်အသီးသီးကြသောသူ
များဖြစ်ကြ၏ ဟု မိန့်တော်မူ၏။

[1] (၄း၁၁) ပြင်ပဆိုရာ၌ ခရစ်တော်၏တရားကိုမယုံကြည်သောသူ၊ ကိုယ်တော်၏စကားကိုနားမထောင်သောသူ၊ ကိုယ်တော်နှင့်မိတ်ဆွေမဖွဲ့သောသူများကို ဆိုလိုသည်။

## ဆီမီးခွက်၏ပုံဥပမာ

## (မာ ၅း၁၅၊ ၁၀း၂၆၊ လု ၈း၁၆–၁၈)

၂၁။ ထို့နောက် ကိုယ်တော်သည် သူတို့အားမိန့်တော်မူ
သည်ကား၊ ဆီမီးကိုထွန်း၍ တောင်းဇလားအောက်
၌လည်းကောင်း၊ အိပ်ရာအောက်၌ လည်းကောင်း
ထားလေ့ ရှိကြသလော။ မီးတင်ခုံပေါ်မှာ တင်ထား
၂၂။ ရသည်မဟုတ်လော။[၂] အကြောင်းမူကား၊ ထုတ်
ဖော်ပြရန်အတွက် ဝှက်ကွယ်ထားသောအရာ ဟူ၍
မရှိ၊ အလင်း၌ထင်ရှားစေရန်အတွက် လျှို့ဝှက်ထား
၂၃။ သောအရာဟူ၍လည်းမရှိ။[၃] ကြားခြင်းငှာနားရှိသော
၂၄။ သူသည် ကြားပါစေဟုမိန့်တော်မူ၏။ ထို့နောက်
ကိုယ်တော်က သင်တို့ ကြားနာရသည့်အရာကို
သတိပြုကြလော့။ သင်တို့ချိန်တွယ်တိုင်းတာ၍ပေး
သောပမာဏအတိုင်း ချိန်တွယ်တိုင်းတာ၍ သင်တို့
ပြန်ရကြလိမ့်မည်။ပိုမို၍သင်တို့အားပေးလိမ့်မည်။[၄]
၂၅။ အကြောင်းမူကား၊ ရှိသောသူအားထပ်မံ၍ ပေးလိမ့်
မည်။ မရှိသောသူထံမှမူကား ရှိသမျှကိုပင်သိမ်းယူ
သွားလိမ့်မည်ဟု မိန့်တော်မူ၏။[၅]

## မျိုးစေ့ကြီးထွားပုံ၏ ပုံဥပမာ

၂၆။ တစ်ဖန် ကိုယ်တော်မိန့်တော်မူသည်ကား၊ ဘုရား
သခင်၏ နိုင်ငံတော်သည် မြေပေါ်၌ လူတစ်ဦး၏
၂၇။ မျိုးစေ့ကြဲသည်နှင့်တူ၏။[၆] သူသည် မျိုးစေ့ကိုကြဲပြီး
နောက်၊နေ့ညမပြတ်အိပ်ပျော်သည့်အခါ၌ဖြစ်စေ၊ နိုး
နေသည့်အခါ၌ဖြစ်စေမျိုးစေ့သည်အပင်ပေါက်လျက်
မည်ကဲ့သို့ ကြီးထွားနေလာသည်ကို သူမသိပေ။
၂၈။ အကြောင်းမူကား၊ မြေကြီးသည် အလိုအလျောက်[၇]
သီးပွင့်စေတတ်၏။ ပထမဦးစွာ အညွှောက်၊ ထို့
နောက်အနှံ၊ ထို့နောက်အနှံအောင် အဆန်ကိုဖြစ်စေ
၂၉။ တတ်၏။ အသီးများ မှည့်၍ ရိတ်သိမ်းချိန်ရောက်
သောအခါ ချက်ခြင်းတံစဉ်နှင့် ရိတ်တတ်သည်ဟု
မိန့်တော်မူ၏။

## မုံညှင်းစေ့၏ပုံဥပမာ

## (မာ ၁၃း၃၁–၃၂၊ လု ၁၃း၁၈–၁၉)

၃၀။ တစ်ဖန် ကိုယ်တော်က မိန့်တော်မူသည်မှာ၊ ဘုရား
သခင်၏ နိုင်ငံတော်ကို မည်သည့်အရာနှင့်ငါတို့ပုံ
ခိုင်းနှိုင်းရမည်နည်း။ သို့မဟုတ် မည်သည်ပုံဥပမာ
၃၁။ အားဖြင့် ဖော်ပြရမည်နည်း။ ဘုရားသခင်၏နိုင်ငံ
တော်သည် မုံညှင်းစေ့နှင့်တူ၏၊ မုံညှင်းစေ့သည်
မြေတွင် စိုက်ပျိုးစဉ်အခါက ကမ္ဘာမြေပြင်ပေါ်၌
ရှိသော အစေတကာတို့တွင် အသေးငယ်ဆုံးသော
၃၂။ မျိုးစေ့ဖြစ်၏။[၈] သို့သော်လည်း အပင်ပေါက်ပြီး၍
ကြီးထွားလာသောအခါ၊ဟင်းသီးဟင်းရွက်ပင်အားလုံး
တို့တွင်အကြီးဆုံးဖြစ်လာ၏။ကြီးသောအကိုင်းအခက်
များ ထွက်လာသဖြင့် မိုးကောင်းကင် ငှက်တို့သည်
၃၃။ ယင်း၏အရိပ်တွင် အသိုက်များပြုလုပ်နေထိုင်
ကြ၏။ကိုယ်တော်သည် ထိုသူတို့နားထောင်တတ်

[၂] (၄း၂၁) သင်တို့၌ ငါ၏နှုတ်ကပတ်တရားတော်သည်မထွန်းလင်းဘဲမနေရာ၊ ဝှက်ကွယ်ထိန်ချန်၍လည်း မထားရ။ ဆီမီးသည် အလင်းကိုဖြစ်စေတတ်သကဲ့သို့ ငါ၏တရားသည်လည်း ဒုစရိုက်အမိုက်မှောင်ကို လွင့်ပျောက်စေတတ်၏။ ထို့ကြောင့် သင်တို့သည် အရပ်ရပ်တို့၌ ငါ၏နှုတ်ကပတ်တော်ကို တိုးပွားစေရမည်။

[၃] (၄း၂၂) ယခု မထင်မရှားရှိ၍ လျစ်လျူရှုခြင်း၊ မခန့်မညားပြုခြင်းခံရသော ကိုယ်တော်၏တရားတော်သည် တစ်နေ့သ၌ ပညာနှင့်ပြည့်စုံကြောင်းကို သိရှိသောအခါ ချီးမွမ်းကြလိမ့်မည်။

[၄] (၄း၂၄) သင်တို့အား ငါပြောသောစကားကို သင်တို့၌ ပြည့်စုံစေမည့်အကြောင်းနှင့် သူတစ်ပါးတို့အားလည်း သိစေမည့်အကြောင်းတို့ကို သင်တို့ နှလုံးသွင်းကြလော့။ အကြောင်းမူကား၊ သင်တို့သည် ငါ၏တရားကိုကျင့် သဖြင့် သူတစ်ပါးကိုလည်း သိစေလျှင် ဘုရားသခင်သည် သင်တို့အား အလင်းနှင့်ကျေးဇူးကိုပေးသနားတော်မူလိမ့်မည်။

[၅] (၄း၂၅) (မာ ၁၃း၁၂, ၂၅–၂၉၊ လု ၈း၁၈,၁၉း၂၆)

[၆] (၄း၂၆) မျိုးစေ့ကြဲသောသူသည် ခရစ္စတူးမှစ၍၊ ကိုယ်တော်၏နှုတ်ကပတ်တရားတော်ကို ဟောသောသူကိုဆိုလို၏။ မျိုးစေ့သည်တရားတော်၊ မြေကြီးသည်ကား လူဖြစ်၏။ စပါးရိတ်ချိန်ကား၊ နောက်ဆုံးသောစီရင်စစ်ကြောခြင်းဖြစ်သည်ဟု ဆိုလိုသည်။

[၇] (၄း၂၈) မျိုးစေ့သည် စိုက်ပျိုးသောသူ၏ကူညီလုပ်ဆောင်မှုမပါဘဲ၊ ရိတ်ချိန်တိုင်အောင်အလိုအလျောက်ပေါက်ပွားကြီးထွားလာသကဲ့သို့ အသင်းတော်သည်လည်း နောက်ဆုံးသောစီရင်စစ်ကြောခြင်းနေ့တိုင်အောင် တိတ်တဆိတ် တိုးပွားမှန်းမသိဘဲတိုးပွားလျက်ရှိ၏။ အသင်းတော်၌ဖြစ်သကဲ့သို့ ဘာသာတူ အသီးသီး၌လည်း ဘုရားသခင်၏နိုင်ငံတော်သည် ထိုကဲ့သို့ဖြစ်၏။ ဟောပြောတော်မူသော နှုတ်ကပတ်တော်သည် လူတို့၏စိတ်ကို အဓမ္မအပြုဘဲ၊ အလိုအလျောက်တိုးပွားစေ၍ တစ်ဦးစီ၏ လက်ခံကျင့်သုံးဆောက်တည်မှု အခြေအနေအပေါ်မူတည်ပြီး ဖြစ်ထွန်းလာသောသီးနှံများသည် ရိတ်သိမ်းခြင်း ခံရလိမ့်မည်။

[၈] (၄း၃၁) (မာ ၁၃း၃၁၊ လု ၁၃း၁၉)

သည့်ပုံဥပမာများကိုအသုံးပြု၍သူတို့အားနှုတ်ကပတ်
၃၄။ တရားတော်ကိုဟောပြောတော်မူ၏။ ကိုယ်တော်
သည်ပုံဥပမာမပါဘဲ၊ ဟောပြောတော်မမူ။ သို့သော်
ကိုယ်တော်သည်အကြောင်းအရာအားလုံးကို တပည့်
တော်တို့အား သီးခြားရှင်းလင်းဖော်ပြတော်မူ၏။

## လေမုန်တိုင်းကို ငြိမ်သက်စေတော်မူခြင်း
## (မာ ၈း၂၃-၂၇၊ လု ၈း၂၂-၂၅)

၃၅။ ထို့နေ့ ညနေအချိန်ရောက်သောအခါ၊ ကိုယ်တော်က
တပည့်တော်တို့အား တစ်ဖက်ကမ်းသို့ ကူးကြစို့ဟု
၃၆။ မိန့်တော်မူ၏။ တပည့်တော်တို့သည်လည်း လူအစု
အဝေးကိုထားခဲ့၍၊ လှေပေါ်တွင် ရောက်ရှိနှင့်သော
ကိုယ်တော်နှင့်အတူ ထွက်ခွာကြ၏။ အခြားသော
လှေများသည်လည်း ကိုယ်တော်နှင့်အတူ လိုက်ပါ
၃၇။ လာကြ၏။[၉]ထိုအခိုက်တွင် ရုတ်တရက်မုန်တိုင်း
ကျရောက်သဖြင့် လှိုင်းတံပိုးခတ်သောကြောင့် လှေ
၃၈။ သည်ရေပြည့်လုမတတ်ရှိလေ၏။ ကိုယ်တော်မူ
ကား၊လေ၏ ပဲ့ပိုင်း၌ခုံပေါ်တွင်ကျိန်းစက်နေတော်မူ
၏။တပည့်တော်တို့သည်ကိုယ်တော့်ကို နှိုးကြလျက်
ဆရာသခင်၊တပည့်တော်တို့ ပျက်စီးခြင်းသို့ရောက်
မည်ကို သတိမပြုတော်မူပါသလောဟု လျှောက်ကြ
၃၉။ ၏။ကိုယ်တော်သည်ထတော်မူ၍၊ လေကိုငေါက်
ငန်းတော်မူလျက်ပင်လယ်ကိုလည်း ငြိမ်သက်လော့
ဟုအမိန့်ပေးတော်မူလျှင်လေတိုက် ခတ်ခြင်းရပ်တန့်
ပြီး၊ အလွန်တိတ်ဆိတ်ငြိမ်သက်ခြင်းသို့ရောက်လေ
၄၀။ ၏။ကိုယ်တော်ကသင်တို့သည် အဘယ်ကြောင့်
ကြောက်ရွံ့ကြသနည်း။သင်တို့၌ယုံကြည်ခြင်းမရှိသ
လောဟု တပည့်တော်တို့အားမေးတော်မူ၏။
၄၁။ မေးတော်မူ၏။ထိုအခါ သူတို့သည် အံ့သြတုန်
လှုပ်ကြလျက်ဤသူကား၊မည်သူဖြစ်သနည်း။လေနှင့်
လှိုင်းတံပိုးများပင်လျှင် သူ၏အမိန့်ကို နာခံကြရပါ
သည်တကားဟု အချင်းချင်းပြောဆိုကြ၏။

## အခန်းကြီး (၅)
## ဂျေရာဇင်နယ်၌နတ်ဆိုးများကိုနှင်ထုတ်တော်မူခြင်း
## (မာ ၈း၂၈-၃၄၊ လု ၈း၂၆-၃၉)

၁။ သူတို့သည် ဂါလိလေအိုင်တစ်ဘက်ကမ်းတွင်ရှိသော
၂။ **ဂျာရစင်**နယ်သို့ ရောက်ကြ၏။ ကိုယ်တော်သည်
လှေပေါ်မှ ကမ်းပေါ်သို့ တက်တော်မူသော အခါ၊
ညစ်ညူးသော နတ်ဆိုးစီးခြင်းခံနေရသည့်လူတစ်ဦး
သည် သင်္ချိုင်းဂူများကြားမှ ထွက်လာ၍ ကိုယ်
၃။ တော်နှင့်ဆုံလေ၏။ထိုသူသည်သင်္ချိုင်းဂူများအကြား
တွင် နေထိုင်၏။ မည်သူမျှ သူ့ကိုသံကြိုးနှင့်ချည်
၄။ နှောင်၍မထားနိုင်ချေ။အကြောင်းမူကား၊ သူ့ကိုခြေ
ကျဉ်းများ၊ သံကြိုးများဖြင့်အကြိမ်ကြိမ် ချည်နှောင်
ကြသော်လည်း သူသည် သံကြိုးများကို ဖြတ်၍၊
ခြေကျဉ်းများကို ကျိုးပဲ့စေသောကြောင့် မည်သူမျှ
သူ့ကိုထိန်းချုပ်နိုင်စွမ်းမရှိကြချေ။
၅။ သူသည်သင်္ချိုင်းဂူများအကြားနှင့် တောင်ကုန်းများ
ပေါ်တွင် နေ့ညမပြတ် အော်ဟစ်နေလျက် ကျောက်
၆။ တုံးများဖြင့် မိမိကိုယ်ကို အနာတရဖြစ်စေ၏။ ထို
သူသည်သခင်**ယေရှူး**ကို အဝေးမှလည်းမြင် အခါ၊
အထံတော်သို့ ပြေးသွား၍ ရှေ့တော်၌ပျပ်ဝပ်လျက်၊
၇။ အမြင့်ဆုံးသောဘုရားသခင်၏သားတော် **ယေရှူး**၊
ကိုယ်တော်သည် ကျွန်ုပ်ကိုမည်သို့ပြုပါမည်နည်း။
ကျွန်ုပ်ကို ညှင်းဆဲတော်မမူပါနှင့်။ဘုရားသခင်၏
နာမတော်ကို အမှီပြု၍ အသနားခံပါသည် ဟု
ကျယ်လောင်သော အသံဖြင့် အော်ဟစ်တောင်း
၈။ လျှောက်လေ၏။ အကြောင်းမူကား၊ ကိုယ်တော်က
ညစ်ညူးသောနတ်ဆိုး ဤလူ့ထံမှထွက်ခွာလော့ဟု
သူ့အား အမိန့်ပေးတော်မူသောကြောင့်တည်း။
၉။ သခင်**ယေရှူး**က သင်၏အမည်ကား၊မည်သူနည်းဟု
သူ့ကိုမေးတော်မူလျှင် သူက ကျွန်ုပ်၏အမည်မှာ
**လေဂျင်**[၁]ဖြစ်ပါသည်။အကြောင်းမူကား၊ ကျွန်ုပ်တို့
သည် အရေအတွက်များသောကြောင့် ဖြစ်ပါသည်
၁၀။ ဟုပြန်ဖြေလေ၏။ ထို့နောက် မိမိတို့ကို ဤဒေသ မှ
နှင်ထုတ်တော်မမူပါမည့်အကြောင်း ကိုယ်တော်
၁၁။ အား အတန်တန် တောင်းပန်လေ၏။ ထိုအရပ်၌
ဝက်အုပ်ကြီး တစ်အုပ်သည် တောင်ကုန်းပေါ်တွင်
၁၂။ အစာစားလျက် ရှိ၏။ညစ်ညူးသော နတ်ဆိုးတို့က
ကျွန်ုပ်တို့ကို ဝက်များထဲသို့ ဝင်ရောက်ရန်စေလွှတ်

---

[၉] (၄း၃၆) (မာ ၈း၂၃၊ လု ၈း၂၂)

[၁] (၅း၉) လေဂျင်ဟူသည်မှာ ရောမစစ်တပ်တစ်တပ်ကို ဆိုလိုသည်ဟု ရောမစစ်တပ်တစ်တပ်လျှင် လူပေါင်းခြောက်ထောင်ရှိ၏။ ဤကျမ်းချက်၌ အရေအတွက် ပိုင်းခြားခြင်းကိုမဆိုလို။ များပြားခြင်းကိုသာဆိုလိုသည်။ တစ်ဦးစီ၏နှလုံးထဲ၌ထောင်သောင်းမကသော ဆိုးညစ်သည့်စိတ်အကြံအစည် နှင့် အလိုဆန္ဒများရှိတတ်ကြသဖြင့် လူတစ်ဦးအတွင်း၌ ထိုမျှလောက်များပြား သော နတ်ဆိုးများလည်း အလွယ်တကူဝင်ရောက်နိုင်မည်မှာ အမှန်ပင် ဖြစ်သည်။

၅

၁၃။ တော်မူပါဟု တောင်းပန်ကြ၏။ ကိုယ်တော်သည်
လည်း သူတို့ကိုခွင့်ပြုတော်မူ၏။ ညစ်ညူးသော
နတ်ဆိုးများသည် ထွက်လာကြ၍၊ ဝက်များထဲသို့
ဝင်ကြသဖြင့် အကောင်ရေ နှစ်ထောင်ခန့်ရှိသော
ဝက်အုပ်သည် ချောက်ကမ်းပါးအတိုင်း ပင်လယ်
အတွင်းသို့ တဟုန်ထိုးပြေးဆင်းလျက် ရေတွင်နစ်
၁၄။ မြုပ်သေဆုံးကြကုန်၏။ ဝက်ကျောင်းသောသူတို့
သည် ထွက်သွားကြ၍၊ မြို့တွင်း၌လည်းကောင်း၊
ပတ်ဝန်းကျင် အရပ်ဒေသ၌ လည်းကောင်း။ ဤ
အကြောင်းကို ပြောကြားကြသဖြင့် လူများသည်ဖြစ်
၁၅။ ပျက်သမျှကို သိမြင်ခြင်းငှာလာကြ၏။ သူတို့သည်
**ယေရှု**ထံတော်သို့ ရောက်သောအခါ၊ နတ်ဆိုးများ
စွာ စီးခြင်းခံရသူသည် အဝတ်ကိုဝတ်လျက် မှုမှန်
သော ပကတိစိတ်နှင့် ထိုင်လျက်နေသည်ကို တွေ့
၁၆။ မြင်ကြသဖြင့် အလွန်ကြောက်ရွံ့ကြ၏။ ထိုဖြစ်
ရပ်ကို ကိုယ်တိုင်မြင်တွေ့လိုက်ရသော သူများက
နတ်ဆိုးစီးသောသူနှင့် ဝက်များ၌ဖြစ်ပျက်ခဲ့သော
အကြောင်းအရာတို့ကို သူတို့အား ပြောပြကြ၏။
၁၇။ ထို့ကြောင့် မိမိတို့ဒေသမှ ထွက်ခွာသွားတော်မူရန်
သူတို့သည် ကိုယ်တော့်ကို တောင်းပန်ကြ၏။
၁၈။ ကိုယ်တော်သည် လှေပေါ်သို့တက်တော်မူစဉ် နတ်
ဆိုးစီးခြင်းခံခဲ့ရသူက ကိုယ်တော်နှင့် လိုက်ပါနှင့်ပြု
၁၉။ ပါမည့်အကြောင်း တောင်းပန်လေ၏။ သို့သော်
ကိုယ်တော်သည် သူ့ကိုခွင့်ပြုတော်မမူပေ။ သင်၏
အိမ်သို့သွား၍ ဘုရားသခင်သည် သင့်အတွက်
မည်သို့ ပြုတော်မူကြောင်းကိုလည်းကောင်း၊ ကိုယ်
တော်သည် မည်ကဲ့သို့သင့်အပေါ် သနားကရုဏာ
တော်ထားရှိတော်မူကြောင်း ကိုလည်းကောင်း သင်
၏ဆွေမျိုးတို့အား ပြောကြားလောဟု မိန့်တော်မူ
၂၀။ ၏။ ထိုသူသည် ထွက်ခွာ၍၊ မိမိအတွက် **ယေရှု**
သည် မည်မျှပြုတော်မူကြောင်းကို **ဒေကာပိုလစ်**[၂]
နယ်တွင် စတင်ကြေငြာပြောဆိုသဖြင့် လူအပေါင်း
တို့သည် အံ့ဩခြင်းရှိကြ၏။

## ဂျိုင်ရု၏သမီးကိုပြန်ရှင်စေ၍ သွေးသွန်သော အမျိုးသမီးကိုပျောက်ကင်းစေခြင်း
## (မာ ၉း၁၈–၂၆၊ လု ၈း၄၀–၅၆)

၂ (၅း၂၀) (မာ ၄း၂၆)

၅

၂၁။ သခင်**ယေရှု**သည် အိုင်တစ်ဘက်ကမ်းသို့ လှေဖြင့်
တစ်ဖန် ကူးတော်မူသောအခါ၊ များစွာသောလူအစု
အဝေးတို့သည် အထံတော်သို့ စုရုံးလာကြ၏။
၂၂။ ကိုယ်တော်သည် ကမ်းနားတွင်ရှိတော်မူစဉ်။ **ဂျဲရု**
အမည်ရှိသော တရားဇရပ်မှူးတစ်ဦးသည် အထံ
တော်သို့ ရောက်လာ၏။ သူသည် ကိုယ်တော့်ကို
၂၃။ မြင်သောအခါ၊ ခြေရင်းတော်၌ပျပ်ဝပ်လျက်၊ ကျွန်
တော်၏ သမီးငယ်သည် သေလုနီးပါးဖြစ်နေပါ
သည်။ ကိုယ်တော်ကြွလာတော်မူ၍၊ သူမအပေါ်၌
လက်တော်ကို တင်တော်မူလျှင် သူမသည်ပျောက်
ကင်းချမ်းသာရ၍ အသက်ရှင်ပါလိမ့်မည်ဟု အသ
၂၄။ နားခံလျှောက်ထားလေ၏။ကိုယ်တော်သည် ထိုသူ
နှင့်အတူ လိုက်ပါသွားတော်မူ၏။ များစွာသောလူ
အစုအဝေးသည်လည်း ကိုယ်တော်၏နောက်တော်
သို့လိုက်ကြသဖြင့် ကိုယ်တော်၏အနားတွင်တိုးဝှေ့
၂၅။ ပြည့်ကျပ်နေကြ၏။ ထိုအရပ်၌ တစ်ဆယ်နှစ်နှစ်
ပတ်လုံး သွေးသွန်နာစွဲကပ်နေသော အမျိုးသမီး
၂၆။ တစ်ယောက်ရှိ၏။ သူမသည် များစွာသော ဆေး
ဆရာတို့၏ကုသမှုတွင် ပြင်းထန်စွာဝေဒနာခံခဲ့ရ၍
မိမိ၌ရှိသမျှဥစ္စာပစ္စည်းကုန်ခဲ့သော်လည်း သက်သာ
ရာမရသည့်အပြင် ဝေဒနာသည်ပို၍ ဆိုးရွားလာခဲ့
၂၇။ ၏။သူမသည် သခင်**ယေရှု**၏အကြောင်းကိုကြားသိ
ရသောအခါ လူအစုအဝေးထဲသို့ဝင်၍ ကိုယ်တော်
၂၈။ ၏ဝတ်လုံတော်ကို တို့လေ၏။ အကြောင်းမူကား၊
သူမကငါသည် ကိုယ်တော်၏ဝတ်လုံတော်ကိုသာ
ထိရပါလျှင် ရောဂါပျောက်ကင်းချမ်းသာရလိမ့်မည်
ဟု မိမိစိတ်ထဲတွင် ယုံကြည် ပြောဆိုသောကြောင့်
၂၉။ ဖြစ်၏။ကိုယ်တော်၏ဝတ်လုံတော်ကို တို့ထိသည်
နှင့်တစ်ပြိုင်နက် သူမ၏ သွေးသွန်ခြင်းသည် ရပ်
ဆိုင်းသွား၍၊ သူမ၏ ခန္ဓာကိုယ်၌ ဝေဒနာပျောက်
၃၀။ ကင်းသွားသည်ကို ခံစားရလေ၏။ သခင်**ယေရှု**
သည် မိမိထံမှတန်ခိုးတော်ထွက်သွားသည်ကို သိ
တော်မူ၍ လူအစုအဝေးတို့ဘက်သို့ ချက်ချင်းလှည့်
တော်မူပြီးမှ ငါ၏ ဝတ်လုံတော်များကို မည်သူ
၃၁။ တို့ထိသနည်း[၃]ဟု မေးတော်မူ၏။ ထိုအခါ တပည့်
တော်တို့ကလည်း လူအစုအဝေးသည် ကိုယ်တော့် ကို

၃ (၅း၃၀) ထိုအမျိုးသမီးသည် ယေရှု၏ဝတ်လုံတော်ကို ကြီးမားသော ယုံကြည်ခြင်းနှင့်တို့ထိလိုက်သည်နှင့်တပြိုင်နက် ပျောက်ကင်းချမ်းသာရလေ ၏။ ကိုယ်တော်သည် မိမိကိုယ်မှတန်ခိုးထွက်ကြောင်းကို သိတော်မူသော် လည်း

ဝိုင်းရံတိုးဝှေ့နေသည်ကို သိတော်မူပါလျက် ငါ့ကို
မည်သူတို့ထိသနည်းဟု မေးပါသလောဟူ၍
၃၂။ လျှောက်ထားကြ၏။ သို့သော် ကိုယ်တော်သည်
မိမိကို မည်သူ တို့ထိကြောင်းသိရန် ပတ်လည်သို့
၃၃။ လှည့်ကြည့်တော်၏။ထိုအမျိုးသမီးသည် မိမိ၌ဖြစ်
ပျက်သမျှကိုသိသောကြောင့် ကြောက်ရွံ့တုန်လှုပ်
လျက် ခြေတော်ရင်းတွင်ပျပ်ဝပ်၍ ဖြစ်ရပ်မှန်ကို
၃၄။ အကုန်စင် လျှောက်ထားလေ၏။ ကိုယ်တော်က
လည်း သမီး၊ သင်၏ယုံကြည်ခြင်းသည် သင့်ကို
ပျောက်ကင်းချမ်းသာစေပြီ။ စိတ်ချမ်းသာစွာသွား
လော့။ သင်၏ရောဂါပျောက်ကင်းစေဟု သူမအား
၃၅။ မိန့်တော်မူ၏။[၄] ထိုသို့ကိုယ်တော်မိန့်တော်မူစဉ်တွင်
တရားဇရပ်မှူး၏အိမ်မှ လူအချို့ ရောက်လာကြ၍၊
သင်၏သမီးသေပြီ။အဘယ်ကြောင့် ဆရာသခင်ကို
ဒုက္ခထပ်မံပေးမည်နည်းဟု ဆိုကြ၏။
၃၆။ သခင်**ယေရှု**မူကား၊ ဤစကားကိုကြားသောအခါ၊
မစိုးရိမ်နှင့်။ယုံကြည်ခြင်းသာရှိလော့ဟုတရားဇရပ်မှူး
၃၇။ အားမိန့်တော်မူ၏။ ထို့နောက် ကိုယ်တော်သည်
**ပေတရု**၊**ယာကုပ်**နှင့် **ယာကုပ်**၏ **ညီယောဟန်**တို့မှ
တစ်ပါးမည်သူ့ကိုမျှ မိမိနှင့်အတူ လိုက်ခွင့်ပြုတော်
၃၈။ မမူဘဲ တရားဇရပ်မှူးအိမ်သို့သွားလေ၏။ သူတို့
သည် တရားဇရပ်မှူး၏အိမ်သို့ရောက်ကြသောအခါ၊
လူများ ရုတ်ရုတ်သဲသဲဖြစ်လျက် ကျယ်လောင်စွာ
အော်ဟစ်ငိုကြွေးနေသည်ကို ကိုယ်တော်မြင်ယောင်
၃၉။ တော်မူ၏။ကိုယ်တော်သည်အိမ်ထဲသို့ဝင်တော်မူ၍၊
သင်တို့သည် အဘယ့်ကြောင့် ရုတ်ရုတ်သဲသဲဖြစ်
လျက်ငိုကြွေးနေကြသနည်း။သူငယ်မ သေသည်မ
ဟုတ်။ အိပ်ပျော်လျက်သာ ရှိသည်ဟုသူတို့အား
၄၀။ မိန့်တော်မူ၏။ထိုအခါ သူတို့သည် ကိုယ်တော့်ကို
ပြောင်လှောင်ရယ်မောကြ၏။သို့သော် ကိုယ်တော်
သည် သူတို့အားလုံးတို့ကို အပြင်သို့ ထွက်စေပြီးမှ
သူငယ်မ၏မိဘတို့ကို မိမိနှင့်ပါလာသောသူများနှင့်
အတူခေါ်တော်မူ၍ သူငယ်မကို ထားသောအခန်းထဲ
၄၁။ သို့ဝင်တော်မူ၏။ ထို့နောက် ကိုယ်တော်သည်
သူငယ်မ၏ လက်ကိုဆုပ်ကိုင်လျက် **တာလိသာကွမ်**
ဟုမိန့်တော်မူ၏။ အဓိပ္ပါယ်ကား၊သူငယ်မ ထလော့၊
သင်အား ငါအမိန့်ရှိသည်ဟု ဆိုလိုသတည်း။
၄၂။ သူငယ်မသည်ချက်ခြင်းထ၍လမ်းလျှောက်လေ၏။အ
ကြောင်းမူကား၊ သူမသည် အသက်တစ်ဆယ့်နှစ်နှစ်
ရှိပြီဖြစ်၏။ သူတို့သည်လည်း အလွန်အံ့သြကြ၏။
၄၃။ ကိုယ်တော်က ဤအကြောင်းကို မည်သူ့မျှ မသိစေ
ရမည့်အကြောင်း သူတို့အား တင်းကျပ်စွာတားမြစ်
တော်မူ၍၊ သူငယ်မကို စားစရာတစ်စုံတစ်ခု
ပေးစေခြင်းငှာ မိန့်တော်မူ၏။

## အခန်းကြီး (၆)

## သခင်ယေရှုကို နာဇရက်မြို့က လက်မခံခြင်း

## (မာ ၁၃း၅၃-၅၈၊ လု ၄း၁၆-၃၀)

၁။ ကိုယ်တော်သည် ထိုအရပ်မှထွက်ခွာတော်မူ၍၊ မိမိ
နေရင်းမြို့သို့ကြွလာတော်မူ၏။[၁]တပည့်တော်တို့သည်
လည်း ကိုယ်တော်၏နောက်တော်မှလိုက်ပါလာကြ၏
၂။ ဥပုသ်နေ့၌ကိုယ်တော်သည်တရားဇရပ်တွင်ဟောပြော
သွန်သင်တော်မူ၏။များစွာသောသူတို့သည်ကိုယ်တော်
၏သွန်သင်ချက်ကို ကြားကြသောအခါ အလွန်အံ့သြ
ကြ၏။သူသည်ဤပညာအားလုံးစုံကို အဘယ်ကရသ
နည်း။သူရရှိထားသော ဉာဏ်ပညာသည်မည်သည့်အ
ရာဖြစ်သနည်း။သူ၏လက်ဖြင့်တန်ခိုးအံ့ဘွယ်ရာများကို
၃။ မည်ကဲ့သို့ပြုနိုင်သနည်း။သူသည် လက်သမားသား၊
**မာရိယာ**၏သားဖြစ်၍ **ယာကုပ်**၊ **ဂျိုဇက်**၊ **ဂျုဒ**နှင့်
**စီမုန်**တို့၏အစ်ကိုမဟုတ်လော။ သူ၏ နှမများသည်
လည်း ဤအရပ်မှာ ငါတို့နှင့်အတူ ရှိကြသည်
မဟုတ်လောဟု ဆိုကြ၍ သူတို့သည်ကိုယ်တော့်ကို
၄။ လက်မခံကြချေ။ သခင်**ယေရှု**ကလည်း ပရောဖက်
သည် မိမိမြို့၊ မိမိအိမ်နှင့်မိမိဆွေမျိုးရှိရာမှတစ်ပါး
အခြားအရပ်၌ ဂုဏ်သရေရှိ၏ဟုသူတို့အားမိန့်တော်
၅။ မူ၏။ကိုယ်တော်သည် မကျန်းမာသောသူ အနည်း
ငယ်တို့အပေါ်တွင် လက်တော်ကိုတင်၍ ပျောက်
ကင်း ချမ်းသာစေခြင်းမှတစ်ပါး မည်သည့်တန်ခိုး
၆။ လက္ခဏာကိုမျှ ထိုအရပ်၌ ပြတော်မမူ။[၂] ကိုယ်
တော်သည် ထိုသူတို့၏ ယုံကြည်ခြင်း ကင်းမဲ့မှုကို
အံ့သြတော်မူ၏။

---

ပရိသတ်ရှေ့တွင် ထိုအမျိုးသမီး၏ကြီးမားသောယုံကြည်ခြင်းကို ထုတ်ဖော်ပြစေပြီး ပုံတူယူစေလိုတော်မူသောကြောင့် သူမနှင့်စကားပြောတော်မူ၏။

[၄] (၅း၃၄) (လု ၇း၅၀, ၈း၄၈)

[၁] (၆း၁) ကာပါနာအုမ်မြို့မှ နာဇရက်မြို့သို့ခရီးပြုတော်မူ၏။ (မာ ၁၃း၅၄၊ လု၄း၁၆)

## တပည့်တော်ဆယ့်နှစ်ပါးကိုစေလွှတ်တော်မူခြင်း
## (မာ ၁၀း၅–၁၅၊ လု ၉း၁–၆)

ထို့ကြောင့် ကိုယ်တော်သည် အနီးအနားတွင်ရှိသော
၇။ ရွာများတွင် လှည့်လည်သွန်သင်တော်မူ၏။ ကိုယ်
တော်သည် တပည့်တော်၏ တစ်ဆယ့်နှစ်ပါးတို့ကို
အထံတော်သို့ခေါ်တော်မူ၍၊ သူတို့ကိုနှစ်ပါးစီ စေ
လွှတ်တော်မူလျက် ညစ်ညူးသော နတ်ဆိုးတို့ကို
နှင်ထုတ်နိုင်သော အခွင့်အာဏာကိုလည်း သူတို့
၈။ အား အပ်နှင်းတော်မူ၏။ ထို့ပြင် ကိုယ်တော်က
လမ်းခရီးအတွက် တောင်ဝှေးမှလွဲ၍ မည်သည့်
အရာကိုမျှ သင်တို့ယူဆောင်မသွားကြနှင့်။ စားစရာ
လွယ်အိတ်၊ ခါးပိုက်ဆောင်အိတ်၌ ငွေကြေးစသည်
၉။ တို့ကို ယူဆောင်မသွားကြနှင့်။ ဖိနပ်ကိုစီးကြလော့၊
အင်္ကျီကိုမူကား၊ နှစ်ထပ်မဝတ်ကြနှင့်ဟု မိန့်မှာ
၁၀။ တော်မူ၏။ တစ်ဖန် သူတို့အား ကိုယ်တော်မိန့်
တော်မူသည်ကား၊ မည်သည့်အရပ်တွင်မဆို အိမ်
တစ်အိမ်သို့ သင်တို့ဝင်ကြသောအခါ ထိုအရပ်မှ
ထွက်ခွာမသွားမီတိုင်အောင် ထိုအိမ်မှာနေကြလော။
၁၁။ သင်တို့ကို လက်မခံဘဲ၊ သင်တို့၏ စကားကို
နားထောင်ရန် ငြင်းဆန်သောသူတို့ရှိလျှင်သူတို့ထံ မှ
ထွက်ခွာသောအခါ သူတို့အတွက် ဆန့်ကျင်
ဘက်ဖြစ်ကြောင်း သက်သေပြခြင်းငှာ သင်တို့
ခြေမှမြေမှုန့်ကို ခါပစ်ကြလော့ဟု မိန့်တော်မူ၏။
၁၂။ တပည့်တော်တို့သည် ထွက်သွားကြ၍၊ လူများ
နောင်တတရားရစေခြင်းငှာ ဟောပြောကြ၏။
၁၃။ သူတို့သည် များစွာသောနတ်ဆိုးများကို နှင်ထုတ်
ကြ၍၊ မကျန်းမာသူများစွာကိုလည်း ဆီနှင့်[၃]လူးကြ
သဖြင့် ပျောက်ကင်းချမ်းသာရစေကြ၏။

## ယောဟန်ဗတ္တိဇံခေါင်းဖြတ်သတ်ခံရခြင်း
## (မာ ၁၄း၁–၁၂၊ လု ၉း၇–၉)

၁၄။ သခင်**ယေရှု**၏ သတင်းတော်သည် ကျော်ကြားလာ
သဖြင့် **ဟေရုဒ်**မင်းသည် ဤအကြောင်း ကိုကြား
လေ၏။အချို့တို့က **ယောဟန်ဗတ္တိဇံ**သည် သေရာ
မှပြန်ရှင်လေပြီ။ ထို့ကြောင့် သူသည် တန်ခိုးများ
၁၅။ ကို ပြနိုင်သည်ဟု ဆိုကြ၏။ အချို့တို့ကလည်း
ဤသူသည် ပရောဖက် **ဧလိယ**ဖြစ်သည်[၄]ဟုဆိုကြ
၏။ အချို့တို့ကမူကား၊ ရှေးကာလက ပရောဖက်
များကဲ့သို့ သူသည် ပရောဖက်တစ်ပါးဖြစ်သည်ဟု
၁၆။ ဆိုကြ၏။ ထိုအကြောင်းကို **ဟေရုဒ်**မင်း ကြားလျှင်
ဤသူသည် ငါခေါင်းဖြတ်သတ်စေခဲ့သော **ယော
ဟန်**ဖြစ်၏။ သူသည် သေရာမှ ပြန်ရှင်လေပြီဟုဆို
၁၇။ ၏။အကြောင်းမူကား၊ **ဟေရုဒ်**သည် မိမိညီဖြစ်သူ
**ဖိလစ်**၏ဇနီး **ဟေရုဒိယ**ကို သိမ်းပိုက်ထားသည့်
အတွက် **ယောဟန်**ကို ဖမ်းဆီးကာ ထောင်သွင်း
၁၈။ အကျဉ်းချလေ၏။ အဘယ်ကြောင့်ဆိုသော် ယော
ဟန်က မင်းကြီးသည် မိမိညီ၏ဇနီးကိုသိမ်းယူ
မပေါင်းသင်းအပ်ဟု သူ့အားဆိုခဲ့သောကြောင့် ဖြစ်
၁၉။ ၏။ **ဟေရုဒိယ**သည်လည်း **ယောဟန်**ကို ရန်ငြိုး
ထား၍၊ သူ့ကို အသေသတ်ခြင်းငှာ အလိုရှိသော်
၂၀။ လည်း မတတ်နိုင်။ အကြောင်းမူကား၊ ယောဟန်
သည် ဖြောင့်မတ် သန့်ရှင်းသော သူဖြစ်သည်ကို
**ဟေရုဒ်**သိသောကြောင့် သူ့ကို ကြောက်ရွံ့သဖြင့်
လုံခြုံစွာစောင့်ရှောက်ထားလေ၏။ **ဟေရုဒ်**သည်
ယောဟန်၏ ဟောပြောသွန်သင်ချက်များကို ကြား
နာသည့်အခါတိုင်း အလွန် စိတ်မငြိမ်မသက်ဖြစ်
သော်လည်း အားရဝမ်းသာဖြင့် သူ့စကားကိုနား
၂၁။ ထောင်တတ်၏။ **ဟေရုဒ်**သည် မိမိမွေးနေ့၌ မှူး
မတ်များ၊ စစ်သူကြီးများနှင့် **ဂါလိလေ**ပြည်မှခေါင်း
ဆောင်များကို ညစာ တည်ခင်းကျွေးမွေးသောအခါ
**ဟေရုဒိယ** အတွက် အခါအခွင့် သင့်လာလေ၏။
၂၂။ **ဟေရုဒိယ**၏ သမီးသည် ထိုညစာစားပွဲတွင် ဝင်
ရောက်လာ၍ အကဖြင့်ဖျော်ဖြေလျှင် **ဟေရုဒ်**မင်း နှင့်
ဧည့်သည်များ၏ စိတ်ကို ကြည်နူးအားရစေ သဖြင့်
ဘုရင်က သူငယ်မအား သင်အလိုရှိရာကို
တောင်းလော့။ သင့်အား ငါပေးမည်ဟု ဆိုလေ၏။
၂၃။ တစ်ဖန် သူကငါ၏နိုင်ငံတစ်ဝက်ကိုပင်သင်တောင်း
လျှင် သင့်အား ငါပေးမည်ဟု ကျိန်ဆို၍ပြောလေ

[၂] (၆း၅) ထိုသူတို့သည် ယုံကြည်ခြင်းမရှိကြသောကြောင့် တန်ခိုးပြခြင်းသို့ ရောက်စေလိုသော်လည်း လူသည် မိမိကိုယ်တိုင် ကြိုးစားလိုက်ကျင့်မှုမရှိလျှင် ဘုရားသခင်ဘက်မှ တစ်စုံတစ်ခုကိုမျှ ပြုတော်မမူဘဲ နေလိမ့်မည်။

[၃] (၆း၁၃) ဆီနှင့်လိမ်းခြင်းအားဖြင့် အကြောအခြင်ပြေ၍၊ ကိုယ်လက်ကျန်းမာခြင်းရှိသကဲ့သို့ သခင်ယေရှု၏ကျေးဇူးတော်သည် လူတို့ဝိညာဉ်၌ ပြုပြင်တတ်သော အကျိုးကိုပေးသည်။

[၄] (၆း၁၅) ဧလိယဖြစ်၏။ ဧလိယသည် မသေသေး။ (၃ဓမ္မ ၂း၁၁) သူသည် လာဦးမည်။ (မာလခိ ၃း၂၃)

၂၄။ ၏။ ထိုအခါ သူငယ်မသည်ထွက်သွား၍ သူမ၏
မိခင်ဖြစ်သူအား ကျွန်မသည် မည်သည့်အရာကို
တောင်းခံရမည်နည်းဟု မေးလျှင် သူမ၏မိခင်က
**ယောဟန်ဘတ္တိဇံ**ခေါင်းကို တောင်းလော့ဟု ဆို၏။
၂၅။ သူငယ်မသည် ချက်ချင်းပင် ဘုရင့်ရှေ့တော်သို့
အလျင်အမြန်ဝင်၍ **ယောဟန်ဘတ္တိဇံ**၏ ဦးခေါင်း
ကိုလင်ပန်းတွင်ထည့်၍ ချက်ချင်း ကျွန်မအား ပေး
၂၆။ စေလိုပါသည်ဟု တောင်းလျှောက်လေ၏။ မင်းကြီး
သည် အလွန်ဝမ်းနည်းသော်လည်း မိမိကျိန်ဆိုထား
သောစကားနှင့် မိမိ၏ ဧည့်သည်တော်များကြောင့်
သူမအား ပေးထားသောကတိကို မပယ်ဖျက်လိုချေ။
၂၇။ သို့ဖြစ်၍ ဘုရင်သည် **ယောဟန်**ကို ဦးခေါင်းကို
ယူလာရန် ကိုယ်ရံတော်တပ်သားတစ်ဦးကို ချက်
ချင်းစေလွှတ်လိုက်၏။ ထိုသူသည် အကျဉ်းထောင်
သို့သွား၍ **ယောဟန်**၏ ဦးခေါင်းကို ဖြတ်လေ၏။
၂၈။ ထို့နောက် သူ၏ဦးခေါင်းကို လင်ပန်းတွင်ထည့်၍
ယူလာသဖြင့် သူငယ်မအား ပေးလေ၏။ သူငယ်မ
၂၉။ သည်လည်းသူမ၏ မိခင်အားပေးလေ၏။**ယောဟန်**
၏တပည့်များသည် ဤသတင်းကို ကြားသောအခါ၊
လာကြ၍ သူ၏အလောင်းကို ယူပြီးလျှင် သင်္ချိုင်း
တွင်းတစ်ခု၌ သင်္ဂြိုဟ်ကြလေ၏။

## လူငါးထောင်ကို ကျွေးမွေးတော်မူခြင်း
## (မာ ၁၄:၁၃-၂၁၊ လု ၉:၁၀-၁၇၊ ယော ၆:၁-၁၅)

၃၀။ တမန်တော်တို့သည် သခင်**ယေရှု**ထံသို့ပြန်လာကြ
၍၊မိမိတို့ပြုခဲ့သမျှနှင့်ဟောပြောသွန်သင်ခဲ့သမျှတို့ကို
၃၁။ ကိုယ်တော်အား လျှောက်ထားကြ၏။ ကိုယ်တော်
ကလည်း လူသူဆိတ်ငြိမ်ရာတောအရပ်သို့လာကြ၍
ခေတ္တအနားယူကြလော့ဟု သူတို့အား မိန့်တော်မူ
၏။ အကြောင်းမူကား၊ များစွာသော လူတို့သည်
သွားလာလျက်ရှိကြသောကြောင့် တပည့်တော်တို့
သည် အစာစားရန်ပင် အချိန်မရကြချေ။
၃၂။ ထို့ကြောင့် သူတို့သည် လူသူဆိတ်ငြိမ်ရာအရပ်သို့
၃၃။ လှေဖြင့်ထွက်ခွာသွားကြ၏။ သူတို့ထွက်ခွာသွားကြ
သည်ကို လူအများက မြင်ကြလျှင် သူတို့ဖြစ်မှန်း
သိကြသောကြောင့် မြို့၊ ရွာရှိသမျှကိုအလျင်အမြန်
ခြေလျင် လျှောက်လာကြရာ ထိုသူတို့သည် တပည့်
တော်တို့ထက် အလျင်ဦးစွာ ရောက်နှင့်ကြလေ၏။
၃၄။ ကိုယ်တော်သည် ကမ်းပေါ်သို့ တက်တော်မူသော
အခါ၊ များစွာသော လူအစုအဝေးကို မြင်တော်မူ
သဖြင့် သူတို့အပေါ်မှာ သနားကရုဏာသက်တော်
မူ၏။ အဘယ့်ကြောင့်ဆိုသော်၊ သူတို့သည် သိုး
ထိန်းမဲ့သော သိုးများကဲ့သို့ဖြစ်နေကြသောကြောင့်
တည်း။ ထို့နောက် ကိုယ်တော်သည်စတင်၍ များ
စွာသော အကြောင်းအရာများကို သူတို့အား သွန်
၃၅။ သင်တော်မူ၏။ ညနေစောင်းသောအခါ၊ တပည့်
တော်တို့သည် အထံတော်သို့ချဉ်းကပ်၍ ဤအရပ်
သည် လူသူကင်းဝေးသော အရပ်ဖြစ်၍ အချိန်
၃၆။ လည်း နှောင်းပါပြီ။ လူတို့သည် ကျေးရွာများသို့
သွား၍ မိမိတို့အတွက် စားစရာတစ်စုံတစ်ခု ဝယ်
ယူရန် သူတို့ကို စေလွှတ်တော်မူပါဟု လျှောက်ကြ
၃၇။ ၏။ သို့သော် ကိုယ်တော်က ဤသူတို့အား စားရန်
တစ်စုံတစ်ခုကို သင်တို့ပေးကြလော့ဟု တပည့်တော်
တို့အားမိန့်တော်မူ၏။ ထိုအခါ တပည့် တော်တို့က
ကျွန်ုပ်တို့သည်သွား၍ ဒေနာရီနှစ်ရာ ဖိုးမျှ
ပေါင်မုန့်ကိုဝယ်၍ ဤသူများကိုကျွေးရပါမည်
၃၈။ လောဟု မေးလျှောက်ကြ၏။ ကိုယ်တော်ကလည်း
သင်တို့၌ ပေါင်မုန့်ဘယ်နှစ်လုံးရှိသနည်း။ သွား၍
ကြည့်ကြလောဟု မိန့်တော်မူ၏။ သူတို့သည်သွား ၍
ကြည့်ကြပြီးမှ မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်ရှိပါ
၃၉။ သည်ဟုလျှောက်ကြ၏။ ထိုအခါ ကိုယ်တော်က
လူအားလုံးကို မြက်ခင်းပေါ်တွင် အစုလိုက်ထိုင်စေ
၄၀။ ရန် တပည့်တော်တို့အား မိန့်တော်မူ၏။ ထိုသူတို့
သည် အစုလိုက်တစ်ရာစီ၊ ငါးဆယ်စီထိုင်ကြ၏။
၄၁။ ကိုယ်တော်သည် မုန့်ငါးလုံးနှင့်ငါးနှစ်ကောင်ကို ယူ
တော်မူ၍ ကောင်းကင်သို့မျှော်ကြည့်တော်မူလျက်
ကောင်းကြီးပေးတော်မူ၏။ ထို့နောက် မုန့်များကိုဖဲ့
တော်မူ၍ တပည့်တော်တို့အား ပေးတော်မူလျက်
လူအများရှေ့မှာ တည်ခင်းစေတော်မူ၏။ ထိုနည်း တူ
ကိုယ်တော်သည် ငါးနှစ်ကောင်ကိုလည်း သူ
၄၂။ တို့ အားလုံးအား ခွဲဝေပေးတော်မူ၏။ ရှိသမျှသော
၄၃။ လူအပေါင်းတို့သည် စား၍ဝကြလေ၏။ ထို့နောက်
တပည့်တော်တို့သည် ကြွင်းကျန်သောအကျိုးအပဲ့
များကို ကောက်သိမ်းကြရာ တစ်ဆယ့် နှစ်တောင်း
၄၄။ အပြည့်ရကြ၏။စားကြသောသူများသည် ယောကျ်ား
ဦးရေ ငါးထောင်ခန့်ရှိသတည်း။

## ရေပြင်ပေါ်တွင်ကိုယ်တော် လမ်းလျှောက်တော်မူခြင်း (မာ ၁၄:၂၂-၃၂၊ ယော ၆:၁၅-၂၁)

၄၅။ ထို့နောက် ကိုယ်တော်သည် လူအစုအဝေးတို့ကို
ပြန်လွှတ်တော်မူစဉ် မိမိတပည့်တော်တို့ကို ချက်
ချင်းပင် လှေပေါ်သို့တက်စေ၍ တစ်ဘက်ကမ်းရှိ
**ဘက်ဇိုင်ဒါ**မြို့သို့ မိမိရှေ့မှကြိုတင်သွားနှင့်စေတော်
၄၆။ မူ၏။ လူအစုအဝေးတို့ကို ပြန်စေတော်မူပြီးနောက်
ကိုယ်တော်သည် တောင်ပေါ်၌ ဆုတောင်းရန် ကြွ
၄၇။ သွားတော်မူ၏။ ညအချိန်ရောက်သော် တပည့်တော်
တို့၏ လှေသည် အိုင်အလယ်တွင် ရောက်ရှိနေပြီး
ကိုယ်တော်မူကား၊ ကုန်းပေါ်တွင် တစ်ပါးတည်းရှိ
၄၈။ နေတော်မူ၏။ လေမသင့်သောကြောင့် တပည့်
တော်တို့သည် ခက်ခဲစွာ လှော်ခပ်နေကြရသည်ကို
ကိုယ်တော်မြင်တော်မူ၏။ ညအချိန် စတုတ္ထယံ၌
ကိုယ်တော်သည် ရေပြင်ပေါ်တွင် လျှောက်လှမ်း
လျက် သူတို့ရှိရာသို့ ကြွလာတော်မူပြီးမှ သူတို့ကို
၄၉။ လွန်သွားဟန်ပြုတော်မူ၏။ သူတို့မှာမူကား၊ ရေပြင်
ပေါ်တွင် လျှောက်လှမ်းသွားသော ကိုယ်တော့်ကို
မြင်ကြလျှင် တစ္ဆေဖြစ်သည်ဟု ထင်မှတ်၍အော်ဟစ်
၅၀။ ကြ၏။ အကြောင်းမူကား၊ သူတို့အားလုံးသည်
ကိုယ်တော့်ကို မြင်ကြသောအခါ၊ ထိတ်လန့်
တုန်လှုပ်ခြင်းရှိကြ၏။ သို့သော် ကိုယ်တော်က
သူတို့အား သတ္တိရှိကြလော့။ ငါဖြစ်၏။ မကြောက်
၅၁။ ကြနှင့်ဟု ချက်ချင်းပင်မိန့်တော်မူ၏။ ထို့နောက်
ကိုယ်တော်သည် သူတို့ရှိရာလှေပေါ်သို့ တက်တော်
မူသောအခါ လေသည် ငြိမ်သက်သွားလေ၏။ သူ
တို့သည် အလွန်အံ့သြကြ၏။
၅၂။ အကြောင်းမူကား၊ သူတို့၏ စိတ်နှလုံးများသည်
ခိုင်မာကြသဖြင့် မုန့်များ၏ အကြောင်းကို သူတို့
နားမလည်ကြသောကြောင့် ဖြစ်သတည်း။[၅]

## ဂျေနာဇရက်တွင်မကျန်းမာသူတို့ကို ပျောက်ကင်း စေတော်မူခြင်း (မာ ၁၄း၃၄–၃၆)

၅၃။ ကိုယ်တော်နှင့် တပည့်တော်တို့သည်တစ်ဘက်ကမ်း
သို့ ကူးလာကြပြီးလျှင် **ဂျေနာဇရက်**တွင် ဆိုက်ကပ်
၅၄။ ကြ၏။ သူတို့ လှေပေါ်မှ တက်လာကြသောအခါ၊
လူများသည် ချက်ချင်းပင် ကိုယ်တော်ဖြစ်မှန်းသိကြ
၅၅။ သဖြင့်။ ပတ်ဝန်းကျင် တစ်ခုလုံးသို့ ပြေးကြလျက်၊
မကျန်းမာသူများကို အိပ်ရာနှင့်တကွ ကိုယ်တော်ရှိ
သည်ဟု ကြားသောအရပ်သို့ ခေါ်ဆောင်လာကြ၏။
၅၆။ ကိုယ်တော် ကြွဝင်တော်မူသောမြို့၊ ရွာဒေသတိုင်း
တွင် ဈေးလယ်၌ လူနာများကိုချထားကြ၍၊ ဝတ်ရုံ
တော်၏အနားစ အမြိတ်ကိုမျှသာ တို့ထိရပါမည့်
အကြောင်းတောင်းပန်ကြ၏။ တို့ထိသမျှသောသူ
တို့သည်လည်း ပျောက်ကင်းချမ်းသာရာ ရကြလေ
၏။

## အခန်းကြီး (၇)

## ရှေးထုံးစဉ်လာများ (မာ ၁၅း၁–၉)

၁။ **ဖာရီဇေဦး**တို့နှင့် **ဂျေရုဆလင်**မြို့မှ လာကြသော
ကျမ်းတတ်ဆရာ အချို့တို့သည် အထံတော်၌စုဝေး
၂။ ကြလျှင်။ ကိုယ်တော်၏ တပည့်တော်အချို့တို့သည်
ရေမဆေးဘဲ မသန့်စင်သောလက်ဖြင့် အစာစားနေ
၃။ ကြသည်ကိုမြင်ကြ၏။ အကြောင်းမူကား၊ **ဖာရီဇေဦး**
များနှင့် **ဂျူး**လူမျိုးတို့သည် ရှေးကလူကြီး သူမတို့
၏ထုံးထမ်းစဉ်လာကို လိုက်နာသောအားဖြင့်လက်မ
ဆေးဘဲ အစာကိုစားလေ့မရှိကြ။
၄။ ဈေးမှ ပြန်လာသောအခါတွင်လည်း မိမိကိုယ်ကို
သန့်စင်ခြင်းမပြုဘဲ၊ အစာစားလေ့မရှိကြ။ ထို့အပြင်
အိုးခွက်၊ ကြေးပန်းကန်စသည်တို့ကို ဆေးခြင်းနှင့်
သက်ဆိုင်သောအခြား ရှေးထုံးတမ်းစဉ် လာများစွာ
၅။ တို့ကိုလည်း သူတို့ လိုက်နာကျင့်သုံးကြ၏။ ထို့
ကြောင့် **ဖာရီဇေဦး** တို့နှင့် ကျမ်းတတ်ဆရာတို့က
ကိုယ်တော်၏ တပည့်တော်များသည် အဘယ်
ကြောင့် ရှေးကလူကြီးသူမတို့၏ ထုံးတမ်းစဉ်လာ
အတိုင်း မလိုက်နာကြဘဲ၊ မသန့်စင်သောလက်ဖြင့်
အစာစားကြပါသနည်းဟု ကိုယ်တော်အားမေး
၆။ လျှောက်ကြ၏။ ကိုယ်တော်က သူတို့အားပြန်ပြော
တော်မူသည်မှာ သူတော်ကောင်းယောင်ဆောင်သော
သင်တို့၏ အကြောင်းကို ရည်ညွှန်း၍၊ ပရောဖက်
**အီဇာယ**ဤကဲ့သို့ မှန်ကန်သင့်လျော်စွာ ဟောထား
ခဲ့၏။ ဤလူမျိုးသည် ငါ့ကိုနှုတ်ဖြင့်သာ ရိုသေချီး
မွမ်းကြ၏။ သူတို့၏စိတ်နှလုံးမူကား၊ ငါနှင့်ဝေးလှ
၇။ ပေ၏။ သူတို့သည် လူတို့၏ထုံးတမ်းစဉ်လာများ
ကိုအယူဝါဒများအဖြစ် သွန်သင်ကြပြီး၊ ငါ့အားဝတ်

[၅] (၆း၅၂) မုန့်၌ပြတော်မူသော တန်ခိုးတော်ဖြင့် ကိုယ်တော်သည် ခပ်သိမ်းသောအရာတို့ကို တတ်နိုင်တော်မူကြောင်းနှင့် ရေပေါ်မှာလည်း လမ်းလျှောက်နိုင်ကြောင်းတို့ကို သူတို့သိလျှင် မသိကြ။ စိတ်ဉာဏ်အလင်းမရသေး၍၊ ကိုယ်တော်၌အလုံးစုံကို တတ်နိုင်တော်မူသော တန်ခိုးတော်ရှိကြောင်းကို နားမလည်ကြချေ။

ပြုကိုးကွယ်ခြင်းကို အချည်းနှီးဖြစ်စေကြပြီ[၁] ဟူ၍
၈။ တည်း။ သင်တို့သည် ဘုရားသခင်၏ပညတ်တော်
ကို ပယ်ထားကြ၍ လူတို့၏ထုံးတမ်းစဉ်လာများကို
၉။ လိုက်နာကြ၏ဟု မိန့်တော်မူ၏။ တစ်ဖန်သူတို့အား
ကိုယ်တော်မိန့်တော်မူသည်ကား၊ သင်တို့သည်မိမိတို့
၏ထုံးတမ်းစဉ်လာများကိုလိုက်နာရန်အတွက်ဘုရား
သခင်၏ပညတ်တော်ကို လိမ်မာပါးနပ်စွာပယ်ထား
၁၀။ ကြပြီတကား။အကြောင်းမူကား၊ **မိုးဇက်**ကသင်၏အ
ဘနှင့် သင်၏အမိတို့အား ရိုသေမှုကိုပြုလော့။မိမိ၏
မိဘကို ကျိန်ဆိုသောသူသည် ဧကန်မုချသေထိုက်
၁၁။ ၏[၂] ဟုစီရင်ထားခဲ့၏။ သို့သော်သင်တို့ကတစ်စုံတစ်
ယောက်သည်မိမိအဘနှင့်အမိတို့အား သင်တို့ကျွန်ုပ်
ထံမှရယူမည့် ထောက်ပံ့ကူညီခြင်းသည် ကော်ဗန်
ဘုရားသခင်အတွက် လှူဒါန်းပြီးဖြစ်သည် ဟုဆို
၁၂။ လျှင်။[၃] ထိုသူသည် မိဘတို့အတွက် ပြုအပ်သောဝတ္တ
ရားကိုဆောင်ရွက်ရန်မလိုဟု သင်တို့သွန်သင်ကြ၏။
၁၃။ သင်တို့လက်ဆင့်ကမ်းပေးကြသော ရှေးထုံးစဉ်လာ
များဖြင့် သင်တို့သည် ဘုရားသခင်၏ပညတ်တော်
များကို အချည်းနှီးဖြစ်စေကြ၏။ ထို့နည်းတူ များ
စွာသော ဓလေ့ထုံးစံများကို သင်တို့ပြုကြ၏ဟု
မိန့်တော်မူ၏။

## လူကိုညစ်ညူးစေသောအရာများ
## (မာ ၁၅း၁၀–၂၀)

၁၄။ ကိုယ်တော်သည် လူအစုအဝေးတို့ကိုမိမိအထံတော်
သို့ခေါ်ဆောင်တော်မူ၍၊ သူတို့အားမိန့်တော်မူသည်
ကား၊ သင်တို့အား ငါ့ကိုနားထောင်၍ နားလည်သိ
၁၅။ မှတ်ကြလော့။ လူ၏ပြင်ပမှ သူ့ခန္ဓာကိုယ်အတွင်း
သို့ဝင်သောအရာသည် လူကို မညစ်ညူးစေနိုင်။
လူ၏အတွင်းမှ ထွက်လာသော အရာများသာလျှင်
၁၆။ လူကို ညစ်ညူးစေနိုင်၏။ ကြားခြင်းငှာ နားရှိသော
၁၇။ သူသည် ကြားပါစေဟု မိန့်တော်မူ၏။ ကိုယ်တော်
သည် လူအစုအဝေးထံမှ ထွက်ခွာ၍ အိမ်တွင်းသို့
ဝင်တော်မူသောအခါ၊ တပည့်တော်များကထိုပုံဥပမာ
၁၈။ စကားအကြောင်းကိုမေးမြန်းကြ၏။ ကိုယ်တော်က
သင်တို့သည်လည်း နားမလည်နိုင်ကြ သလော။
လူ၏ အပြင်ဘက်မှ သူ့ခန္ဓာကိုယ်အတွင်းသို့ဝင်
သမျှအရာသည် သူ့ကိုမညစ်ညူးစေကြောင်း သင်
၁၉။ တို့မသိမြင်ကြသလော။ အကြောင်းမှာ ဝင်လာသော
အရာသည် စိတ်နှလုံးထဲသို့ မဝင်ဘဲ၊ ဝမ်းထဲသို့
ဝင်၍ ပြင်ပသို့စွန့်ထုတ်ပစ်လိုက်သည် မဟုတ်လော
ဟုမိန့်တော်မူ၏။ (ဤသို့ဆိုခြင်းဖြင့် အစားအစာ
အားလုံးသည် သန့်ရှင်းသည်ဟု ကိုယ်တော် မိန့်
၂၀။ တော်၏။) တစ်ဖန် ကိုယ်တော်က လူ၏အတွင်းမှ
၂၁။ လာသမျှသည် သူ့ကိုညစ်ညူးစေ၏။ အကြောင်းမူ
ကား၊ လူအတွင်းရှိ စိတ်နှလုံးထဲမှ မကောင်းသော
အကြံအစည်များ၊ ကာမဂုဏ်ကျူးလွန်ခြင်း၊ သူတစ်
ပါးပစ္စည်းကို ခိုးယူခြင်း၊ လူ့အသက်ကို သတ်ခြင်း
၂၂။ သူ့တစ်ပါးသားမယားကို ပြစ်မှားခြင်း။ လောဘကြီး
ခြင်း၊ ဆိုးသွမ်းယုတ်မာခြင်း၊ လိမ်လည်လှည့်ဖြား
ခြင်း၊ ကိလေသာစိတ်ပြင်းပြခြင်း၊ မနာလိုခြင်း၊ သူ
တစ်ပါးအသရေကိုဖျက်ခြင်း၊ မာနထောင်လွှားခြင်း
နှင့် မိုက်မဲရူးသွပ်ခြင်း စသည်တို့ထွက်ပေါ်လာ၏။
၂၃။ မကောင်းသော ဤအရာအားလုံးသည်လူ၏အတွင်း
မှ ထွက်လာ၍ လူကိုညစ်ညူးစေ၏။

## ကာနန်အမျိုးသမီး၏ယုံကြည်ခြင်း
## (မာ ၂၅း၂၁–၂၈)

၂၄။ ကိုယ်တော်သည် ထိုအရပ်မှ ထွက်ခွာတော်မူ၍၊
**တိုင်ယာ** နှင့် **စီဒုံ**နယ်များသို့ ကြွတော်မူ၏။ ကိုယ်
တော်သည် အိမ်တစ်အိမ်သို့ ဝင်တော်မူ၍ မည်သူမျှ
မသိစေလိုသော်လည်း ပုန်းကွယ်ရန်မဖြစ်နိုင်ချေ။
၂၅။ အကြောင်းမူကား၊ ညစ်ညူးသော နတ်ဆိုးပူးနေ
သော သူငယ်မတစ်ဦး၏ မိခင်သည် ကိုယ်တော်၏
အကြောင်းကိုကြားလျှင် ချက်ချင်းလာ၍ ခြေတော်
၂၆။ ရင်း၌ပျပ်ဝပ်ရှိခိုးလေ၏။ ဤမိန်းမသည်ကား၊ **ဂရိ**
လူမျိုး **ဆီရိုဖေနိစိယ**အနွယ်ဝင်ဖြစ်၍ မိမိသမီးတွင်
ပူးနေသောနတ်ဆိုး နှင်ထုတ်ပေးပါရန် ကိုယ်တော်
၂၇။ အားတောင်းပန်လေ၏။ ကိုယ်တော်ကလည်း သား
သမီးများသည် အရင်ဦးစွာ ဝအောင် စားကြပါစေ။
သားသမီးတို့၏ အစားအစာကိုယူ၍ ခွေးအားချမ
၂၈။ ကျွေးသင့်ဟု သူမအား မိန့်တော်မူ၏။ သို့သော်

---

[၁] (၇း၇) အီဇာယ (၂၉း၁၃၊ မာ ၁၅း၃)

[၂] (၇း၁၀) (ထွက် ၂၀း၁၂၊ တရား ၅း၁၆)

[၃] (၇း၁၁) မိဘတို့ အိုမင်းမစွမ်းဖြစ်လာသောအခါ ကျွေးမွေးရန်ပေးလိုက်မည့် ဥစ္စာပစ္စည်းကို ဗိမာန်တော်သို့ လှူဒါန်းခြင်းအားဖြင့် မိဘတို့အတွက် အကျိုးရှိလိမ့်မည်ဟုဆို၏။

သူမက မှန်ပါ၏ အရှင်ဘုရား၊ သို့ရာတွင် စားပွဲ
အောက်မှ ခွေးတို့သည်လည်း သားသမီးတို့ထံမှ
မုန့်အစအနများကို စားကြရပါသေးသည်ဟုလျှောက်
၂၉။ လေ၏။ ထိုအခါ ကိုယ်တော်က သင်ဤသို့ဆို
သောကြောင့် အိမ်သို့ပြန်လော့။ နတ်ဆိုးသည်
သင့်သမီးထံမှ ထွက်ခွာသွားလေပြီဟု မိန့်တော်မူ
၃၀။ ၏။ သူမသည်လည်း မိမိအိမ်သို့ ပြန်သွားလျှင်
နတ်ဆိုးစွန့်ခွာထားခဲ့သော သူငယ်မကိုအိပ်ရာပေါ်မှာ
အိပ်လျက်တွေ့ရလေ၏။

## ဆွံ့အနားမကြားသူကို ပျောက်ကင်းချမ်းသာစေ တော်မူခြင်း (မာ ၁၅:၂၉-၃၁)

၃၁။ ထို့နောက်ကိုယ်တော်သည် **တိုင်ယာ**နယ်မှ ပြန်လာ
တော်မူရာ **ဆီဒုံ**နယ်နှင့် **ဒေကာပိုလစ်**နယ် အလယ်
ပိုင်းကိုဖြတ်သန်း၍ **ဂါလိလေ**အိုင်သို့ ကြွလာတော်
၃၂။ မူ၏။ ထိုအခါလူများသည်နားပင်း၍၊ စကားမပြော
နိုင်သောသူတစ်ဦးကို အထံတော်သို့ ခေါ်ဆောင်ခဲ့
ကြပြီး၊ သူ့အပေါ်၌ လက်တော်ကို တင်တော်မူပါ
မည့်အကြောင်း တောင်းပန်လျှောက်ထားကြ၏။
၃၃။ ကိုယ်တော်သည် သူ့ကို လူအစုအဝေးထဲမှ တစ်
ယောက်တည်း သီးခြား ခေါ်ဆောင်တော်မူပြီးလျှင်
မိမိလက်ချောင်းတော်ကို သူ၏နားထဲသို့သွင်းတော်
မူ၏။ တစ်ဖန် တံတွေးထွေးလျက် သူ၏လျှာကိုတို့
၃၄။ တော်မူ၏။ ထို့နောက် ကိုယ်တော်သည် ကောင်း
ကင်သို့ မျှော်ကြည့်၍၊ သက်ပြင်းချကာ **အက်ဖသ**
၃၅။ ဟု မိန့်တော်မူ၏။ အဓိပ္ပာယ်ကား ဖွင့်စေလော့ဟု
၃၆။ ဆိုလိုသတည်း။ ထိုခဏခြင်းတွင် ထိုသူသည်
နားပြန်ကြားနိုင်ပြီး နှုတ်လျှာ၏ အဟန့်အတားမှ
လွတ်မြောက်ကာ အခက်အခဲမရှိ စကားစပြော
လေသည်။ ယေဇူးက ဤအကြောင်းကို မည်သူ့ကိုမျှ
မပြောကြရန် သူတို့အား မိန့်မှာတော် မူ၏။
ကိုယ်တော် ဤသို့မိန့်မှာတော် မူသော်လည်း
လူတို့သည် ပို၍ စိတ်အားထက်သန်စွာ သတင်းကို
၃၇။ လွှင့်ကြလေ၏။ သူတို့သည်လည်း အတိုင်းမသိ
အံ့သြကြလျက် ကိုယ်တော်သည် အားလုံးစုံကို
ကောင်းမွန်စွာ ပြုတော်မူပြီ။ နားပင်းသော သူကို
နားကြားစေတော်မူ၍ ဆွံ့အသောသူကို စကားပြော
စေတော်မူ၏ဟုဆိုကြ၏။

## အခန်းကြီး (၈) လူလေးထောင်ကို ကျွေးမွေးတော်မူခြင်း (မာ ၁၅:၃၂-၃၉)

၁။ ထိုနေ့ရက်တို့၌ များစွာသောလူများသည် နောက်
တစ်ဖန်စုဝေးလာကြ၍ ထိုသူတို့၌ စားစရာမရှိသော
ကြောင့် ကိုယ်တော်သည် တပည့်တော်တို့ကို အထံ
တော်သို့ခေါ်ယူပြီးလျှင် သူတို့အား ဤသို့မိန့်တော်
၂။ မူ၏။ ဤလူအစုအဝေးကိုငါသနား၏။ အကြောင်း
မူကား၊ သူတို့သည် ငါနှင့်အတူ သုံးရက်တိုင်တိုင်
ရှိနေခဲ့ကြပြီ။ သူတို့တွင် စားစရာလည်းမရှိကြ။ဆာ
၃။ လောင်မွတ်သိပ်လျက် သူတို့ကို အိမ်သို့ငါပြန်
လွှတ်လျှင် လမ်းခရီး၌အားပြတ်၍ လဲကျလိမ့်မည်။
အချို့တို့သည် ဝေးလံသော ခရီးမှ လာခဲ့ကြ၏ဟု
၄။ မိန့်တော်မူ၏။ တပည့်တော်တို့ကလည်း ဤတော
အရပ်၌ ဤသူများကို ပေါင်မုန့်နှင့်မည်ကဲ့သို့လုံ
လောက်အောင် ကျွေးနိုင်ပါမည်နည်းဟုလျှောက်ကြ
၅။ ၏။ ထိုအခါ ကိုယ်တော်က သင်တို့၌ပေါင်မုန့်
ဘယ်နှလုံးရှိသနည်းဟု မေးတော်မူလျှင် သူတို့က
၆။ ခုနစ်လုံးရှိပါသည်ဟု ဖြေကြ၏။ ကိုယ်တော်သည်
လူအစုအဝေးတို့ကို မြေပေါ်မှာထိုင်ကြစေရန်အမိန့်
ပေးတော်မူပြီးနောက် မုန့်ခုနစ်လုံးကိုယူ၍ ကျေးဇူး
တော်ကိုချီးမွမ်းလျက် ဖဲ့တော်မူ၏။ ထို့နောက် မုန့်
များကို လူအစုအဝေးရှေ့မှာ တည်ခင်းစေခြင်းငှာ
တပည့်တော်တို့အား ပေးတော်မူ၏။တပည့်တော်တို့
သည်လည်း မုန့်များကို လူများရှေ့တွင် တည်ခင်း
၇။ ကျွေးမွေးကြ၏။ သူတို့၌ ငါးအနည်းငယ်ရှိသဖြင့်
ထိုငါးများကိုလည်း ကောင်းကြီးပေးတော်မူ၍၊ လူ
အစုအဝေးတို့ရှေ့မှာ တည်ခင်းရန် အမိန့်ရှိတော်မူ
၈။ ၏။ ထိုသူတို့ စား၍၊ ဝကြပြီးမှ တပည့်တော်တို့
သည် ကြွင်းကျန်သော အကျိုးအပဲ့တို့ကို ကောက်
၉။ ယူစုသိမ်းရာ ခုနစ်တောင်းအပြည့်ရကြ၏။ စားကြ
သောသူများသည်ကား လေးထောင်ခန့်ရှိသတည်း။
၁၀။ ထို့နောက် ကိုယ်တော်သည် လူအစုအဝေးကိုပြန်
လွှတ်တော်မူပြီး ချက်ချင်းပင် တပည့်တော်တို့နှင့်
အတူ လှေပေါ်သို့တက်တော်မူ၍၊**ဒါမာနသ**[၁]နယ်သို့

[၁] (၈:၁၀) ဒါမာနသ၊ (မာ ၁၅:၃၉)အရ မာဂဒန်သည် ဂျေနာဇရက်အိုင်နောက်ဘက် ဂျေနာဇရက်မြို့အနီးတွင်ရှိပြီး ထိုမြို့နှစ်မြို့လုံးနှင့်ဆိုင်သော နယ်ကို ဒါမာနသဟု ခေါ်သည်။

ကြွသွားတော်မူ၏။

## နိမိတ်လက္ခဏာပြရန် တောင်းခံခြင်း
## (မာ ၁၆း၁–၄၊ လု ၁၂း၅၄–၅၆)

၁၁။ **ဖာရိဇေဦး**များသည်အထံတော်သို့ ရောက်လာကြ၍၊
ကိုယ်တော်နှင့် ဆွေးနွေးငြင်းခုံကြ၏။ သူတို့သည်
ကိုယ်တော်ကို စမ်းသပ်ရန် ကောင်းကင်မှနိမိတ်
၁၂။ လက္ခဏာကို တောင်းကြ၏။ ကိုယ်တော်သည်
သက်ပြင်းချတော်မူလျက် ဤလူမျိုးဆက်သည် အ
ဘယ့်ကြောင့် နိမိတ်လက္ခဏာကို တောင်းကြသ
နည်း။သင်တို့အား ငါအမှန်ဆိုသည်ကား ဤလူမျိုး
ဆက်အား မည်သည့် နိမတ်လက္ခဏာကိုမျှ ပြလိမ့်
၁၃။ မည်မဟုတ်ဟု မိန့်တော်မူ၏။ ကိုယ်တော်သည်
သူတို့ထံမှ ထွက်ခွာလာတော်မူ၍ လှေပေါ်သို့
တက်ပြီးလျှင် တစ်ဘက်ကမ်းသို့ပြန်ကြွတောမူ၏။

## ဖါရိဇေဦးတို့နှင့် ဟေရုဒ်၏တဆေး
## (မာ ၁၆း၅–၁၁)

၁၄။ တပည့်တော်တို့သည် ပေါင်မုန့်ယူဆောင်လာရန်
မေ့လျော့ကြသဖြင့် လှေပေါ်တွင် သူတို့၌ ပေါင်မုန့်
၁၅။ တစ်လုံးသာရှိ၏။ ကိုယ်တော်ကလည်း **ဖာရိဇေဦး**
တို့နှင့်**ဟေရုဒ်**၏တဆေးကို ရှောင်ရန် သတိပြုကြ
၁၆။ လောဟု မိန့်တော်မူ၏။ သူတို့ကလည်း ငါတို့၌
ပေါင်မုန့်မပါသောကြောင့် ဖြစ်သည်ဟု အချင်းချင်း
၁၇။ ဆွေးနွေးပြောဆိုကြ၏။ ထိုအကြောင်းကို **ယေရှူး**
သိတော်မူသဖြင့် သူတို့အားဆိုသည်ကား သင်တို့၌
ပေါင်မုန့်မပါလာသည့်အကြောင်းကိုအဘယ်ကြောင့်
ဆွေးနွေးကြသနည်း။သင်တို့သည် ယခုတိုင်မသိနား
မလည် ဖြစ်နေကြသလော။ သင်တို့၏ စိတ်နှလုံး
သည် မာကြောခိုင်မာနေသလော။
၁၈။ သင်တို့တွင် မျက်စိရှိလျက်မမြင်ကြသလော။ နား
ရှိလျက် မကြားကြသလော။ သင်တို့ မမှတ်မိကြ
၁၉။ သလော။ ငါသည် မုန့်ငါးလုံးကိုဖဲ့၍ လူငါးထောင်
အားကျွေးမွေးသောအခါ၊အကျိုးအပဲ့ဘယ်နှစ်တောင်း
သင်တို့ ကောက်သိမ်းခဲ့ကြသနည်းဟု မေးတော်
မူလျှင် သူတို့က တစ်ဆယ့်နှစ်တောင်းဟု ကိုယ်
၂၀။ တော်အားပြန်လျှောက်ကြ၏။ တစ်ဖန်မုန့် ခုနစ်လုံး
ကိုငါဖဲ့၍ လူလေးထောင်အား ကျွေးမွေးသောအခါ၊
အကျိုးအပဲ့ ဘယ်နှစ်တောင်း သင်တို့ကောက်သိမ်း
ခဲ့ကြသနည်းဟု မေးတော်မူလျှင် သူတို့က ခုနစ်
၂၁။ တောင်းဟုလျှောက်ကြ၏။ ကိုယ်တော် ကလည်း
သို့ဖြစ်လျှင် သင်တို့ အဘယ့်ကြောင့် နားမလည်
နိုင်ကြသနည်းဟု သူတို့အား မိန့်တော်မူ၏။

## မျက်မမြင်တစ်ဦးကို မျက်စိမြင်စေခြင်း

၂၂။ သူတို့သည် **ဘက်ဇိုင်ဒါ**သို့ ရောက်ကြသောအခါ၊
လူအချို့သည် မျက်မမြင်တစ်ဦးကို အထံတော်သို့
ခေါ်ဆောင်ခဲ့ကြ၍၊ ထိုသူကို တို့ထိတော်မူပါမည့်
အကြောင်း၊ ကိုယ်တော့်ကို တောင်းပန်ကြ၏။
၂၃။ ကိုယ်တော်သည် မျက်စိမမြင်သော သူ၏လက်ကို
ဆွဲကိုင်လျက် သူ့ကိုရွာအပြင်သို့ ခေါ်ဆောင်သွား
တော်မူ၏။[၂] ကိုယ်တော်သည် ထိုသူ၏မျက်စိများကို
တံတွေးဖြင့်ဆွတ်၍၊ သူ့အပေါ်မှာ လက်တော်ကို
တင်လျက် သင်သည် တစ်စုံတစ်ခုကိုမြင်ရသလော
၂၄။ ဟုမေးတော်မူ၏။ ထိုသူကလည်း မော်ကြည့်သဖြင့်
ကျွန်တော်သည် လူများကိုမြင်ရပါသည်။ သို့သော်
လမ်းလျှောက်နေသော သူတို့ကို သစ်ပင်များကဲ့သို့
၂၅။ မြင်ရပါသည်ဟုလျှောက်လေ၏။ ထို့နောက် ကိုယ်
တော်သည် သူ၏မျက်စိများပေါ်သို့ လက်တော်ကို
တစ်ဖန်တင်တော်မူ၏။ ထိုသူသည်စူးစိုက်၍ကြည့်
ရာ၊ အကောင်းပကတိဖြစ်လာ၍၊ ရှိသမျှကို ကြည်
၂၆။ လင်စွာမြင်ရ၏။ ကိုယ်တော်သည် သူ့ကို မိမိအိမ်
သို့ပြန်လွှတ်တော်မူ၍၊ ရွာတွင်းသို့မဝင်လေနှင့်[၃] ဟု
မိန့်မှာတော်မူ၏။

## ပေတရုသည် သခင်ယေရှူးကို
## ထုတ်ဖော်ဝန်ခံခြင်း
## (မာ ၁၆း၁၃–၂၀၊ လု ၉း၁၈–၂၁)

၂၇။ သခင်**ယေရှူး**သည်တပည့်တော်တို့နှင့်အတူ**ဆေဇာရိ**
**ယဖိလစ်ပိ**နယ်သို့ကြွတော်မူ၏။ လမ်းခရီး၌ ကိုယ်
တော်က လူတို့သည် ငါမည်သူဖြစ်သည်ကို ပြော

---

[၂] (၈း၂၃) ရွာအပြင်သို့ လက်ဆွဲခေါ်ဆောင်သွားတော်မူ၏။ ထိုသို့ပြုရခြင်းအကြောင်းများ၊ ရွာသည်အကျင့်မပြောင်းလဲသဖြင့် တန်ခိုးတော်ပြခြင်းကျေးဇူးကို မခံထိုက်သောကြောင့်ဖြစ်၏။

[၃] (၈း၂၆) ရွာထဲသို့မဝင်နှင့် အဓိပ္ပာယ်မှာ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မပြောဘဲ၊ အိမ်သို့သာ ဦးတည်ပြန်သွားရန် ဆိုလိုသည်။

ဆိုကြသနည်းဟု မိမိတပည့်တော်တို့အား မေးတော်
၂၈။ မူ၏။ သူတို့ကလည်း အချို့က **ယောဟန်ဗတ္တိဇံ**၊
တချို့က**ဧလိယ**၊ အခြားသူများကမူကား ပရောဖက်
တစ်ပါးပါးဖြစ်သည်ဟု ပြောဆိုကြကြောင်းလျှောက်
၂၉။ ထားကြ၏။ ထိုအခါ ကိုယ်တော်ကသင်တို့မူကား၊
ငါမည်သူဖြစ်သည်ကို ပြောဆိုကြသနည်းဟု မေး
တော်မူလျှင် **ပေတရု**က ကိုယ်တော်သည်ခရစ်တော်
သခင်ဖြစ်တော်မူပါသည်[၆]ဟု လျှောက်လေ၏။
၃၀။ ကိုယ်တော်ကလည်း မိမိအကြောင်းကို မည်သူအား
မျှ မပြောစေခြင်းငှာ သူတို့ကို တားမြစ်တော်မူ၏။

## မိမိ၏သေခြင်းနှင့်ရှင်ပြန်တော်မူခြင်းကို ကြိုတင်ဟောထားတော်မူခြင်း
## (မာ ၁၆း၂၁-၂၃၊ လု ၉း၂၂)

၃၁။ ထိုအခါ ကိုယ်တော်က လူသားသည်များစွာဒုက္ခ
ဝေဒနာခံရမည့် အကြောင်းကိုလည်းကောင်း၊ သက်
ကြီးဝါကြီးများ၊ ကျမ်းတတ်ဆရာများ နှင့် ရဟန်း
အကြီးအကဲများ၏ ငြင်းပယ်ခြင်းကိုခံရ၍၊ အသေ
သတ်ခြင်းခံရမည့် အကြောင်းကို လည်းကောင်း၊
သုံးရက်လွန်သောအခါ ရှင်ပြန်ထမြောက်မည့်အ
ကြောင်းကိုလည်းကောင်း သူတို့အားစတင်သွန်သင်
၃၂။ တော်မူ၏။ ကိုယ်တော်သည် ဤစကားကိုပွင့်
လင်းစွာ ပြောတော်မူသောအခါ၊ **ပေတရု**သည်
ကိုယ်တော်ကိုသီးသန့်တွေ့ဆုံ၍စတင်ကန့်ကွက်ပြော
၃၃။ ဆိုလေ၏။ သို့သော် ကိုယ်တော်သည် တပည့်
တော်များဘက်သို့ လှည့်၍၊ ကြည့်တော်မူလျက်
**ပေတရု**အား အချင်း စာတန်၊ ငါ့နောက်သို့ဆုတ်
လော့။ သင်သည် ဘုရားသခင်ဘက်မှာ မရှိဘဲ၊
လူတို့ဘက်မှာရှိသည်ဟု ပြောဆိုဆုံးမတော်မူ၏။

## ခရစ်တော်နောက်သို့လိုက်လိုသူတို့ရှိရမည့် စိတ်ဓာတ်
## (မာ ၁၆း၂၄-၂၈၊ လု ၉း၂၃-၂၇)

၃၄။ ကိုယ်တော်သည် မိမိတပည့်တော်များနှင့် လူအစု
အဝေးတို့ကို ခေါ်တော်မူ၍၊ သူတို့အား မိန့်တော်မူ
သည်ကား၊ ငါ၏နောက်သို့လိုက်လိုသော် သူသည်
မိမိကိုယ်ကို ငြင်းပယ်စေ။ မိမိလက်ဝါးကပ်တိုင်ကို
၃၅။ လည်း ထမ်း၍ ငါ့နောက်သို့လိုက်စေ။ အကြောင်း
မူကား၊ မိမိအသက်ကို ကယ်ဆယ်လိုသောသူသည်
အသက်ဆုံးရှုံးလိမ့်မည်။ ငါ့အတွက်နှင့် ဧဝံဂေလိ
သတင်းတော်အတွက် အသက်ဆုံးရှုံးရသောသူသည်
၃၆။ မိမိအသက်ကို ကယ်ဆယ်လိမ့်မည်။ လူသည်
စကြာဝဠာတစ်ခုလုံးကို အစိုးရသော်လည်း မိမိ
အသက်ဝိညာဉ် ဆုံးရှုံးလျှင် အဘယ်အကျိုးရှိမည်
၃၇။ နည်း။ လူသည် မိမိအသက်နှင့် လဲလှယ်ရန် မည်
၃၈။ သည့်အရာကို ပေးနိုင်မည်နည်း။ အကြောင်းမူကား၊
အပြစ်ကျူးလွန်၍ စာရိတ္တ ဖောက်ပြန်တတ်သော
ဤလူမျိုးဆက်တွင် ငါနှင့် ငါ့စကားများကြောင့်
ရှက်သောသူကာ လူသားသည် သန့်ရှင်းသော
တမန်တော်များနှင့်အတူ ခမည်းတော်၏ဘုန်းဂုဏ်
တော်၌ ကြွလာတော်မူသောအခါ၊ ထိုသူ့ကိုအရှက်
ရစေလိမ့်မည်ဟု မိန့်တော်မူ၏။

## အခန်းကြီး (၉)

၁။ တစ်ဖန်ကိုယ်တော်က သင်တို့အား ငါအမှန်ဆို
သည်ကား၊ ဘုရားသခင်၏နိုင်ငံတော်သည် တန်ခိုး
အာဏာနှင့် ရောက်ရှိလာသည်ကိုမမြင်ရမီ သေခြင်း
ကိုမမြည်းစမ်းကြရမည့် သူအချို့ ဤနေရာမှာရပ်နေ
ကြသည်ဟု တပည့်တော်တို့အား မိန့်တော်မူ၏။

## အဆင်းသဏ္ဌာန်ပြောင်းလဲတော်မူခြင်း
## (မာ ၁၇း၂-၉၊ လု ၉း၂၈-၃၆)

၂။ ခြောက်ရက်လွန်သောအခါ၊ သခင်**ယေရှု**သည် **ပေ
တရု**၊ **ယာကုပ်**နှင့်**ယောဟန်**တို့ကို မြင့်သောတောင်
ပေါ်သို့ မိမိနှင့်အတူ ခေါ်သွားတော်မူ၏။
ကိုယ်တော်သည် သူတို့ရှေ့၌ပင် အဆင်းသဏ္ဌာန်
၃။ ပြောင်းလဲတော်မူ၏။ ကိုယ်တော်၏ အဝတ်တော်
များသည် ထွန်းလင်းတောက်ပ၍ အလွန်ဖြူဖွေးလှ
၏။ ဤကဲ့သို့ ဖြူစေခြင်းငှာ ကမ္ဘာမြေကြီးပေါ်ရှိ
၄။ မည်သည့်အရာသည်မျှ မတတ်နိုင်ချေ။ ထိုခဏ၌
**ဧလိယ**နှင့်**မိုးဇက်**တို့သည် သူတို့ရှေ့တွင်ပေါ်လာ၍
၅။ သခင်**ယေရှု**နှင့် စကားပြောနေကြ၏။ ထိုအခါ

[၆] (၈း၂၉) ကိုယ်တော်သည် ခရစ္စတူးဖြစ်ပါ၏။ မေဆိယဟုဆိုလိုသည်။
(မ ၁၆း၂၀)

ပေတရုက အရှင်ဘုရား၊ ဤအရပ်သည် ကျွန်ုပ်တို့
အတွက်နေစရာ အလွန်ကောင်းပါ၏။ ကိုယ်တော့်
အတွက် တဲတစ်ဆောင်၊ **မိုးဇက်**အတွက်တဲတစ်
ဆောင်၊ **ဧလိယ**အတွက်တဲတစ်ဆောင်၊ တဲသုံး
ဆောင်ဆောက်ကြပါစို့ဟု သခင်ယေရှုအားလျှောက်
၆။ ထားလေ၏။ အကြောင်းမှုကား၊ တပည့်တော်တို့
သည် အလွန်ကြောက်ရွံ့ တုန်လှုပ်နေကြသော
ကြောင့် ပေတရုသည် မည်သည့်အရာကို သူပြော
၇။ မှန်းသူမသိချေ။ ထိုအခါ မိုးတိမ်သည် သူတို့ကိုဖုံး
လွှမ်း၍၊ မိုးတိမ်ထဲမှအသံလာသည်ကား ဤသူ
သည် ငါအလွန် နှစ်သက်မြတ်နိုးရာ ငါ၏ချစ်သား
ပေတည်း။သူ့ကိုနားထောင်ကြလောဟု ဆိုသတည်း၊
၈။ တပည့်တော်တို့သည် ရုတ်တရက် မိမိတို့ပတ်လည်
သို့ လှည့်ကြည့်ကြသောအခါ၊ မိမိတို့နှင့်အတူ
သခင်**ယေရှု**တစ်ပါးတည်းသာရှိ၍ အခြားမည်သူကို
မျှ မမြင်ကြတော့ချေ။

## ဧလိယကြွလာခြင်းအကြောင်း (မာ ၁၇း၁၀–၁၃)

၉။ သူတို့သည် တောင်ပေါ်မှ ဆင်းလာကြသောအခါ၊
ကိုယ်တော်က လူ့သားသည် သေခြင်းမှထမြောက်
သည့်အချိန်တိုင်အောင် သူတို့ ယခုမြင်ခဲ့ရသော
အရာများကို မည်သူ့အားမျှ မပြောပြကြရန် သူတို့
၁၀။ အား တားမြစ်တော်မူ၏။ တပည့်တော်တို့သည်
လည်း ဤအကြောင်းကိုမိမိတို့စိတ်တွင်း၌သာထား
၍၊ သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်းဆိုသည်မှာ
မည့်သည့်အရာကို ဆိုလိုသနည်းဟု အချင်းချင်း
၁၁။ ပြောဆိုမေးမြန်းကြ၏။ သူတို့ကလည်းသို့ဖြစ်လျှင်
**ဧလိယ**သည် ပထမဦးစွာကြွလာမည်ဟုကျမ်းတတ်
ဆရာတို့က အဘယ်ကြောင့် ဆိုကြပါသနည်းဟု
၁၂။ ကိုယ်တော်အား မေးလျှောက်ကြ၏။ ကိုယ်တော်က
သူတို့အား ပြန်ပြောတော်မူသည်မှာ **ဧလိယ**သည်
ပထမဦးစွာလာ၍ ခပ်သိမ်းသော အရာတို့ကိုပြန်
လည်တည်ထောင်ရမည်မှန်၏။ သို့ရာတွင် လူ
သားသည်များစွာ ဒုက္ခခံရမည့်အကြောင်းနှင့် ငြင်း
ပယ်ခြင်းကို ခံရမည့်အကြောင်း ကျမ်းစာတော်တွင်
၁၃။ အဘယ်ကြောင့် ရေးထားသနည်း။ သင်တို့အား
ငါဆိုသည်ကား **ဧလိယ**သည်ကြွလာခဲ့ပြီ။ ကျမ်းစာ
တွင် သူ့အကြောင်းကိုရေးထားသည့်အတိုင်း သူတို့
သည် သူ့ကိုပြုလိုရာပြုခဲ့ကြပြီဟု မိန့်တော်မူ၏။

## သူငယ်တစ်ဦးထံမှ နတ်ဆိုးကို နှင်ထုတ်တော်မူခြင်း (မာ ၁၇း၁၄–၂၁၊ လု ၉း၂၄–၄၂)

၁၄။ သူတို့သည် တပည့်တော်များရှိရာသို့ ရောက်ကြ
သောအခါ၊ သူတို့အနီးတွင် များစွာသောလူအစု
အဝေးတို့ ရောက်ရှိနေသည်ကို မြင်ကြ၏။ ကျမ်း
တတ်ဆရာတို့သည်လည်း သူတို့နှင့် ဆွေးနွေးမေး
၁၅။ မြန်းနေကြ၏။ လူအပေါင်းတို့သည် ကိုယ်တော့် ကို
တွေ့မြင်ကြသည်နှင့်တစ်ပြိုင်နက် အလွန်အံ့သြ
ကြလျက် အထံတော်သို့ ပြေးလာကြ၍နှုတ်ဆက်ကြ
၁၆။ လေ၏။ ကိုယ်တော်က သင်တို့သည် မည်သည့်
အကြောင်းအရာကို ထိုသူတို့နှင့် ဆွေးနွေးပြောဆို
နေကြသနည်းဟု တပည့်တော်တို့အား မေးတော်မူ
၁၇။ ၏။ လူအစုအဝေးထဲမှတစ်ယောက်က ဆရာသခင်
ကျွန်တော်၏သားသည် နတ်ဆိုးပူးနေသောကြောင့်
သူ့ကို ကိုယ်တော့်ထံသို့ ခေါ်ဆောင်လာခဲ့ပါသည်။
၁၈။ နတ်ဆိုးပူးသောအခါတိုင်း သူသည်မြေပေါ်မှာပစ်
လှဲခြင်းခံရ၍၊ ပါးစပ်မှအမြှုပ်များထွက်လျက် အံ
သွားကြိတ်ပါသည်။ ခန္ဓာကိုယ်လည်း တောင့်လာ
ပါသည်။ ထိုနတ်ဆိုးကိုနှင်ထုတ်ပေးရန်ကိုယ်တော်
၏ တပည့်တော်များကို ကျွန်တော်တောင်းပန်ပါ
သော်လည်း သူတို့သည် မတတ်နိုင်ကြပါဟု
၁၉။ လျှောက်လေ၏။ ကိုယ်တော်ကလည်း အိုယုံကြည်
ခြင်းကင်းမဲ့သော အမျိုးဆက်၊ ငါသည် သင်တို့နှင့်
မည်မျှကြာအောင်နေရမည်နည်း။ မည်မျှကြာအောင်
သင်တို့ကို ငါသည်းခံရမည်နည်း။ သူ့ကို ငါထံသို့
ခေါ်ခဲ့ကြလောဟု သူတို့အား မိန့်တော်မူ၏။
၂၀။ ထိုအခါ သူတို့သည် သူငယ်ကိုအထံတော်သို့ခေါ်
ဆောင်ခဲ့ကြ၏။ နတ်ဆိုးသည် ကိုယ်တော့်ကိုမြင်
လျက် ချက်ချင်း သူငယ်ကိုပြင်းထန်စွာ အကြော
ဆွဲ၍တက်စေသဖြင့် သူငယ်သည်မြေပေါ်သို့လဲကျ
ကာ၊ လူးလိမ့်လျက် ပါးစပ်မှအမြှုပ်များထွက်နေ
၂၁။ လေ၏။ သခင်**ယေရှု**က ဤသို့ဖြစ်နေသည်မှာ
မည်မျှကြာပြီနည်းဟု သူငယ်၏ဖခင်အား မေးတော်
မူလျှင် သူကငယ်သော အရွယ်ကပင်စ၍ ဖြစ်ခဲ့ပါ
၂၂။ သည်။ နတ်ဆိုးသည် သူငယ်ကိုသေစေရန် မီးထဲ
သို့လည်းကောင်း၊ ရေထဲသို့လည်းကောင်း အကြိမ်
ကြိမ်ပစ်ချခဲ့ပါသည်။ သို့သော်ကိုယ်တော်တတ်နိုင်
တော်မူပါလျှင် ကျွန်တော့်ကို သနားသဖြင့် ကူညီ

၂၃။ တော်မူပါဟု လျှောက်လေ၏။သခင်**ယေရှု**ကလည်း
ကိုယ်တော်တတ်နိုင်တော်မူလျှင် အဘယ်ကြောင့်ဆို
ရသနည်း။ ယုံကြည်သောသူအတွက် ခပ်သိမ်းသော
အမှုတို့သည် ဖြစ်နိုင်သည်ဟုသူ့အားမိန့်တော်မူ၏။
၂၄။ သူငယ်၏အဘသည် ချက်ချင်းပင်အော်ဟစ်အသ
နားခံလျက် အရှင်ဘုရား၊ ကျွန်တော်ယုံကြည်ပါ၏။
ကျွန်တော်၏အားနည်းသော ယုံကြည်ခြင်းကို အား
၂၅။ ဖြည့်ပေးတော်မူပါဟု တောင်းပန်လေ၏။ သခင်
**ယေရှု**သည် အထံတော်သို့ အပြေးအလွှားလာနေကြ
သော လူအစုအဝေးကိုမြင်တော်မူလျှင် ညစ်ညူး
သောနတ်ဆိုးအား ငေါက်ငမ်းတော်မူလျက်ဆိုသည်
ကား၊ နားပင်း၍ ဆွံ့အသောနတ်ဆိုး ဤသူထံမှ
ထွက်သွားလော့။ နောက်တစ်ဖန် သူ့အထဲသို့ပြန်
မဝင်လေနှင့်။ သင့်အား ငါအမိန့်ရှိ၏ဟုမိန့်တော်
၂၆။ မူ၏။ ထိုအခါ နတ်ဆိုးသည် အော်ဟစ်၍ သူငယ်
ကို ပြင်းထန်စွာ အကြောဆွဲစေပြီးနောက်၊ သူ့ထံမှ
ထွက်ခွာသွားလေ၏။ သူငယ်သည်လည်း အသေ
ကောင်ကဲ့သို့ ဖြစ်နေသောကြောင့် လူအများက
၂၇။ သူငယ် သေပြီဟု ဆိုကြ၏။ သခင်**ယေရှု**သည်
သူငယ်၏ လက်ကိုကိုင်ဆွဲလျက် ထူမတော်မူလျှင်
၂၈။ သူငယ်သည်ထလာနိုင်လေ၏။ ကိုယ်တော်သည်
အိမ်ထဲသို့ဝင်တော်မူသောအခါ၊ တပည့်တော်တို့
သည်ကိုယ်တော့်ထံသို့ တိတ်တဆိတ်ချဉ်းကပ်ကြ၍
အဘယ်ကြောင့် တပည့်တော်တို့သည် နတ်ဆိုးကို
နှင်မထုတ်နိုင်ကြပါသနည်းဟု မေးလျှောက်ကြ၏။
၂၉။ ကိုယ်တော်ကလည်း ဆုတောင်းခြင်းနှင့် အစာရှောင်
ခြင်းဖြင့်သာ ဤကဲ့သို့သောနတ်ဆိုးကို နှင်ထုတ်နိုင်
ဟု သူတို့အားမိန့်တော်မူ၏။

## သေခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်းအကြောင်း ထပ်မံပြောကြားတော်မူခြင်း
## (မာ ၁၇း၂၂–၂၃၊ လု ၉း၄၃–၄၅)

၃၀။ သူတို့သည်ထိုအရပ်မှထွက်ခွာ၍၊ **ဂါလိလေ**နယ်ကို
ဖြတ်သန်းသွားကြ၏။ သို့သော် ကိုယ်တော်သည်
ဤအကြောင်းကိုမည်သူမျှ သိစေရန်အလိုတော်မရှိ
၃၁။ ချေ။ အကြောင်းမူကား၊ ကိုယ်တော်ကလူသားသည်
လူတို့လက်တွင် အပ်နှံခြင်းခံရမည့်အကြောင်း ထို
သူတို့သည်သူ့ကို အသေသတ်ကြမည့်အကြောင်းနှင့်
အသေသတ်ခြင်းခံရပြီး သုံးရက်မြောက်သော နေ့
တွင် သူသည် ရှင်ပြန်ထမြောက်လိမ့်မည့်အကြောင်း
တို့ကို တပည့်တော်များအား သွန်သင်နေတော်မူ
၃၂။ သောကြောင့်ဖြစ်၏။တပည့်တော်တို့သည်ဤစကား
ကိုနားမလည်ကြသော်လည်းကိုယ်တော့်ကို မေးမြန်း
ရန်ကြောက်ရွံ့ကြ၏။

## မည်သူသည် အကြီးမြတ်ဆုံးနည်း
## (မာ ၁၈း၁–၅၊ လု ၉း၄၆–၄၈)

၃၃။ သူတို့သည် **ကာဖါနာအုမ်**မြို့သို့ရောက်ကြ၍ ကိုယ်
တော်သည် အိမ်မှာရှိတော်မူသောအခါ၊ ကိုယ်တော်
က သင်တို့သည် လမ်းခရီး၌မည်သည့်အကြောင်း
ကို ဆွေးနွေးပြောဆိုနေခဲ့ကြသနည်းဟု သူတို့အား
၃၄။ မေးတော်မူ၏။ သူတို့မူကား၊ တိတ်ဆိတ်စွာနေကြ
၏။ အကြောင်းမူကား၊ မိမိတို့တွင် မည်သူသည်
အကြီးမြတ်ဆုံးဖြစ်သည်ကို လမ်းခရီး၌သူတို့အချင်း
ချင်း ပြောဆိုငြင်းခုံခဲ့ကြသောကြောင့် ဖြစ်၏။
၃၅။ ကိုယ်တော်သည်လည်း ထိုင်တော်မူလျက် တစ်ကျိပ်
နှစ်ပါးတို့ကို ခေါ်တော်မူလျက် ပထမဦးဆုံးဖြစ်လို
သောသူသည် အားလုံးတွင် နောက်ဆုံးသောသူနှင့်
အားလုံး၏အစေခံဖြစ်ရမည်ဟု သူတို့အားမိန့်တော်
၃၆။ မူ၏။ ထို့နောက် ကိုယ်တော်သည် သူငယ်တစ်
ယောက်ကို အထံတော်သို့ခေါ်ယူ၍သူတို့၏အလယ်
၃၇။ မှာထားပြီးမှ သူ့ကိုပွေ့ချီလျက်။ ဤကဲ့သို့သော
ကလေးသူငယ်ကို ငါ၏နာမတော်၌ လက်ခံသော
သူသည် ငါ့ကိုလက်ခံ၏။ ငါ့ကိုလက်ခံသောသူ
သည် ငါ့ကိုမဟုတ်။ ငါ့ကိုစေလွှတ်တော်မူသောသူ
၃၈။ ကိုလက်ခံသည်ဟု မိန့်တော်မူ၏။ **ယောဟန်**က
လည်း အရှင်ဘုရား၊ ကိုယ်တော်၏ နာမတော်ကို
အမှီပြု၍ နတ်ဆိုးများကို နှင်ထုတ်နေသောသူတစ်
ယောက်ကို ကျွန်တော်တို့တွေ့မြင်ခဲ့ပါ၏။ သူသည်
ကျွန်တော်တို့နှင့်အတူ မပါဝင်သောကြောင့် သူ့ကို
၃၉။ တားမြစ်ခဲ့ပါသည်ဟု လျှောက်လေ၏။ သို့သော်
သခင်**ယေရှု**က ထိုသူကို မတားမြစ်ကြနှင့်။ ငါ၏
နာမတော်၌ အံ့ဘွယ်တန်ခိုးများကိုပြုပြီးနောက် ငါ့
အကြောင်း မကောင်းပြောမည့်သူတစ်ယောက်မျှရှိ
၄၀။ လိမ့်မည်မဟုတ်။ အကြောင်းမူကား၊ ငါတို့နှင့်ဆန့်
ကျင်ဘက်မဟုတ်သောသူသည် ငါတို့ဘက်တွင်
၄၁။ ပါဝင်သောသူဖြစ်၏။ သင်တို့အားငါအမှန်ဆိုသည်
ကား၊ ငါ၏နာမတော်ကြောင့် သင်တို့အားသောက်
ရန် ရေတစ်ခွက်ပေးသောသူသည် မိမိဆုလာဘ်ကို
ဆုံးရှုံးလိမ့်မည်မဟုတ်ဟု မိန့်တော်မူ၏။

## အပြစ်ပြုရန် သွေးဆောင်ခြင်း
## (မာ ၁၈း၆-၉၊ လု ၁၇း၁-၂)

၄၂။ အကြင်သူသည်ငါ့ကိုယုံကြည်သော သူငယ်များတွင်
တစ်စုံတစ်ယောက်ကို အပြစ်ပြုသော လမ်းမှားသို့
ရောက်စေလျှင်ထိုသူ၏လည်ပင်း၌ကြိတ်ဆုံကျောက်
ကိုဆွဲစေ၍သူ့ကိုပင်လယ်ထဲသို့လယ်တဲသို့ပစ်ချခြင်း
၄၃။ ကသူ့အတွက် သာ၍ကောင်း၏။ သင်၏လက်သည်
သင့်ကို အပြစ်မှားပြုမိစေလျှင် ထိုလက်ကို ဖြတ်ပစ်
လော့။ လက်နှစ်ဘက်ရှိလျက် ထာဝရမီးထဲသို့ပစ်ချ
ခံရခြင်းထက် ကိုယ်အင်္ဂါချို့တဲ့စွာ ထာဝရအသက်
၄၄။ ရှင်ခြင်းသို့ဝင်ရသည်က သာ၍ကောင်း၏။ထိုနေရာ
၌ သင်တို့၏ပိုးလည်းမသေ၊ မီးလည်းမငြိမ်းရာ။
၄၅။ သင်၏ခြေသည် သင့်ကို အပြစ်ပြုမိစေလျှင် ထိုခြေ
ကိုဖြတ်ပစ်လော့။ ခြေနှစ်ဘက်ရှိလျက်နှင့် ထာဝရ
မီးထဲသို့ပစ်ချခံရခြင်းထက် ခြေတစ်ဘက်မပါဘဲ
ထာဝရအသက်ရှင်ခြင်းသို့ ဝင်ရသည်က သာ၍
၄၆။ ကောင်း၏။ ထိုနေရာ၌ သူတို့၏ ပိုးလည်းမသေ။
၄၇။ မီးလဲမငြိမ်းရာ။ သင်၏မျက်စိသည် သင့်ကိုအပြစ်
ပြုမိစေလျှင် ထိုမျက်စိကိုထုတ်ပစ်လော့။ မျက်စိနှစ်
လုံးစုံလင်လျက် ထာဝရမီးထဲသို့ ပစ်ချခံရခြင်းထက်
မျက်စိတစ်လုံးချို့ယွင်းလျက်
ထာဝရအသက်ရှင်ခြင်း
၄၈။ သို့ဝင်ရသည်က သာ၍ကောင်း၏။ ထိုနေရာ၌
သူတို့၏ ပိုးလည်းမသေ။ မီးလည်းမငြိမ်းရာ။
၄၉။ အကြောင်းမူကား၊ လူတိုင်းသည် မီးဖြင့်ဆားနယ်
ခြင်းခံရလိမ့်မည်။ ယဇ်ကောင်ဟူသမျှသည်လည်း
၅၀။ ဆားနယ်ခြင်းခံရလိမ့်မည်။ ဆားသည် ကောင်းပေ
၏။ သို့သော် ဆားသည် အငံဓာတ်ပျောက်ခဲ့ပါ
လျှင် ငံသောအရသာကို မည်ကဲ့သို့ ပြန်လည်ရရှိ
မည်နည်း။ သင်တို့၌ဆားရှိစေကြလော့။ သင်တို့
အချင်းချင်းသင့်မြတ်စွာနေကြလော့ဟုမိန့်တော်မူ၏။

## အခန်းကြီး (၁၀)
## လင်မယားမကွာရှင်းအပ်ကြောင်း
## (မာ ၁၉း၁-၉၊ လု ၁၆း၁၈)

၁။ ထို့နောက် ကိုယ်တော်သည် ထိုအရပ်မှထွက်ခွာ
တော်မူလျက် **ဂျူဒေယ**နယ် **ဂျော်ဒန်**မြစ်တစ်ဘက်
ကမ်းသို့ ကြွသွားတော်မူရာ လူအစုအဝေးတို့သည်
အထံတော်သို့ စုရုံးလာကြ၏။ ကိုယ်တော်သည်
လည်း ထုံးစံအတိုင်း သူတို့ကို သွန်သင်ဟောပြော
၂။ တော်မူ၏။ **ဖာရီဇေဦး**တို့သည် အထံတော်သို့ချဉ်း
ကပ်ကြ၍၊ လူသည် မိမိမယားနှင့် ကွာရှင်းနိုင်
သလောဟု ကိုယ်တော့်ကို စမ်းလိုသောအကြံနှင့်မေး
၃။ မြန်းကြ၏။ ကိုယ်တော်ကလည်း **မိုးဇက်**သည်
သင်တို့အား မည်ကဲ့သို့ ပညတ်ထားသနည်းဟု သူ
၄။ တို့အား ပြန်မေးတော်မူ၏။ သူတို့က ဖြတ်စာပေး
၍၊ ကွာရှင်းရန် **မိုးဇက်**ကအခွင့်ပြုခဲ့ပါသည်ဟု ဖြေ
၅။ ကြ၏။ သို့သော် သခင်**ယေရှုး**က သူတို့အား မိန့်
တော်မူသည်ကား သင်တို့၏ စိတ်နှလုံးခက်ထန်
ခြင်းကြောင့် သူသည် ဤပညတ်ကို စီရင်ခဲ့၏။
၆။ ဖန်ဆင်းခြင်း၏ အစကပင် ဘုရားသခင်သည်
ယောကျာ်းနှင့် မိန်းမကို ဖန်ဆင်းတော်မူ၏။
၇။ ဤအကြောင်းကြောင့် ယောကျာ်းသည် မိမိအဘနှင့်
အမိကိုစွန့်၍ မိမိဇနီးမယားနှင့် ပေါင်းသင်းနေထိုင်
၈။ ရလိမ့်မည်။ သူတို့နှစ်ဦးသည် တစ်သားတစ်ကိုယ်
တည်းဖြစ်ရမည်။ သို့ဖြစ်၍ သူတို့သည် နှစ်ဦး
၉။ မဟုတ်။ တစ်ဦးတည်းသာဖြစ်သည်။ ထို့ကြောင့်
ဘုရားသခင် စုံဖက်ထားသည်ကို လူသည်မကွဲကွာ
၁၀။ စေနှင့်ဟု မိန့်တော်မူ၏။ အိမ်တွင် တပည့်တော်
တို့သည် ဤအကြောင်းကို ကိုယ်တော်အား ထပ်မံ
၁၁။ မေးလျှောက်ကြ၏။ ကိုယ်တော်က မည်သူမဆို
မိမိမယားနှင့် ကွာရှင်း၍ အခြားတစ်ယောက်နှင့်
ပေါင်းသင်းလျှင် မိမိမယားကိုပြစ်မှား၍ ကာမဂုဏ်
၁၂။ ကျူးလွန်ရာရောက်၏။ မယားဖြစ်သူသည်လည်း
မိမိခင်ပွန်းနှင့် ကွာရှင်း၍ အခြားတစ်ယောက်နှင့်
ပေါင်းသင်းလျှင် သူမသည်မိမိခင်ပွန်းကိ ပြစ်မှား၍
ကာမဂုဏ်ကျူးလွန်ရာ ရောက်၏။

## ကလေးသူငယ်များကို ကောင်းကြီးပေးခြင်း
## (မာ၁၉း၁၃-၁၅၊ လု ၁၈း၁၅-၁၉)

၁၃။ ထိုအခါ လူများသည် ကလေးသူငယ်များကို ကိုယ်
တော်လက်ဖြင့် ထိကိုင်စေခြင်းငှာ အထံတော်သို့
သူတို့ကို ခေါ်ဆောင်လာကြ၏။ တပည့်တော်တို့
သည် ထိုသူများကို ငေါက်ငန်းအပြစ်တင်ကြ၏။
၁၄။ ထိုအချင်းအရာကို သခင်**ယေရှုး** မြင်တော်မူလျှင်
အမျက်ထွက်တော်မူ၍၊ သူတို့အား မိန့်တော်မူသည်
ကား ကလေးသူငယ်တို့ကို ငါ့ထံသို့လာကြပါစေ။

သူတို့ကို မတားဆီးကြနှင့်။ အကြောင်းမူကား၊
ဘုရားသခင်၏ နိုင်ငံတော်သည် ဤကဲ့သို့သောသူ
၁၅။ တို့၏နိုင်ငံဖြစ်၏။ သင်တို့အား ငါအမှန်ဆိုသည်
ကား၊ ဘုရားသခင်၏ နိုင်ငံတော်ကို ဤသူငယ်
တစ်ဦးကဲ့သို့ လက်မခံသောသူသည် နိုင်ငံတော်သို့
၁၆။ ဝင်ရလိမ့်မည်မဟုတ်ဟု မိန့်တော်မူ၏။ ကိုယ်တော်
သည် ကလေးသူငယ်တို့ကို ထွေးပိုက်တော်မူ၍၊
သူတို့အပေါ်မှာ လက်တော်ကိုတင်၍ ကောင်းကြီး
ပေးတော်မူ၏။

## ချမ်းသာကြွယ်ဝသူတစ်ဦး
## (မာ ၁၉:၁၆–၃၀၊ လု ၁၈:၁၈–၂၇)

၁၇။ ကိုယ်တော်သည် ခရီးပြုရန်ထွက်ကြွလာတော်မူစဉ်
လူတစ်ယောက်သည် အထံတော်သို့ ပြေးလာ၍၊
ရှေ့တော်၌ဒူးထောက်လျက် ကောင်းမြတ်သောဆရာ
သခင် ထာဝရအသက်ကိုခံစားရန် ကျွန်တော်သည်
မည်သည့်အရာကိုပြုရပါမည်နည်းဟုကိုယ်တော်အား
၁၈။ မေးလျှောက်လေ၏။ သခင်**ယေရှု**က အဘယ်
ကြောင့် ငါ့ကိုကောင်းမြတ်သည်ဟု သင်ခေါ်ဆို
သနည်း။ ဘုရားသခင်မှတစ်ပါး မည်သူမျှကောင်း
၁၉။ မြတ်သည်မဟုတ်။ သင်သည် ပညတ်တော်များကို
သိ၏။ သူ့အသက်ကိုမသတ်နှင့်။ သူ့မယားကိုမပြစ်
မှားနှင့်။ သူ့ဥစ္စာကိုမခိုးယူနှင့်။ မဟုတ်မမှန်သက်
သေခံခြင်းကိုမပြုနှင့်။ သင်၏မိဘတို့ကိုရိုသေလော့
၂၀။ ဟုမိန့်တော်မူ၏။ ထိုသူက ဆရာသခင်၊ကျွန်တော်
သည် ဤအရာအားလုံးကို ငယ်စဉ်ကစ၍ စောင့်
ထိန်းခဲ့ပါပြီးဟု ကိုယ်တော်အား ပြန်လျှောက်လေ
၂၁။ ၏။ သခင်**ယေရှု**သည် သူ့ကိုကြည့်တော်မူ၍၊ သူ့
အပေါ် ကရုဏာသက်တော်မူသဖြင့် သင်၌တစ်ခု
လိုအပ်နေသေး၏။ သွား၍သင်၌ ရှိသမျှဥစ္စာပစ္စည်း
တို့ကိုရောင်းချပြီးလျှင် ဆင်းရဲသားတို့အား ပေး
ကမ်းစွန့်ကြလော့။ ဤသို့ဖြင့် သင်သည် ကောင်း
ကင်၌ ဘဏ္ဍာကိုရလိမ့်မည်။ ထို့နောက်လာ၍ ငါ့
နောက်သို့ လိုက်လော့ဟု သူ့အားမိန့်တော်မူ၏။
၂၂။ သူသည် ဤစကားကိုကြားလျှင် မျက်နှာညှိုးငယ်၍
ဝမ်းနည်းစွာ ထွက်ခွာသွားလေ၏။ အကြောင်းမူ
ကား၊ သူသည်များစွာ ကြွယ်ဝချမ်းသာသောသူဖြစ်
၂၃။ သောကြောင့်တည်း။ သခင်**ယေရှု**သည်လှည့်ကြည့်
တော်မူပြီးမှ ဥစ္စာကြွယ်ဝချမ်းသာသော သူသည်
ဘုရားသခင်၏ နိုင်ငံတော်သို့ဝင်ရောက်ရန် မည်မျှ
ခက်ခဲပါသနည်းဟု တပည့်တော်တို့အား မိန့်တော်
၂၄။ မူ၏။ တပည့်တော်တို့သည် ကိုယ်တော်၏စကား
ကြောင့် အံ့ဩနေကြ၏။ တစ်ဖန် သခင်**ယေရှု**က
ချစ်သားတို့ ဘုရားသခင်၏နိုင်ငံတော်သို့ဝင်ရောက်
၂၅။ ရန် မည်မျှခက်ခဲသနည်း။ ဥစ္စာကြွယ်ဝသောသူ
သည် ကောင်းကင်နိုင်ငံသို့ ဝင်ရောက်ခြင်းထက်
ကုလားအုပ်သည် အပ်နဖားကိုလျှိုဝင်ရခြင်းက ပို၍
၂၆။ လွယ်၏ဟု သူတို့အား မိန့်တော်မူ၏။ ထိုအခါ
သူတို့သည်ပို၍အံ့ဩကြလျက်ဤသို့ဖြစ်လျှင်မည်သူ
သည် ကယ်တင်ခြင်းကို ရနိုင်ပါမည်နည်းဟု မေး
၂၇။ လျှောက်ကြ၏။ သခင်**ယေရှု**သည် သူတို့ကိုကြည့်
တော်မူ၍၊ ဤအရာသည် လူတို့အတွက်မဖြစ်နိုင်
သော်လည်း ဘုရားသခင်အတွက်ဖြစ်နိုင်သည်ဟူ၏။
အကြောင်းမူကား၊ ဘုရားသခင်သည် အရာခပ်သိမ်း
ကိုတတ်နိုင်တော်မူ၏ဟု မိန့်တော်မူ၏။
၂၈။ ထိုအခါ **ပေတရု**က တပည့်တော်တို့သည်ရှိသမျှကို
စွန့်၍၊ နောက်တော်သို့လိုက်ခဲ့ကြပါပြီဟု လျှောက်
၂၉။ လေ၏။ သခင်**ယေရှု**ကလည်း သင်တို့အား ငါ
အမှန်ဆိုသည်ကား မည်သူမဆို ငါ့အတွက်နှင့် ဧဝံ
ဂေလိတရားတော်အတွက် အိမ်၊ ညီအစ်ကို၊ နှမ၊
မိဘ၊ သားသမီးနှင့် ပိုင်မြေများကိုစွန့်လွှတ်လျှင်။
၃၀။ ယခုဘဝတွင် ညှင်းဆဲခံရခြင်းနှင့်တကွ အိမ်၊ ညီ
အစ်ကိုများ၊ နှမများ၊ မိခင်များ၊ သားသမီးများနှင့်
မြေများကို အဆတစ်ရာမရဘဲ မနေရာ။ နောင်
ဘဝတွင်လည်း ထာဝရအသက် ကိုမရဘဲ မရှိရာ။
၃၁။ ပထမဦးဆုံး သူတို့သည်နောက်ဆုံးဖြစ်ကြလိမ့်မည်၊
နောက်ဆုံးသော သူတို့သည် ပထမဦးဆုံးဖြစ်ကြ
လိမ့်မည်ဟုမိန့်တော်မူ၏။

## သေခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်းအကြောင်း ကို တတိယအကြိမ်ဟောတော်မူခြင်း
## (မာ ၂၀:၁၇–၁၉၊ လု ၁၈:၃၁–၃၄)

၃၂။ သူတို့**ဂျေရုဆလင်**မြို့သို့ သွားကြရာလမ်းတွင်သခင်
**ယေရှု**သည်သူတို့ရှေ့မှ ကြွမြန်းတော်မူ၏။ တပည့်
တော်တို့သည်လည်း အံ့ဩနေကြ၍ နောက်မှလိုက်
ကြသောသူများသည်လည်း ကြောက်ရွံ့နေ ကြ၏။
ကိုယ်တော်သည် တစ်ကျိပ်နှစ်ပါးတို့ကို တစ်ဖန်ခေါ်
တော်မူ၍၊ မိမိ၌ ဖြစ်ပျက်လတ္တံ့သော အရာများကို

၃၃။ စတင်ပြောဆိုတော်မူ၏။ ကိုယ်တော်က ယခုငါ
တို့သည်**ဂျေရုဆလင်**မြို့သို့ခရီးပြုနေကြ၏။ လူသား
သည်ရဟန်းအကြီးအကဲတို့နှင့် ကျမ်းတတ်ဆရာတို့
လက်သို့ အပ်နှံခြင်းခံရလိမ့်မည်။သူတို့သည် သူ့ကို
သေဒဏ်စီရင်ကြ၍၊ လူမျိုးခြားတို့လက်တွင် အပ်နှံ
၃၄။ ကြလိမ့်မည်။ သူတို့သည် သူ့ကို မထီမဲ့မြင်ပြု၍
တံတွေးနှင့်ထွေးကြလိမ့်မည်။ ရိုက်နှက်ကြ၍ သူ့ကို
အသေသတ်ကြလိမ့်မည်။ သုံးရက်မြောက်သောနေ့
တွင် သူသည်ရှင်ပြန်ထမြောက် လိမ့်မည်ဟု မိန့်
တော်မူ၏။

## ယာကုပ်နှင့် ယောဟန်တို့၏တောင်းခံချက်
## (မာ ၂၀း၂၀-၂၈၊ လု ၂၂း၂၅-၂၇)

၃၅။ ထို့နောက် **ဇေဘေဒေ**၏သားများဖြစ်ကြသော **ယာ
ကုပ်**နှင့် **ယောဟန်**တို့သည် အထံတော်သို့ချဉ်းကပ်
ကြ၍၊ ဆရာသခင် ကျွန်ုပ်တို့တောင်းခံရာကို ပေး
သနားစေလိုပါသည်ဟု ကိုယ်တော်အား လျှောက်
၃၆။ ကြ၏။ ကိုယ်တော်က သင်တို့အတွက် မည်သည့်
အရာကို ငါပြုစေလိုသနည်းဟု သူတို့အားမေးတော်
၃၇။ မူ၏။ ထိုအခါသူတို့သည်ကျွန်တော်တို့နှစ်ယောက်
သည် ကိုယ်တော်၏ဘုန်းဂုဏ်တော်၌ လက်ယာ
ဘက်မှာတစ်ယောက်၊ လက်ဝဲဘက်မှာတစ်ယောက်
ထိုင်ရသောအခွင့်ကိုပေးတော်မူပါဟု လျှောက်ထား
၃၈။ ကြ၏။ သို့သော် သခင်**ယေရှု**က သင်တို့တောင်း
သောအရာကို သင်တို့မသိကြ။ ငါသောက်ရလတ္တံ့
သောခွက်ကို သင်တို့သောက်နိုင်ကြသလော။ သို့
မဟုတ် ငါခံယူသောဆေးကြောခြင်းကိုလည်း သင်
တို့ ခံယူနိုင်ကြမည်လောဟု မေးတော်မူသောအခါ။
၃၉။ သူတို့က တတ်နိုင်ပါ၏ဟု ပြန်လျှောက်ကြ၏။
သခင်**ယေရှု**ကလည်း ငါသောက်ရလတ္တံ့သော ခွက်
ကို သင်တို့ သောက်ကြရလိမ့်မည်။ ငါခံယူသော
ဆေးကြောခြင်းကိုလည်း သင်တို့ ခံယူကြရလိမ့်မည်
၄၀။ မှန်၏။ သို့သော် ငါ၏လက်ယာဘက်နှင့် လက်ဝဲ
ဘက်မှာထိုင်ရသောအခွင့်ကိုကား ငါပေးပိုင်ခွင့်မရှိ၊
ဤအခွင့်သည် ပြင်ဆင်ထားသော သူတို့အတွက်
၄၁။ ဖြစ်သည်ဟုမိန့်တော်မူ၏။ အခြားတပည့်တော်ဆယ်
ပါးတို့သည် ဤအကြောင်းကို ကြားသောအခါ
**ယာကုပ်**နှင့်**ယောဟန်**တို့အပေါ်အမျက်ထွက်ကြ၏။
၄၂။ သခင်**ယေရှု**သည် သူတို့ကိုခေါ်တော်မူ၍ မိန့်တော်
မူသည်မှာ လူမျိုးခြားတို့အပေါ် အုပ်စိုးကြရသည့်
ဘုရင်များသည် တိုင်းသူပြည်သားများအပေါ် အစိုး
တရပြုကြ၍ အကြီးအကဲများသည် မိမိတို့၏ဩဇာ
အာဏာကို အသုံးပြုကြရသည်ကို သင်တို့သိကြ၏။
၄၃။ သင်တို့တွင်မူကား၊ ထိုသို့မဖြစ်စေရ။ သင်တို့တွင်
အကြီးဆုံး ဖြစ်လိုသောသူသည် သင်တို့၏အစေခံ
၄၄။ ဖြစ်ရမည်။ သင်တို့တွင် ပထမဦးဆုံးဖြစ်လိုသော
၄၅။ သူသည် အားလုံး၏ ကျွန်ဖြစ်ရမည်။ အကြောင်း
မူကား၊ လူသားသည် သူတစ်ပါးကို စေခိုင်းခြင်း
ငှာမဟုတ်။ အစေခံခြင်းငှာလည်းကောင်း၊ မိမိ
အသက်ကိုစွန့်၍ လူများစွာကို ကယ်တင်ခြင်းငှာ
လည်းကောင်း ကြွလာသည် ဟုမိန့်တော်မူ၏။

## မျက်မမြင်ဘာတီမေဦးကို မျက်စိမြင်
## စေတော်မူခြင်း
## (မာ ၂၀း၂၉-၃၄၊ လု ၁၈း၃၅း၄၃)

၄၆။ သူတို့သည် **ဂျေရီခို**မြို့သို့ရောက်လာကြ၏။ ကိုယ်
တော်နှင့် တပည့်တော်တို့သည် လူအစုအဝေးနှင့်
အတူ **ဂျေရီခို**မြို့မှ ထွက်ခွာလာကြစဉ် **တီမေဦး**၏
သားဖြစ်သော မျက်မမြင် **ဘာတီမေဦး**သည် လမ်း
၄၇။ ဘေးတွင်ထိုင်လျက်တောင်းစားနေလေ၏။သူ သည်
**နာဇရက်**မြို့သား**ယေရှု** ကြွလာတော် မူကြောင်း
ကိုကြားလျှင် **ဒေးဗစ်**၏ သားတော်**ယေရှု**၊ကျွန်ုပ်ကို
သနားတော်မူပါဟု စတင်အော်ဟစ် အသနားခံလေ
၄၈။ ၏။ လူများသည် သူ့ကိုတိတ်တိတ်နေရန် ငေါက်
ငန်း ပြောဆိုကြသော်လည်း သူသည် **ဒေးဗစ်**၏
သားတော် ကျွန်ုပ်ကိုသနားတော်မူပါဟု ပို၍ကျယ်
၄၉။ လောင်စွာ အော်ဟစ်လေ၏။ သခင်**ယေရှု** သည်
ရပ်တန့်တော်မူ၍ သူ့ကိုခေါ်ကြလောဟု မိန့်
တော်မူ၏။ သူတို့သည်လည်း မျက်မမြင်ကိုခေါ်ကြ
လျက် အားမငယ်နှင့် ထလော့။ ကိုယ်တော်သည်
၅၀။ သင့်ကိုခေါ်နေပြီဟု သူ့အားဆိုကြ၏။ ထိုသူသည်
လည်းမိမိဝတ်ရုံကိုခွာပစ်၍၊ ခုန်ထကာ သခင်**ယေရှု**
၅၁။ အထံတော်သို့ လာလေ၏။ သခင်**ယေရှု**ကလည်း
သင့်အတွက် မည်သည့်အရာကို ပြုစေလိုသနည်းဟု
မေးတော်မူလျှင် မျက်မမြင်ကကျွန်ုပ်၏သခင်၊ကျွန်ုပ်
အားမျက်စိပြန်မြင်စေတော်မူပါဟုလျှောက်လေ၏။
၅၂။ သခင်**ယေရှု**က သွားလော့၊ သင်၏ယုံကြည်ခြင်း
သည်သင့်ကို ကယ်တင်လေပြီဟု မိန့်တော်မူလျှင်
သူသည် ချက်ချင်းမျက်စိမြင်၍၊ ကိုယ်တော်၏
နောက်သို့လိုက်လေ၏။

## အခန်းကြီး (၁၁)
## ဂျေရုဆလင်မြို့သို့ အခမ်းအနားဖြင့် ကြွဝင်တော်မူခြင်း
(မာ ၂၁း၁–၁၁၊ လု ၁၉း၂၈–၄၀၊ ယော ၁၂း၁၂–၁၉)
၁။ ကိုယ်တော်နှင့် တပည့်တော်တို့သည် **ဂျေရုဆလင်**
မြို့အနီးသို့ချဉ်းကပ်လာရာ သံလွင်တောင်ခြေရင်း ရှိ
**ဘက်ဖာဂျေ**ရွာနှင့် **ဘက်သနီ**ရွာများသို့ရောက်
သောအခါ၊ တပည့်တော်နှစ်ပါးကို စေလွှတ်၍၊
၂။ သူတို့အား ဤသို့မိန့်တော်မူ၏။ သင်တို့ရှေ့တွင်
ရှိသောရွာသို့ သွားကြလော့။ သင်တို့သည် ရွာထဲ
သို့ဝင်လျှင် မည်သူမျှ မစီးဖူးသေးသောမြည်းက
လေးတစ်ကောင် ချည်ထားလျက်ရှိသည်ကို ချက်
၃။ ချင်းတွေ့ရလိမ့်မည်။ အကယ်၍တစ်စုံတစ်ယောက်
က အဘယ်ကြောင့် ဤသို့ပြုကြသနည်းဟုမေးလျှင်
သခင်အလိုရှိသည်။ ချက်ချင်းပြန်ပို့ပေးမည်ဟု ဖြေ
၄။ ကြလော့ဟု မိန့်တော်မူ၏၏။ သူတို့သည်လည်း
သွားကြသောအခါ လမ်းဘေး၌ တံခါးတွင်ချည်
ထားသော မြည်းကလေးကိုတွေ့သဖြင့်ကြိုးဖြည်ကြ
၅။ ၏။ထိုနေရာတွင် ရပ်နေကြသောသူများက အဘယ့်
ကြောင့် မြည်းကလေးကို ကြိုးဖြည်ကြသနည်းဟု
၆။ သူတို့အား မေးကြ၏။ သူတို့သည်လည်း သခင်
**ယေရှု** မှာထားတော်မူသည့်အတိုင်း ပြောကြသဖြင့်
ထိုသူများသည် သူတို့အား မြည်းကိုယူသွားစေကြ
၇။ ၏။ သူတို့သည် မြည်းကလေးကို သခင်**ယေရှု**ထံ
တော်သို့ ဆွဲလာကြပြီးလျှင် မိမိတို့အဝတ်များကို
မြည်း၏ ကျောပေါ်မှာ တင်ကြသဖြင့် ကိုယ်တော်
၈။ သည်မြည်းကိုစီးတော်မူ၏။ များစွာသောလူတို့သည်
မိမိတို့အဝတ်များကို လမ်းပေါ်၌ ဖြန့်ခင်းကြ၏။
အချို့မှာမူကား သစ်ပင်များမှ အခက်အလက်များကို
၉။ ခုတ်ဖြတ်၍လမ်းပေါ်မှာဖြန့်ထားကြ၏။ကိုယ်တော်
၏ ရှေ့တော်မှလည်းကောင်း၊ နောက်တော်မှာ
လည်းကောင်း လိုက်ပါလာကြသော လူအပေါင်းတို့
ကလည်း **ဟိုဇာနာ**ဖြစ်စေသတည်း။ သခင်ဘုရား
၏နာမတော်နှင့် ကြွလာသော သူအား မင်္ဂလာရှိစေ
၁၀။ သတည်း။ ရောက်လာလတ္တံ့သော ငါတို့အဘ**ဒေးဗစ်**
၏နိုင်ငံတော်သည် မင်္ဂလာရှိစေသတည်း။အမြင့်ဆုံး
သောအရပ်၌ **ဟိုစာနာ** ဖြစ်စေသတည်းဟု ကြွေး
၁၁။ ကြော်ကြ၏။ ကိုယ်တော်သည် **ဂျေရုဆလင်**
မြို့တွင်းသို့ ရောက်တော်မူသောအခါ ဗိမာန်တော်ထဲ
သို့ဝင်တော်မူ၍၊ လှည့်လည်ကြည့်ရှုတော်မူ၏။ ည
ဦးအချိန်ရောက်ပြီ ဖြစ်သောကြောင့် တပည့်တော်
တစ်ဆယ့်နှစ်ပါးနှင့်အတူ **ဘက်သနီ**ရွာသို့ ကြွတော်
မူ၏။

## သဖန်းပင်ကိုကျိန်ဆိုခြင်း (မာ ၂၁း၁၈–၁၉)
၁၂။ နောက်တစ်နေ့၌ **ဘက်သနီ**ရွာမှ ပြန်ကြွလာတော်မူ
၁၃။ စဉ်၊ ကိုယ်တော်သည် ဆာမွတ်တော်မူ၏။ အရွက်
များဝေဆာနေသော သဖန်းပင်တစ်ပင်ကို အဝေးက
မြင်တော်မူလျှင် အသီးကိုတွေ့ရလိမ့်မည်ဟု ထင်
မှတ်လျက် ကိုယ်တော်သည် အပင်ရှိရာသို့ ကြွသွား
တော်မူ၏။ ကိုယ်တော်သည် အပင်ရှိရာသို့ ရောက်
သောအခါ သဖန်းသီးသီးချိန် မဟုတ်သောကြောင့်
အရွက်များမှတစ်ပါး မည်သည့်အရာကိုမျှတွေ့တော်
၁၄။ မမူချေ။ ထိုအခါ ကိုယ်တော်က ယခုမှစ၍၊
နောက်အစဉ်အဆက် သင်၏အသီးကိုမည်သူမျှမစား
စေရဟု သဖန်းပင်အား မိန့်တော်မူ၏။ တပည့်
တော်တို့သည်လည်း ထိုစကားကိုကြားကြ၏။

## ဗိမာန်တော်အတွင်း ရောင်းဝယ်နေသူများကို နှင်ထုတ်တော်မူခြင်း
(မာ၂၁း၁၂–၁၇၊ လု ၁၉း၄၅–၄၈၊ ယော ၂း၁၃–၂၂)
၁၅။ သူတို့သည် ဂျေရုဆလင်မြို့သို့ရောက်ကြသောအခါ
ကိုယ်တော်သည် ဗိမာန်တော်ထဲသို့ ဝင်တော်မူ၍၊
ဗိမာန်တော်အတွင်း ရောင်းဝယ်နေကြသော သူများ
ကိုစတင် နှင်ထုတ်တော်မူ၏။ ကိုယ်တော်သည် ငွေ
လဲလှယ်သောသူတို့၏ စားပွဲခုံများနှင့်ခိုများရောင်းချ
နေသူတို့၏ ထိုင်ခုံများကိုမှောက်လှန်ပစ်တော်မူ၏။
၁၆။ ဗိမာန်တော်အတွင်းဖြတ်သန်း၍၊ ပစ္စည်းများသယ်
ဆောင်ရန် မည်သူ့ကိုမျှ ကိုယ်တော်ခွင့်ပြုတော်မမူ။
၁၇။ ထို့နောက် ကိုယ်တော်က သွန်သင်ဟောပြော
တော်မူသည်မှာ ငါ၏အိမ်တော်ကို လူမျိုးအပေါင်း
တို့၏ဆုတောင်းရာအိမ်ဟု ခေါ်ခံရလိမ့်မည်ဟုကျမ်း
စာတွင်ရေးထားသည် မဟုတ်လော။သို့သော်သင်တို့
မူကား၊ သူခိုးဓားပြခိုအောင်းရာ နေရာဖြစ်စေကြပြီ
၁၈။ တကားဟုသူတို့အားဆို၏။ရဟန်းအကြီးအကဲများ
နှင့်ကျမ်းတတ်ဆရာများသည်ထိုအကြောင်းကိုကြား
ကြသောအခါ ကိုယ်တော့်ကို သတ်ရန်နည်း လမ်းရှာ
ကြံကြ၏။ အကြောင်းမူကား၊ လူအစုအဝေးတို့သည်
ကိုယ်တော်၏သွန်သင်ချက်ကိုအံ့သြ၍ မှိန်းကြသော
ကြောင့် သူတို့သည် ကိုယ်တော့်ကို ကြောက်ရွံ့ကြ

၁၉။ ၏။ ညအချိန်ရောက်သောအခါ ကိုယ်တော်နှင့်
တပည့်တော်တို့သည် မြို့တွင်းမှထွက်ခွာသွားကြ၏။

## ခြောက်သွေ့ညှိုးနွမ်းသွားသော သဖန်းပင်၏ သင်ခန်းစာ (မာ ၂၁း၂၀–၂၂)

၂၀။ နောက်တစ်နေ့နံနက်တွင် သူတို့သည်ဖြတ်သွားကြ
စဉ် သဖန်းပင်သည် အမြစ်မှစ၍ ခြောက်သွေ့သွား
၂၁။ သည်ကိုမြင်ကြ၏။ **ပေတရု**သည်သတိရ၍ သခင်
ဘုရားကြည့်တော်မူပါ။ ကိုယ်တော်ကျိန်ဆိုခဲ့သော
သဖန်းပင်သည် ခြောက်သွေ့သွားပါပြီဟု လျှောက်
၂၂။ လေ၏။ သခင်**ယေရှု**က သူတို့အား မိန့်တော်မူ
သည်မှာ ဘုရားသခင်၌ ယုံကြည်ခြင်းရှိကြလော့။
၂၃။ သင်တို့အား ငါအမှန်ဆိုသည်ကား စိတ်ထဲ၌ယုံမှား
သံသယမရှိဘဲ၊ မိမိပြောဆိုသည့်အတိုင်း ဖြစ်လာရ
မည်ဟု ယုံကြည်သောသူသည် ဤတောင်အား
သင်ရွေ့သွား၍ ပင်လယ်ထဲသို့ ဆင်းသက်လော့ဟု
၂၄။ ဆိုလျှင် သူဆိုသည့်အတိုင်းဖြစ်လိမ့်မည်။ထို့ကြောင့်
သင်တို့အားငါဆိုသည်ကား သင်တို့သည်ဆုတောင်း
မေတ္တာပြုကြသောအခါ သင်တောင်းသည့် ဆုကိုရပြီ
ဟုသင်ယုံကြည်လော့။ သင်ဆုတောင်း ပြည့်လိမ့်
၂၅။ မည်။ သင်တို့ ဆုတောင်းမေတ္တာပြုကြသောအခါ၊
သင်၌ သူတစ်ပါးအပေါ် အပြစ်တင်စရာရှိလျှင်
ခွင့်လွှတ်ကြလော့။ သို့မှသာ ကောင်းကင်ဘုံ၌
ရှိတော်မူသော သင်တို့အဘသည် သင်တို့၏
၂၆။ အပြစ်များကို အခွင့်လွှတ်တော်မူလိမ့်မည်။သို့သော်
သင်တို့သည် သူတစ်ပါးအပြစ်ကို အခွင့်မလွှတ်
လျှင် ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘ
သည် သင်တို့၏အပြစ်များကို အခွင့်လွှတ်တော်မူ
လိမ့်မည်မဟုတ်ဟု မိန့်တော်မူ၏။

## သခင်ယေရှု၏အခွင့်အာဏာကို မေးမြန်းကြခြင်း (မာ ၂၁း၂၃–၂၇၊ လု ၂၀း၁–၈)

၂၇။ သူတို့သည် **ဂျေရုဆလင်**မြို့သို့ တစ်ဖန်ရောက်လာ
ကြပြန်၏။ ကိုယ်တော်သည် ဗိမာန်တော်တွင်
စကြံလျှောက်နေစဉ် ရဟန်းအကြီးအကဲများ၊ ကျမ်း
တတ်ဆရာများနှင့် သက်ကြီးဝါကြီးတို့သည် အထံ
၂၈။ တော်သို့ ချဉ်းကပ်ကြ၍၊ သင်သည် ဤအမှုအရာ
များကို မည်သည့်အခွင့်အာဏာနှင့် ပြုပါသနည်း။
ဤအခွင့်အာဏာကိုသင့်အား မည်သူပေးသနည်းဟု
၂၉။ မေးမြန်းကြ၏။ သခင်**ယေရှု**က ငါသည်လည်း
သင်တို့ကို မေးခွန်းတစ်ခုမေးမည်။ သင်တို့ ငါ့ကို
ဖြေကြလျှင် ငါသည်လည်း ဤအရာများကို မည်
သည့်အခွင့်အာဏာနှင့် ငါပြုကြောင်း သင်တို့အား
၃၀။ ငါပြောမည်။ **ယောဟန်**၏ ဆေးကြောခြင်းသည်
ကောင်းကင်မှ လာသလော။ သို့မဟုတ် လူတို့ထံမှ
လော။ ငါ့ကိုဖြေကြပါဟု သူတို့အား မိန့်တော်
၃၁။ မူ၏။ သူတို့မူကား၊ အချင်းချင်းပြောဆိုကြသည်မှာ
ကောင်းကင်မှလာသည်ဟု ငါတို့ဆိုကြလျှင် သင်
တို့သူ့ကို အဘယ်ကြောင့်မယုံကြသနည်းဟု ငါတို့
၃၂။ အားဆိုလိမ့်မည်။ လူတို့ထံမှဟု ငါတို့ဆိုမည်လော
ဟု သူတို့ဆွေးနွေးကြ၏၊ အဘယ်ကြောင့်ဆိုသော်
သူတို့သည် လူများကိုကြောက်ရွံ့ကြ၏။ အကြောင်း
မူကား၊ လူအားလုံးတို့သည် **ယောဟန်**ကိုပရောဖက်
ဧကန်အမှန် ဖြစ်သည်ဟု လက်ခံထားကြသော
၃၃။ ကြောင့်ဖြစ်၏။ သို့ဖြစ်၍ သူတို့က ကျွန်တော်တို့
မသိပါဟု**ယေရှု**အား ဖြေကြားကြ၏။ သခင်**ယေရှု**
ကလည်း သို့ဖြစ်လျှင် ဤအရာများကို မည်သည့်
အခွင့်အာဏာနှင့် ငါပြုကြောင်း သင်တို့အား ငါ
ပြောလိမ့်မည်မဟုတ်ဟု မိန့်တော်မူ၏။

## အခန်းကြီး (၁၂)

## စပျစ်ဥယျာဉ်သီးစားလုပ်သူတို့၏ ပုံဥပမာ (မာ ၂၁း၃၃–၄၆၊ လု ၂၀း၉–၁၉)

၁။ ထို့နောက် ကိုယ်တော်သည် သူတို့အားပုံဥပမာ
စကားဖြင့်စတင်ဟောပြောတော်မူ၏။ ကိုယ်တော်က
လူတစ်ဦးသည် စပျစ်ဥယျာဉ်တစ်ခုကို စိုက်ပျိုး၍၊
ခြံဝင်းကာပြီးလျှင် စပျစ်သီးနယ်ရန် ကျင်းကိုတူး
လေ၏။ သူသည်မျှော်စင်ကိုလည်း ဆောက်ထားပြီး
သီးစားလုပ်သူတို့အား စပျစ်ခြံကို ငှားရမ်းထားခဲ့၍၊
၂။ ရပ်ဝေးသို့ထွက်သွားလေ၏။ အချိန်တန်သောအခါ
သီးစားငှားထားသူများထံသို့ မိမိအစေခံတစ်ဦးကို
၃။ စေလွှတ်လိုက်၏။ ထိုသူတို့သည် အစေခံကိုဖမ်း၍
ရိုက်နှက်ကြပြီးလျှင် လက်ချည်းဗလာ ပြန်လွှတ်
၄။ လိုက်လေ၏။ တစ်ဖန် စပျစ်ဥယျာဉ်ရှင်သည်

အခြားသော အစေခံတစ်ယောက်ကို ထိုသူတို့ထံသို့
စေလွှတ်ပြန်လျှင် သူတို့သည် ဤသူ့ကို ဦးခေါင်း
တွင် ဒဏ်ရာရစေပြီး အရှက်ရအောင်ပြုမူဆက်ဆံကြ
၅။ ၏။ စပျစ်ဥယျာဉ် ပိုင်ရှင်သည် နောက်တစ်ဖန်
အခြားအစေခံတစ်ယောက်ကို စေလွှတ်ပြန်လျှင် ထို
သူတို့သည် သူ့ကိုသတ်ပစ်ကြ၏။ ထို့နောက် သူ
သည်များစွာသော အစေခံတို့ကိုစေလွှတ်သော်လည်း
ထိုသူတို့သည် အစေခံအချို့ကိုရိုက်နှက်ကြ၍၊ အချို့
၆။ ကိုသတ်ပစ်ကြ၏။ စပျစ်ဥယျာဉ်ပိုင်ရှင်၌ သူချစ်
သောသားတစ်ဦးတည်းကိုသာ စေလွှတ်ရန်ကျန်၏။
နောက်ဆုံး၌မူ ဥယျာဉ်ပိုင်ရှင်က သူတို့သည်ငါ့သား
ကို လေးစားကြပေလိမ့်မည်ဟုဆိုလျက် မိမိသားကို
၇။ သူတို့ထံသို့စေလွှတ်လေ၏။ သို့သော် သီးစားလုပ်
သူတို့က ဤသူသည် အမွေခံသားဖြစ်၏။ လာကြ၊
သူ့ကိုသတ်ကြစို့။ သူ၏အမွေကို ငါတို့ရကြလိမ့်
၈။ မည်ဟု အချင်းချင်းပြောဆိုကြ၏။ ထို့နောက် သူ
တို့သည် သူ့ကိုဖမ်း၍သတ်ကြပြီးလျှင် စပျစ်ဥယျာဉ်
၉။ အပြင်၌ ပစ်ထားကြလေ၏။ သို့ဖြစ်လျှင် စပျစ်
ဥယျာဉ်ရှင်သည် ထိုသူတို့အား မည်သို့ပြုလိမ့်
မည်နည်း။ သူသည်လာ၍ ထိုသူတို့ကို သုတ်သင်
ဖျက်ဆီးပြီးနောက် စပျစ်ဥယျာဉ်ကို အခြားသူတို့
၁၀။ အားပေးလိမ့်မည်။ ဤကျမ်းချက်ကို သင်တို့ မဖတ်
ဖူးကြသလော။ တိုက်ဆောက်သော သူတို့ပယ်
ထားသော ကျောက်သည် ထောင့်ချုပ်ကျောက်ဖြစ်
၁၁။ လာလေပြီ။ ဤအမှုသည် ဘုရားသခင် ပြုတော်မူ
သော အမှုဖြစ်၍ ငါတို့မျက်စိရှေ့၌လည်း အံ့ဖွယ်
ရာဖြစ်လေပြီဟူ၍တည်းဟု မိန့်တော်မူ၏။
၁၂။ ဤပုံဥပမာအားဖြင့် ကိုယ်တော်သည် သူတို့ကို
ရည်ညွှန်းပြောဆိုတော်မူကြောင်း သိကြသဖြင့် သူ
တို့သည် ကိုယ်တော့်ကိုဖမ်းဆီးရန် ကြိုးပမ်းကြ၏။
သို့သော် သူတို့သည် လူအစုအဝေးကို ကြောက်ရွံ့
ကြသောကြောင့် ကိုယ်တော့်ကိုထားခဲ့၍ ထွက်ခွာ
သွားကြ၏။

## အခွန်ဆက်သဖြင်းအကြောင်း မေးမြန်းကြခြင်း

(မာ ၂၂:၁၅–၂၂၊ လု ၂၀:၂၀–၂၆)

၁၃။ ထို့နောက် သူတို့သည် ကိုယ်တော်၏စကားအပေါ်
တွင် အပြစ်ရှာရန် **ဖာရိဇေဦး**များနှင့် **ဟေရုဒ်**၏
ဘက်တော်သားအချို့ကို ကိုယ်တော့်ထံ စေလွှတ်
၁၄။ လိုက်ကြ၏။ ထိုသူတို့သည် ကိုယ်တော့်ထံတော်
သို့လာကြ၍၊ ဆရာသခင် သင်သည်ဟုတ်မှန်ရာကို
ပြောသောသူဖြစ်၍ မည်သူ့ကိုမျှ ငဲ့ညှာထောက်ထား
ခြင်းမရှိကြောင်းကျွန်တော်တို့သိကြပါ၏။အကြောင်း
မူကား၊ သင်သည် လူ့မျက်နှာကိုမထောက်၊ အဆင့်
အတန်းလည်း မခွဲခြားဘဲ ဘုရား သခင်၏တရား
လမ်းတော်ကို မှန်ကန်စွာသွန်သင် တော်မူသော
ကြောင့်ဖြစ်ပါ၏။**ဆီဇာ**ဘုရင်အားအခွန်ဆက်သအပ်
သလော။ မဆက်သအပ်ပါသလော။
၁၅။ ကျွန်တော်တို့သည် အခွန် ဆက်သသင့်သလော။
မဆက်သသင့်သလောဟု ကိုယ်တော့်ကိုမေးမြန်းကြ
၏။ ကိုယ်တော်သည် သူတို့၏ကောက် ကျစ်သော
အကြံအစည်ကိုသိမြင်တော်မူသဖြင့် အဘယ့်ကြောင့်
ငါ့ကိုအပြစ်ရှာကြသနည်း။ငွေဒင်္ဂါးတစ်ပြားကို ငါ့ထံ
သို့ယူခဲ့ကြလော့။ ငါကြည့်ပါရစေဟု သူတို့အားမိန့်
၁၆။ တော်မူ၏။ သူတို့သည်လည်း ငွေဒင်္ဂါးပြားတစ်ပြား
ကိုယူလာကြ၏။ ထိုအခါ ကိုယ်တော်က ဤပုံနှင့်
ကမ္ပည်းလိပ်စာသည် မည်သူ၏ပုံနှင့်ကမ္ပည်းလိပ်စာ
ဖြစ်သနည်းဟု သူတို့အားမေးတော်မူ၏။ သူတို့က
လည်း **ဆီဇာ**၏ပုံနှင့် ကမ္ပည်းလိပ်စာဖြစ်ပါသည်ဟု
၁၇။ ဆိုကြ၏။ သခင်**ယေရှု**ကလည်း ဤသို့ဆိုလျှင်
**ဆီဇာ**နှင့်ဆိုင်ရာကိုဆီဇာအားပေးကြလော။ဘုရားနှင့်
ဆိုင်ရာကိုဘုရားသခင်အားပေးကြလော့ဟုသူတို့အား
မိန့်တော်မူ၏။ သူတို့သည်လည်း ကိုယ်တော်ကို
အလွန်အံ့သြကြ၏။

## ရှင်ပြန်ထမြောက်ခြင်းအကြောင်း

(၂၂:၂၃–၃၃၊ လု ၂၀:၂၇–၄၀)

၁၈။ ထို့နောက် ရှင်ပြန်ထမြောက်ခြင်းမရှိဟု ဆိုကြသော
**ဇဒ္ဒုဇေဦး**တို့သည် ကိုယ်တော့်ထံတော်သို့ လာကြ၍
ကိုယ်တော့်ကို မေးလျှောက်ကြ၏။
၁၉။ သူတို့က ဆိုကြသည်မှာဆရာသခင်၊လူတစ်ယောက်
၏အစ်ကိုသည် သားသမီးမထွန်းကားဘဲသေဆုံး၍၊
မယားက ကျန်ရစ်လျှင် အစ်ကိုဖြစ်သူ၏အမျိုးဆက်
မပြတ်စေရန် ညီဖြစ်သူသည်ကျန်ရစ်သောမယားကို
ယူစေဟု **မိုးဇက်** ကျွန်တော်တို့အတွက် စီရင်ထား
၂၀။ ခဲ့ပါသည်။ တစ်ခါက ညီအစ်ကိုခုနစ်ယောက်ရှိခဲ့
ပါသည်။ အစ်ကိုအကြီးဆုံးသည် အိမ်ထောင်ကျပြီး
သားသမီးမထွန်းကားဘဲ သေဆုံးသွားလေ၏။
၂၁။ ဒုတိယအစ်ကိုသည် ပထမသူ၏မယားနှင့် အိမ်
ထောင်ဆက်ပြီးမှ သူသည်လည်း သားသမီးမရဘဲ၊
သေဆုံးလေ၏။ တတိယအစ်ကိုသည်လည်း ထို

၂၂။ နည်းတူပြု၏။ ဤသို့ဖြင့် ညီအစ်ကိုခုနစ်ယောက်
လုံးသည် သူမနှင့်ပေါင်းဖက်၍ သားသမီးမထွန်း
ကားဘဲ၊ သေဆုံးကြ၏။ နောက်ဆုံး၌ မိန်းမသည်
၂၃။ လည်းသေဆုံးလေ၏။ သို့ဖြစ်လျှင်ရှင်ပြန်ထမြောက်
ရာနေ့တွင် သူမသည်မည်သူ၏မယားဖြစ်မည်နည်း။
အကြောင်းမူကား၊ သူတို့ခုနစ်ယောက်သည်သူမနှင့်
၂၄။ ပေါင်းသင်းခဲ့ကြလေပြီဟု ဆိုကြ၏။ သခင်**ယေရှု**
က သင်တို့သည် ကျမ်းစာတော်ကို နားမလည်၊
ဘုရားသခင်၏ တန်ခိုးတော်ကိုလည်း မသိကြသော
၂၅။ ကြောင့် အယူအဆ လွဲမှားနေကြ၏။ အကြောင်းမူ
ကား၊ သူတို့သည် သေရာမှရှင်ပြန်ထမြောက်ကြ
သောအခါ ထိမ်းမြားခြင်းလည်းမပြု၊ ပေးစားခြင်း
လည်းမခံကြရ။ ကောင်းကင်ဘုံမှာရှိသော ကောင်း
၂၆။ ကင်တမန်များကဲ့သို့ ဖြစ်ကြလိမ့်မည်။ သေလွန်သူ
တို့ ရှင်ပြန်ထမြောက်မည့်အကြောင်းကို **မိုးဇက်**၏
ကျမ်း၌ သင်တို့မဖတ်ဘူးကြသလော။ မီးတောက်
လောင်နေသော ချုံအကြောင်းကို ရေးထားသော
ကျမ်းပိုဒ်တွင်ဘုရားသခင်က ငါသည်**အာဘရာဟမ်**
၏ဘုရား၊ **အီဇတ်**၏ဘုရား၊ **ယာကုပ်**၏ဘုရားဖြစ်
၂၇။ သည်ဟု **မိုးဇက်**အား မိန့်တော်မူ၏။ ဘုရားသခင်
သည် သေသောသူတို့၏ ဘုရားမဟုတ်။ အသက်
ရှင်သောသူတို့၏ ဘုရားဖြစ်တော်မူ၏။ သို့ဖြစ်၍
သင်တို့သည် အလွန်ပင် လွဲမှားနေကြပြီတကားဟု
မိန့်တော်မူ၏။

## အကြီးမြတ်ဆုံးသော ပညတ်တော်
## (မာ ၃၄း၄၀၊ လု ၁၀း၂၅–၂၈)

၂၈။ သူတို့နှင့် ကိုယ်တော် ဆွေးနွေးငြင်းခုံနေကြသည်
ကိုကြား၍ ကိုယ်တော်သည် သူတို့အား ကောင်းစွာ
ဖြေကြားနိုင်သည်ကို ကျမ်းတတ်ဆရာတစ်ဦးမြင်
လျှင် အထံတော်သို့ချဉ်းကပ်၍ ပညတ်တော်အား
လုံးတွင်မည်သည့်ပညတ်သည်ပဌမဖြစ်ပါသနည်း
၂၉။ ဟု ကိုယ်တော်အား မေးလျှောက်လေ၏။ သခင်
**ယေရှု**ကလည်း ပဌမပညတ်သည်ကား၊ အို **အစ္စ
ရေးလ်**လူမျိုး နားထောင်လော့။ ငါတို့၏ဘုရား
သခင်၊ ထာဝရဘုရားသည် တစ်ဆူတည်းသော
၃၀။ ဘုရားဖြစ်တော်မူ၏။ သင်၏အရှင်ဘုရားသခင်ကို
သင်၏ နှလုံးအကြွင်းမဲ့စိတ်အားရှိသမျှ၊ ဉာဏ်အား
၃၁။ ရှိသမျှ၊ ခွန်အားရှိသမျှချစ်လော့။ ဒုတိယပညတ်
သည်ကား၊ ဤသို့လာ၏။ သင်နှင့်နီးစပ်သောသူကို
သင့်ကိုယ်ကို သင်ချစ်သကဲ့သို့ ချစ်လော့။ဤပညတ်
တို့ထက်သာ၍ ကြီးမြတ်သောပညတ်မရှိဟုဖြေကြား
၃၂။ တော်မူ၏။ ကျမ်းတတ်ဆရာကလည်း မှန်ပါ၏။
ဆရာသခင်၊ မှန်သည်အတိုင်း ကိုယ်တော်မိန့်တော်
မူပါ၏။ ဘုရားသခင်သည် တစ်ဆူတည်းဖြစ်တော်
မူ၍၊ ထာဝရဘုရားမှတစ်ပါး အခြားဘုရားမရှိပေ။
၃၃။ ဘုရားသခင်အား နှလုံးအကြွင်းမဲ့၊ ဉာဏ်စွမ်းရှိသမျှ
ခွန်အားရှိသမျှ ချစ်ခြင်းနှင့် မိမိ၏နီးစပ်သောသူကို
ကိုယ့်ကိုယ်ကို ချစ်သကဲ့သို့ ချစ်ခြင်းသည် မီးရှို့ပူ
ဇော်သော ယဇ်ကောင်များနှင့် ယဇ်ပူဇော်ခြင်းတို့
ထက်သာ၍ မြတ်ပါ၏ဟု ကိုယ်တော်အားလျှောက်
၃၄။ လေ၏။ ဤသူသည် ပညာသတိနှင့်ဖြေကြားသည်
ကို သခင်**ယေရှု**မြင်တော်မူသောအခါ၊ သင်သည်
ဘုရားသခင်၏ နိုင်ငံတော်နှင့်ဝေးလှသည်မဟုတ်ဟု
သူ့အားမိန့်တော်မူ၏။ ထို့နောက် မည်သူမျှ ကိုယ်
တော့်ကို မေးခွန်းမမေးဝံ့တော့ချေ။

## မေဆီယသည် ဒေးဗစ်၏သားတော်
## (မာ ၂၂း၄၁–၄၆၊ လု ၂၀း၄၁–၄၄)

၃၅။ သခင်**ယေရှု**သည် ဗိမာန်တော်တွင် ဟောပြောသွန်
သင်တော်မူစဉ်သူတို့အားမိန့်တော်မူသည်ကား၊ ခရစ်
တော်သည် **ဒေးဗစ်**၏ သားတော်ဟုအဘယ်ကြောင့်
၃၆။ ကျမ်းတတ်ဆရာများဆိုနိုင်ကြသနည်း။**ဒေးဗစ်**ဘုရင်
ကိုယ်တိုင်သည် ဝိညာဉ်တော်၏ နှိုးဆော်ခြင်းအား
ဖြင့် ဝန်ခံသည်ကား သခင်ဘုရားက ငါ့သခင်အား
မိန့်တော်မူသည်မှာသင်၏ရန်သူများကို သင်၏ခြေ
ဖဝါးအောက်သို့ငါရောက်စေမည့်တိုင်အောင် ငါ၏
၃၇။ လက်ယာဘက်မှာထိုင်လော့ ဟူ၍တည်း။ **ဒေးဗစ်**
ကိုယ်တိုင်က ခရစ်တော်ကို သခင်ဟူ၍ခေါ်လျှင်
ခရစ်တော်သည် မည်ကဲ့သို့သူ၏သားတော်ဖြစ်မည်
နည်းဟုမေးတော်မူ၏။ များစွာသော လူအစုအဝေး
တို့သည်လည်း ကိုယ်တော့်ကို၏စကားဝမ်းသာအား
ရကြားနာကြ၏။

## ကျမ်းတတ်ဆရာတို့ကို အပြစ်တင်တော်မူခြင်း
## (မာ ၂၃း၁–၇၊ လု ၂၀း၄၅–၄၇)

၃၈။ ကိုယ်တော်သည် ဟောပြောသွန်သင်ရာ၌ မိန့်တော်
မူသည်ကား ကျမ်းတတ်ဆရာများကို သတိပြုကြ

လော့။ သူတို့သည် ဝတ်ရုံရှည်များကိုဝတ်ဆင်လျက်
သွားလာလိုကြ၍ ဈေးလယ်တွင် နှုတ်ဆက်ခံရခြင်း
၃၉။ ကိုနှစ်သက်ကြ၏။ သူတို့သည် တရားဇရပ်များတွင်
အကောင်းဆုံးသော ထိုင်ခုံနေရာများနှင့် ပွဲအခမ်း
အနားတွင် ဂုဏ်ရှိသောနေရာများကို နှစ်သက်ကြ
၄၀။ ၏။ သို့သော် သူတို့သည် မုဆိုးမတို့၏ အိုးအိမ်
ပစ္စည်းများကို မတရားသိမ်းယူတတ်ကြပြီး လူမြင်
ကောင်းစေရန် ရှည်လျားစွာ ဆုတောင်းပဌနာပြု
တတ်ကြ၏။ ထိုသူတို့သည် ပို၍ကြီးလေးသော
အပြစ်ဒဏ်ကို ခံကြရလိမ့်မည်ဟု မိန့်တော်မူ၏။

## မုဆိုးမ၏ အလှူငွေ (လု ၂၁း၁–၄)

၄၁။ ထို့နောက် ကိုယ်တော်သည် ဗိမာန်တော်အလှူခံ
သေတ္တာကို မျက်နှာမူ၍ ထိုင်နေတော်မူလျက် လူ
များစွာတို့သည် အလှူခံသေတ္တာအတွင်းသို့ အလှူ
ငွေများထည့်ကြသည်ကို ကြည့်ရှုတော်မူ၏။ ဥစ္စာ
ချမ်းသာကြွယ်ဝသော သူများစွာတို့သည် ငွေ
၄၂။ အမြောက်အများထည့်ဝင်ကြ၏။ ဆင်းရဲသောမုဆိုး
မတစ်ယောက်သည် လာ၍ တစ်ပဲနှင့်ညီမျှသော
၄၃။ ကြေးနီပြားနှစ်ပြားကို ထည့်လေ၏။ ကိုယ်တော်
သည် မိမိတပည့်တော်တို့ကို အထံတော်သို့ခေါ်
တော်မူ၍ သူတို့အား မိန့်တော်မူသည်မှာ သင်တို့
အား ငါအမှန်ဆိုသည်ကား၊ အလှူငွေသေတ္တာ
အတွင်း၌ထည့်ကြသော သူအားလုံးထက် ဤဆင်းရဲ
၄၄။ သူမုဆိုးမသည် ပို၍ထည့်ဝင်ခဲ့၏။ အကြောင်းမူ
ကား၊ ထိုသူအားလုံးတို့သည် မိမိတို့၏ပိုလျှံသော
ငွေထဲမှ အလှူငွေကိုထည့်ကြ၏။ ဤသူမသည်
ကား အလွန်ဆင်းရဲလျက်ပင် မိမိဝမ်းစာအတွက် ရှိ
သမျှကိုထည့်ဝင်လေပြီဟု မိန့်တော်မူ၏။

# အခန်းကြီး (၁၃)

## ဗိမာန်တော် ပျက်စီးမည့်အကြောင်း မိန့်တော်မူခြင်း (မာ ၂၄း၁–၃၊ လု ၂၁း၅–၇)

၁။ ကိုယ်တော်သည် ဗိမာန်တော်မှထွက်လာတော်မူစဉ်
တပည့်တော်တစ်ပါးက ဆရာသခင်၊ ကြည့်တော်မူ
ပါ။ အံ့ဘွယ်တမျှ ကြီးကျယ်ခမ်းနားလှသော
ကျောက်တုံးများနှင့် အဆောက်အဦးများဖြစ်ပါသည်
၂။ တကားဟု လျှောက်ထားလေ၏။ သခင်**ယေရှု**က
လည်း ဤကြီးကျယ်ခမ်းနားလှသော အဆောက်
အဦးများကို သင်တို့မြင်ကြသလော။ ဤနေရာ တွင်
ကျောက်တုံးတစ်တုံးပေါ် တစ်တုံးတင်၍
မကျန်ရစ်သည့် တိုင်အောင် ပြိုပျက်လိမ့်မည်ဟုမိန့်
၃။ တော်မူ၏။ ထို့နောက် ကိုယ်တော်သည် သံလွင်
တောင်ပေါ်၌ ဗိမာန်တော်ဖက်သို့ မျက်နှာမူလျက်
ထိုင်နေတော်မူစဉ် **ပေတရု**၊ **ယာကုပ်**၊ **ယောဟန်**နှင့်
**အာဒြေးယ**တို့သည်အခြားသူများမရှိခိုက်ကိုယ်တော့်
၄။ ကို မေးလျှောက်ကြ၏။ ထိုနေရာများသည် မည်
သည့်အချိန်တွင် ဖြစ်ပျက်ပါမည်နည်း။ ထိုအရာ
အားလုံးဖြစ်ပျက်မည့် အချိန်တွင်မည်သို့သောနိမိတ်
လက္ခဏာဖြစ်ပေါ်မည်နည်း။ တပည့်တော်တို့အား
အမိန့်ရှိတော်မူပါဟု မေးလျှောက်ကြ၏။

## ညှင်းပန်းနှိပ်စက်ခြင်းများအကြောင်း (မာ ၂၄း၉–၁၄၊ လု ၂၀း၁၂–၁၉)

၅။ သခင်ယေရှုသည် သူတို့အားစတင် မိန့်တော်မူ
သည်ကား၊ သင်တို့ကို မည်သူမျှမလှည့်ဖြားစေခြင်း
၆။ ငှာ သတိပြုကြလော့။ အကြောင်းမူကား များစွာ
သောသူတို့သည် ငါသည် ထိုသူဖြစ်၏ဟုဆိုကြ
လျက် ငါ၏အမည်ကို ခံ၍ လူအများကိုလှည့်ဖြား
၇။ ကြလိမ့်မည်။ သင်တို့သည်စစ်ပွဲများနှင့် စစ်ဖြစ်ခြင်း
အကြောင်းကို ကြားကြသောအခါ ထိတ်လန့်တုန်
လှုပ်ခြင်းမရှိကြနှင့်။ ဤအရာများသည် ဖြစ်ပျက်ရ
မည်။ သို့သော်လည်း အဆုံးကာလမရောက်သေး။
၈။ အကြောင်းမူကား၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ နိုင်ငံ
တစ်နိုင်ငံနှင့် တစ်နိုင်ငံ ရန်ဘက်ပြုကြလိမ့်မည်။
နေရာအနှံ့အပြားတွင် ငလျင်လှုပ်ခြင်းနှင့် ငတ်မွတ်
၉။ ခေါင်းပါးခြင်းများဖြစ်ကြလိမ့်မည်။ သင်တို့မူကား၊
မိမိကိုယ် မိမိသတိပြုလော့။ အကြောင်းမူကား၊ လူ
တို့သည် သင်တို့ကို တရားရုံးတွင် အပ်နှံကြလိမ့်
မည်။ တရားဇရပ်များ၌ သင်တို့ကိုရိုက်နက်ကြလိမ့်
မည်။ သင်တို့သည် ငါ့အတွက် သက်သေခံရန် မြို့
ဝန်များနှင့် ဘုရင်များရှေ့သို့ ရောက်ကြရလိမ့်မည်။
၁၀။ ဧဝံဂေလိ သတင်းကောင်းကို လူမျိုးအပေါင်းတို့အား
၁၁။ ပထမဦးစွာ ဟောပြောကြရလိမ့်မည်။ လူတို့ သည်
သင်တို့ကို တရားစီရင်ရန်နှင့် အပ်နှံရန် တရား
ရုံးသို့ ခေါ်ဆောင်သွားကြသောအခါ သင်တို့မည်
သည့်အရာပြောဆိုရမည်ကို ကြိုတင်စိုးရိမ်ပူပန်ခြင်း

မရှိကြနှင့်။ ထိုအချိန်နာရီ၌ သင်တို့ရရှိသော
စကားများကိုသာ ပြောဆိုကြလော့။ အကြောင်းမူ
ကား၊ ပြောဆိုမည့်သူသည် သင်တို့မဟုတ်။ သန့်
ရှင်းသောဝိညာဉ်တော်သည် သင်တို့၌ပြောဆိုတော်
၁၂။ မူခြင်းဖြစ်၏။ ညီအစ်ကိုချင်း တစ်ယောက်ကိုတစ်
ယောက်သေစေရန် အပ်နှံကြလိမ့်မည်။ အဘသည်
သားကို သေစေရန် အပ်နှံလိမ့်မည်။ သားသမီးများ
သည်လည်း မိဘတို့ကိုရန်ဘက်ပြု၍ သူတို့ကို
၁၃။ သတ်စေကြလိမ့်မည်။ ငါ၏နာမတော်အတွက် လူ
အပေါင်းတို့သည် သင်တို့ကို မုန်းတီးကြလိမ့်မည်။
သို့သော် အဆုံးတိုင်အောင် တည်ကြည်သောသူ
သည် ကယ်တင်ခြင်းခံရလိမ့်မည်။

## ထိတ်လန့်ဖွယ်ဘေးဒုက္ခကြီးများ
(မာ ၂၄း၁၅–၂၈၊ လု ၂၁း၂၀–၂၄)

၁၄။ စက်ဆုပ်ရွံ့ရှာဖွယ် ပျက်စီးခြင်းသည် မရှိအပ်သော
ဌာနတွင် ဖြစ်ပေါ်လာသည်ကို သင်တို့မြင်ကြသော
အခါ (စာဖတ်သူသည်နားလည်ပါစေ)ဂျူဒေယပြည်
တွင်ရှိသောလူတို့သည်တောင်များပေါ်သို့ထွက်ပြေး
၁၅။ ကြစေ။ အိမ်မိုးပေါ်မှာ ရှိသောသူသည် အိမ်ထဲသို့
မဆင်းစေနှင့်။ အိမ်တွင်ရှိသော တစ်စုံတစ်ခုကိုယူ
၁၆။ ရန် အိမ်တွင်းသို့ မဝင်စေနှင့်။ လယ်ထဲ၌ရှိသော
သူသည်လည်း မိမိဝတ်ရုံကိုယူရန် အိမ်သို့မပြန်စေ
၁၇။ နှင့်။ ထိုနေ့ရက်များတွင်မူကား ကိုယ်ဝန်ဆောင်
မိန်းမတို့နှင့်နို့စို့သူငယ်ရှိသောမိခင်တို့သည် ဒုက္ခ
၁၈။ ရောက်ကြလိမ့်မည်။ ဤအချင်းအရာသည် ဆောင်း
ကာလတွင် မဖြစ်ပါစေမည့်အကြောင်း ဆုတောင်း
၁၉။ ကြလော့။ အကြောင်းမူကား၊ ကမ္ဘာဦးမှစ၍ ယခု
တိုင် မဖြစ်ဘူးသေးသော၊ နောင်တွင်လည်းဖြစ်ပျက်
လိမ့်မည်မဟုတ်သော ဆင်းရဲဒုက္ခကြီးသည် ထိုနေ့
၂၀။ ရက်များတွင် ကျရောက်လိမ့်မည်။ သခင်ဘုရား
သည် ထိုနေ့ရက်များကို မလျော့နည်းစေပါလျှင်
မည်သည့်လူသားမျှ လွတ်မြောက်လိမ့်မည် မဟုတ်၊
သို့သော် မိမိ ရွေးကောက်ထားတော်မူသော သူများ
အတွက် ကိုယ်တော်သည် ထိုနေ့ရက်များကိုလျော့
၂၁။ နည်းစေတော်မူ၏။ ထိုကာလ၌ တစ်စုံတစ်ယောက်
က ကြည့်လော့၊ ခရစ်တော်သည် ဤအရပ်မှာရှိ
သည်။ သို့မဟုတ် ထိုအရပ်မှာရှိသည်ဟု သင်တို့
၂၂။ အားဆိုလျှင်မယုံကြနှင့်။ ခရစ်တော် အတုအယောင်
များနှင့် ပရောဖက်အတုအယောင်များ ပေါ်လာကြ၍
နိမိတ် လက္ခဏာများနှင့် အံ့ဘွယ်တန်ခိုးများကို
ပြကြသည်မှာ ရွေးကောက်ခြင်းခံရသူများကိုပင်
၂၃။ လှည့်ဖြား သွေးဆောင်နိုင်ကြရန်ဖြစ်၏။ ထို့ကြောင့်
သတိပြုကြလော့။ ငါသည် ဤအကြောင်းအရာများ
ကို သင်တို့အား ကြိုတင်အသိပေးထားလေပြီ။

## လူ့သား၏ကြွလာတော်မူခြင်း
(မာ ၂၄း၂၉–၃၁၊ လု ၂၁း၂၅–၂၈)

၂၄။ ဆင်းရဲဒုက္ခများကျရောက်ပြီးနောက် ထိုနေ့ရက်များ
တွင် နေသည် မှောင်မိုက်သွားလိမ့်မည်။ လသည်
၂၅။ လည်း အလင်းမပေးဘဲ နေလိမ့်မည်။ ကောင်းကင်
မှကြယ်များ ကြွေကျကြလိမ့်မည်။ ကောင်းကင်ရှိ
တန်ခိုးစွမ်းအင်များသည် တုန်လှုပ်ချောက်ချားကြ
၂၆။ လိမ့်မည်။ ထို့နောက် လူ့သားသည် မိုးတိမ်ကိုစီး
လျက် ကြီးမားသော ဘုန်းတန်ခိုး အာနုဘော်တော်
နှင့်ကြွလာတော်မူသည်ကို သူတို့တွေ့မြင်ကြရလိမ့်
၂၇။ မည်။ ကိုယ်တော်သည် မိမိ၏ကောင်းကင်တမန်
များကိုစေလွှတ်၍ ရွေးကောက်ခြင်းခံရသောသူများ
ကို ကမ္ဘာမြေကြီးအစွန်းမှ ကောင်းကင်အစွန်းတိုင်
အောင် အရပ်လေးမျက်နှာမှာ ခေါ်ယူစုရုံးတော်မူ
လိမ့်မည်။

## သဖန်းပင်မှ သင်ခန်းစာ
(မာ ၂၄း၃၂–၃၅၊ လု ၂၁း၂၉–၃၃)

၂၈။ သဖန်းပင်မှသင်ခန်းစာယူကြလော့။ အပင်၌အခက်
အလက်နုများထွက်၍ ရွက်သစ်များဝေဆာလာသော
အခါ နွေရာသီရောက်လုနီးပြီဆိုသည်ကို သင်တို့
၂၉။ သိကြ၏။ ထိုနည်းတူပင် သင်တို့သည်လည်း ဤ
အချင်းအရာအားလုံးကို မြင်ကြသောအခါ လူသား
သည် အနီး၌တံခါးဝသို့ပင် ရောက်နေပြီဟုသိမှတ်
၃၀။ ကြလော့။ သင်တို့အား ငါအမှန်ဆိုသည်ကား ဤ
အရာအားလုံးတို့ မဖြစ်ပျက်မီ ဤလူမျိုးဆက်သည်
၃၁။ မကွယ်ပျောက်ရာ။ ကောင်းကင်နှင့် မြေကြီးကွယ်
ပျောက်သွားသော်လည်း ငါ၏စကားမူကား၊ မကွယ်
ပျောက်ရာ။

## မသိနိုင်သော ထိုနေ့နှင့်ထိုအချိန်နာရီ
(မာ ၂၁း၃၄–၃၆)

၃၂။ သို့သော် ထိုနေ့ရက်နှင့် ထိုအချိန်နာရီကိုမူကား

ခမည်းတော်မှတစ်ပါး မည်သူမျှမသိ။ ကောင်းကင်
တမန်တော်များလည်း မသိကြ။ သားတော်လည်း
၃၃။ မသိချေ။ သတိရှိကြလော့။ စောင့်နေ၍ ဆုတောင်း
ကြလော့။ အကြောင်းမူကား၊ ထိုအချိန်နာရီသည်
မည်သည့်အခါတွင် ကျရောက်မည်ကို သင်တို့မသိ
၃၄။ ကြသောကြောင့်တည်း။ ဤသည်မှာ ရပ်ဝေးသို့
ခရီးထွက်မည့်သူနှင့်တူ၏။ သူသည်ခရီးထွက်သော
အခါ၊ မိမိအိမ်ကိုထားခဲ့ကာ တံခါးစောင့်ကိုလည်း
၃၅။ နိုးကြားစွာစောင့်နေရန် မှာထားခဲ့၏။ အကြောင်း
မူကား၊ အိမ်ရှင်သည် ညဦးယံအချိန်သို့မဟုတ် ည
သန်းခေါင်အချိန်တို့တွင် မည်သည့်အချိန်၌ပြန်လာ
မည်ကို သင်တို့မသိကြသောကြောင့် နိုးကြားစွာ
၃၆။ စောင့်နေကြလော့။ အကယ်၍ သခင်သည် ရုတ်တ
ရက်ပြန်လာပါလျှင် သင်တို့အိပ်ပျော် နေသည်ကို
၃၇။ မတွေ့စေရန်သတိနှင့်စောင့်ကြလော့။သင်တို့အား ငါ
ဆိုသည်ကို အားလုံးသူတို့အားလည်း ငါဆို၏။
နိုးကြားစွာ စောင့်နေကြလော့ဟု မိန့်တော်မူ၏။

## အခန်းကြီး (၁၄)

### သခင်ယေရှုကိုသတ်ရန် ကြံစည်ကြခြင်း

### (မာ ၂၆း၁–၅၊ လု ၂၂း၁–၂)

၁။ အချိန်ကား၊ ပါစကားပွဲနှင့် တဆေးမဲ့မုန့်ပွဲတော်ကျ
ရောက်ရန် နှစ်ရက်ခန့် အလိုဖြစ်၏။ ရဟန်းအကြီး
အကဲများနှင့် ကျမ်းတတ်ဆရာတို့သည် ကိုယ်တော့်
ကို ပရိယာယ်ဆင်၍ ဖမ်းဆီး သတ်ဖြတ်နိုင်ရန်
၂။ နည်းလမ်းရှာကြံနေကြ၏။ သို့သော် သူတို့သည်
လူများရုန်းရင်းဆန်ခတ်ဖြစ်မည်ကို စိုးရိမ်သဖြင့် ပွဲ
တော်ရက်အတွင်း မဖမ်းဆီးကြနှင့် ဟုဆိုကြ၏။

### ဗက်သနီရွာတွင် ကိုယ်တော့်ကိုဆီဖြင့် လိမ်းကျံခြင်း

### (မာ ၂၆း၆–၁၃၊ ယော ၁၂း၁–၈)

၃။ ကိုယ်တော်သည် **ဗက်သနီ**ရွာ၌ အနာကြီးရောဂါ
သည် **စီမုန်**၏အိမ်တွင်စားပွဲ၌ ထိုင်နေတော်မူစဉ်
အမျိုးသမီးတစ်ဦးသည် တန်ဖိုးကြီးသော **နာဒ်**ဆီ
မွှေးကျောက်ဖြူဘူးတစ်လုံးကိုယူ၍ အထံတော်သို့
ချဉ်းကပ်ပြီးလျှင် ဘူးကိုခွဲ၍ ကိုယ်တော်၏ဦးခေါင်း
၄။ ပေါ်၌ဆီမွှေးကို သွန်းလောင်းလေ၏။ သို့သော်
အချို့သူများသည် အမျက်ဒေါသထွက်ကြ၍အချင်း
ချင်းပြောဆိုကြသည်မှာ အဘယ်ကြောင့် ဆီမွှေးကို
၅။ ဤသို့ ဖြုန်းတီးရသနည်း။ ဤဆီမွှေးကို ဒေနာရီ
သုံးရာထက်မကသော ငွေဖြင့်ရောင်းချပြီး ဆင်းရဲ
သားတို့အား ပေးကမ်းသင့်သည်ဟု ဆိုကြလျက်
အမျိုးသမီးကို အပြစ်တင်ငေါက်ငမ်းကြ၏။
၆။ သို့သော် သခင်**ယေရှု**က မိန့်တော်မူသည်ကား၊
သူမပြုလိုရာပြုပါစေ။ အဘယ်ကြောင့် သူမကို စိတ်
အနှောင့်အယှက် ဖြစ်စေကြသနည်း။ သူမသည်
ငါ့အတွက် မွန်မြတ်သောအမှုကို ပြုလေပြီ။
၇။ အကြောင်းမူကား၊ ဆင်းရဲသားတို့သည် သင်တို့နှင့်
အစဉ်အမြဲရှိကြ၏။ သင်တို့ အလိုရှိသည့်အခါတိုင်း
သူတို့အား ကျေးဇူးပြုနိုင်ကြ၏။ သို့သော် ငါသည်
၈။ သင်တို့နှင့် အစဉ်အမြဲရှိလိမ့်မည်မဟုတ်။ သူမသည်
မိမိတတ်နိုင်သမျှကိုပြုလေပြီ။ သူမသည် ငါ၏ခန္ဓာ
ကိုယ်ကို ဆီမွှေးလိမ်းကျံခြင်းဖြင့် ငါ့ကိုသင်္ဂြိုဟ်ရန်
အတွက် ကြိုတင်ပြင်ဆင်ပေးခြင်းပင် ဖြစ်သည်။
၉။ သင်တို့အား ငါအမှန်ဆိုသည်ကား ကမ္ဘာတစ်ဝှမ်း
လုံးတွင် ဧဝံဂေလိသတင်းကို ဟောကြားသည့်နေ
ရာတိုင်း၌ သူမကိုအောက်မေ့သတိရကြစေရန် သူမ
ပြုခဲ့သော ကောင်းမှုကို ပြောကြားကြလိမ့်မည်ဟု
မိန့်တော်မူ၏။

### ဂျူဒသည် သခင်ယေရှုကို သစ္စာဖောက်ရန် သဘောတူညီခြင်း

### (မာ ၂၆း၁၄–၁၆၊ လု ၂၂း၃–၆)

၁၀။ ထိုအခါ တပည့်တော် တစ်ဆယ့်နှစ်ပါးတို့တွင်
တစ်ပါးအပါအဝင်ဖြစ်သော **ဂျူဒအီစကာရီရုဒ်**သည်
ကိုယ်တော့်ကို အပ်နှံရန်အတွက် ရဟန်းအကြီးအကဲ
၁၁။ များထံသို့သွားလေ၏။ ရဟန်းအကြီးအကဲ တို့သည်
ထိုအကြောင်းကို ကြားကြလျှင် ဝမ်းမြောက်ကြ၍၊
သူ့အားငွေပေးရန် ကတိထားကြ၏။ဂျူဒသည်လည်း
ကိုယ်တော့်ကို အပ်နှံရန် အခွင့်ကောင်းကို ရှာကြ
လျက်ရှိ၏။

### ပါစကားပွဲတော်ညစာအတွက်ပြင်ဆင်ခြင်း

### (မာ ၂၆း၁၇–၂၅၊ လု ၂၂း၇–၁၃၊ ယော ၁၃း၂၁–၃၀)

၁၂။ တဆေးမဲ့မုန့်ပွဲတော် ပထမနေ့ဖြစ်သော ပါစကား
သိုးငယ်ကိုသတ်၍၊ ပူဇော်ရသောနေ့၌တပည့်တော်
တို့က ပါစကားပွဲ ညစာသုံးဆောင်ရန် မည့်သည့်
နေရာတွင် ပြင်ဆင်စေလိုတော်မူသနည်းဟု ကိုယ်
၁၃။ တော်အား မေးလျှောက်ကြ၏။ ကိုယ်တော်သည်
တပည့်တော်နှစ်ပါးကို စေလွှတ်၍ သူတို့အား မိန့်
တော်မူသည်မှာ သင်တို့သည် မြို့တွင်းသို့သွား
ကြလျှင်ရေအိုးသယ်ဆောင်လာသော သူတစ်ဦးသည်
သင်တို့ကို တွေ့ဆုံခရီးဦးကြိုပြုလိမ့်မည်။ ထိုသူ၏
၁၄။ နောက်သို့လိုက်သွားကြလော့။ သူဝင်သောအိမ်သို့
ဝင်၍ အိမ်ရှင်အား ငါနှင့်ငါ၏တပည့်များပါစကား
ညစာစားရမည့်အခန်းသည် အဘယ်မှာနည်းဟု
၁၅။ ဆရာသခင်အမိန့်ရှိကြောင်း ပြောကြလော့။ ထိုအခါ
သူသည် အဆင်သင့် ပြင်ဆင်ခင်းကျင်းထားသော
ညစာခန်းမကြီးကို သင်တို့အားပြလိမ့်မည်။ ထိုနေ
ရာ၌ ငါတို့အတွက် ပြင်ဆင်ကြလော့ဟု မိန့်တော်
၁၆။ မူ၏။ တပည့်တော်တို့သည်လည်း ထွက်သွား ကြ၍၊
မြို့တွင်းသို့ဝင်သောအခါ မိမိတို့အား ကိုယ်
တော်မှာထားသည့်အတိုင်းတွေ့ကြသဖြင့် ပါစကား
ပွဲကို ပြင်ဆင်ကြ၏။
၁၇။ ညနေအချိန် ရောက်သောအခါ၊ ကိုယ်တော်သည်
တပည့်တော်တစ်ဆယ့်နှစ်ပါးနှင့် အတူကြွလာတော်
၁၈။ မူ၏။ သူတို့သည် စားပွဲတွင်ထိုင်လျက် ညစာစား
နေကြစဉ် **ယေရှု**က သင်တို့အား ငါအမှန်ဆိုသည်
ကား၊ ငါနှင့်အတူစားနေသော သင်တို့အထဲမှ တစ်
ဦးသည် ငါ့ကိုသစ္စာဖောက်လိမ့်မည်ဟု မိန့်တော်မူ
၁၉။ ၏။ သူတို့သည်လည်း ဝမ်းနည်းကြသဖြင့် သခင်၊
တပည့်တော်ဖြစ်မည်လောဟုအသီးသီးကိုယ်တော့်ကို
၂၀။ မေးကြ၏။ ကိုယ်တော်ကလည်း တစ်ဆယ့်နှစ်ဦးထဲ
မှငါနှင့်အတူ ပန်းကန်တွင် လက်နှိုက်သောသူသည်
၂၁။ ငါ့ကို သစ္စာဖောက်လိမ့်မည်။ လူသားသည် ကျမ်း
စာလာသည့်အတိုင်း သွားရမည်မှန်၏။ သို့သော်
လူသားကိုအပ်နှံသောသူသည်ဒုက္ခရောက်လိမ့်မည်၊
ထိုသူသည် မွေးဖွားခြင်းမခံခဲ့ရလျှင် သာ၍ကောင်း
၏ဟုမိန့်တော်မူ၏။

## သခင်ဘုရား၏စားပွဲတော်

(မာ ၂၆း၂၆–၂၉၊ လု ၂၂း၁၅–၂၀၊ ၁ကော ၁၁း၂၃–၂၅)

၂၂။ သူတို့သည် ညစာစားနေကြစဉ် သခင်**ယေရှု**သည်
ပေါင်မုန့်ကိုယူတော်မူ၍ ကောင်းကြီးပေးတော်မူပြီး
မှ ဖဲ့တော်မူ၍၊ မိမိတပည့်တော်တို့ အားပေးလျက်
ဤအရာသည် ငါ၏ကိုယ်ဖြစ်၏။ ယူ၍စားကြလော
၂၃။ ဟု မိန့်တော်မူ၏။ ကိုယ်တော်သည် စပျစ်ရည်ခွက်
ကိုလည်း ယူတော်မူ၍ ကျေးဇူးတင်တော်မူပြီး၊
တပည့်တော်တို့အား ပေးတော်မူလျှင် သူတို့အားလုံး
၂၄။ သည်ထိုခွက်မှသောက်ကြ၏။ ကိုယ်တော်ကလည်း
ဤသည်ကား လူအားလုံးတို့အတွက် အပြစ်ဖြေ
လွှတ်ခြင်းငှာ သွန်းလောင်းခံရမည့် ပဋိညာဉ်သစ်
၂၅။ နှင့်ဆိုင်ရာငါ၏သွေးဖြစ်၏။ သင်တို့အား ငါအမှန်
ဆိုသည်ကား၊ ဘုရားသခင်၏နိုင်ငံတော်၌ စပျစ်
ရည်သစ်ကို သောက်သည့်နေ့တိုင်အောင် ငါသည်
စပျစ်ရည်ကို နောက်တစ်ဖန် သောက်လိမ့်မည်
၂၆။ မဟုတ်ဟု မိန့်တော်မူ၏။ ထို့နောက် သူတို့သည်
ဓမ္မသီချင်းကို သီဆိုချီးမွမ်းလျက် သံလွင်တောင်
ပေါ်သို့ ထွက်ခွာသွားကြ၏။

## ပေတရုသည် ကိုယ်တော့်ကိုငြင်းပယ်မည့် အကြောင်းကြိုတင်ဟောခြင်း

(မာ ၂၆း၃၀–၃၅၊ လု ၂၂း၃၁–၃၄,၃၉၊ ယော၁၃း၃၆–၃၈)

၂၇။ ထို့နောက် သခင်**ယေရှု**က တပည့်တော်တို့အား
မိန့်တော်မူသည်မှာ သင်တို့အားလုံးသည် စွန့်ခွာ
ထွက်ပြေးကြလိမ့်မည့်အကြောင်း ကျမ်းစာ၌ရေးထား
သည်မှာ သိုးထိန်းကို ငါရိုက်ခတ်မည်။ သိုး
တို့သည် ကစဉ့်ကလျားဖြစ်ကြလိမ့်မည်ဟူ၍တည်း၊
၂၈။ သို့သော် ငါသည် သေခြင်းမှရှင်ပြန်ထမြောက်ပြီး
နောက် သင်တို့ထက် အလျင်ဦးစွာ **ဂါလိလေ**နယ်
၂၉။ သို့သွားနှင့်မည်ဟုမိန့်တော်မူ၏။ ထိုအခါ**ပေတရု**က
သူတို့အားလုံး စွန့်ခွာထွက်ပြေးသော်လည်း တပည့်
တော်သည်မည်သည့်အခါမျှ စွန့်ခွာလိမ့်မည်မဟုတ်
၃၀။ ပါဟုလျှောက်လေ၏။ **ယေရှု**ကလည်း သင့်အား
ငါအမှန်ဆိုသည်ကား၊ဤညတွင်ကြက်နှစ်ခါမတွန်မီ
သင်သည် ငါ့ကို သုံးကြိမ်ငြင်း ပယ်လိမ့်မည်ဟု
သူ့အား မိန့်တော်မူ၏။
၃၁။ သို့သော် သူက အကယ်၍ တပည့်တော်သည်
ကိုယ်တော်နှင့်အတူအသက်သေရမည်ဆိုလျှင်လည်း
ကိုယ်တော့်ကို တပည့်တော်မငြင်းပယ်ပါဟု အခိုင်
အမာလျှောက်ထားလေ၏။ တပည့်တော်အားလုံး
တို့သည်လည်း ထိုနည်းတူလျှောက်ထားကြ၏။

## ဂျက်ဆေမာနီ ဥယျာဉ်တွင်ဆုတောင်းခြင်း
(မာ ၂၆း၃၆–၄၆၊ လု ၂၂း၃၉–၄၆)

၃၂။ ထိုအခါ သူတို့သည် **ဂျက်ဆေမာနီ**အမည်ရှိသော
ဥယျာဉ်သို့သွားကြ၏။ ကိုယ်တော်က ငါဆုတောင်း
နေစဉ် သင်တို့ ဤနေရာမှာထိုင်နေကြလော့ဟု မိန့်
၃၃။ တော်မူ၏။ ကိုယ်တော်သည် **ပေတရု**၊ **ယာကုပ်**နှင့်
**ယောဟန်**တို့ကို မိမိနှင့်အတူ ခေါ်သွားတော်မူ၏။
ကိုယ်တော်သည် ပြင်းစွာပူပင်သောကရောက်၍
စိတ်ညှိုးငယ် ပူဆွေးခြင်းကိုစတင်ခံစားရတော်မူ၏။
၃၄။ ကိုယ်တော်က ငါ၏စိတ်နှလုံးသည် သေလုမတတ်
ဝမ်းနည်းပူဆွေးခြင်းကို ခံစားနေရ၏။ ဤနေရာမှာ
နေ၍ နိုးကြားစွာစောင့်နေကြလော့ဟု သူတို့အား
၃၅။ မိန့်တော်မူ၏။ ထိုနေရာမှရှေ့သို့ အနည်းငယ်ကြွ
သွားပြီးမှ မြေပေါ်မှာပျပ်ဝပ်လျက် အကယ်၍ဖြစ်
နိုင်လျှင် ဤအချိန်နာရီသည် မိမိထံမှကျော်လွန်
သွားပါမည့်အကြောင်း ဤသို့ဆုတောင်းလေ၏။
၃၆။ အိုအဘ၊ ကိုယ်တော်သည် အရာခပ်သိမ်းကိုတတ်
နိုင်တော်မူပါ၏။ ဤခွက်ကို ကျွန်ုပ်ထံမှဖယ်ရှား
တော်မူပါ။ သို့သော်လည်း ကျွန်ုပ်၏အလိုအတိုင်း
မဟုတ်ပါ။ ကိုယ်တော်၏ အလိုတော်အတိုင်းသာ
၃၇။ ဖြစ်ပါစေဟု ဆုတောင်းတော်မူ၏။ ထို့နောက်
ကိုယ်တော်သည် တပည့်တော်များထံသို့ ကြွလာ
လျှင် သူတို့အိပ်ပျော်နေကြသည်ကို တွေ့ရသဖြင့်
**ပေတရု**အား **စီမုန်**သင်သည် အိပ်ပျော်နေသလော။
သင်တို့သည် တစ်နာရီမျှ မစောင့်နိုင်ကြပြီလော။
၃၈။ နှောင့်ယှက်ခြင်းသို့ မကျရောက်ရလေအောင် နိုး
ကြားစွာစောင့်လျက် ဆုတောင်းကြလော့။ စိတ်
ဝိညာဉ်သည် ထက်သန်သည်မှန်သော်လည်း ကိုယ်
ကာယမှာ အားနည်းလှသည်ဟု မိန့်တော်မူ၏။
၃၉။ တစ်ဖန် ကိုယ်တော်သည် ထွက်သွားတော်မူ၍၊
ယခင်က မြွက်ဆိုခဲ့သည့်အတိုင်း ဆုတောင်းပြန်၏။
၄၀။ တစ်ဖန် ကိုယ်တော်သည်ပြန်လာတော်မူလျှင် သူတို့
အိမ်ပျော်လျက် ရှိနေကြသည်ကို တွေ့တော်မူ၏။
အကြောင်းမူကား၊ သူတို့၏မျက်စိများသည် အလွန်
လေးလံလျက် ရှိသောကြောင့်ဖြစ်၏။ သူတို့သည်
လည်း ကိုယ်တော့်ကို မည်သို့ပြန်ပြောရမည်ကိုမသိ
၄၁။ ကြ။ ကိုယ်တော်သည် သူတို့အထံသို့ တတိယ
အကြိမ်လာတော်မူလျှင် သင်တို့သည် အိပ်စက်
အနားယူလျက် ရှိသေးသလော။ တော်လောက်ပြီ။
အချိန်နာရီ ရောက်လာလေပြီ။ လူ့သားသည်အပြစ်
သားတို့၏ လက်တွင်းသို့ အပ်နှံခြင်းခံရတော့မည်။
၄၂။ ထကြလော့။ သွားကြစို့။ ငါ့ကိုအပ်နှံမည့် သူသည်
ရောက်လာပြီဟု မိန့်တော်မူ၏။

## သခင်ယေရှုကို ဖမ်းဆီးကြခြင်း
(မာ ၂၆း၄၇–၅၆၊ လု ၂၂း၄၇–၅၃၊
ယော ၁၈း၁–၁၁)

၄၃။ ထိုကဲ့သို့ ကိုယ်တော်မိန့်တော်မူစဉ် တစ်ဆယ့်နှစ်
ပါးတို့တွင်အပါအဝင်ဖြစ်သော **ဂျုဒ**နှင့်အတူ ရဟန်း
အကြီးအကဲများ၊ ကျမ်းတတ်ဆရာများနှင့်သက်ကြီး
ဝါကြီးများက စေလွှတ်လိုက်သော လူအစုအဝေး
သည် တုတ်၊ ဓားများကိုင်ဆောင်လျက် ချက်ခြင်း
၄၄။ ရောက်လာကြ၏။ ကိုယ်တော့်ကိုသစ္စာဖောက်အပ်နှံ
သောသူက ငါနမ်းသောသူသည် ထိုသူဖြစ်၏။ သူ့
ကိုဖမ်းဆီးကြ၍ လုံခြုံစွာခေါ်ဆောင်သွားကြလော့ဟု
ဆိုလျက် သူတို့အား အချက်ပေးထားလေ၏။
၄၅။ **ဂျုဒ**ရောက်လာသောအခါ သူသည်ချက်ချင်း ကိုယ်
တော့်ထံတော်သို့ချဉ်းကပ်၍၊ အာဝေ၊ ရဗ္ဗိဟုဆို၍
၄၆။ ကိုယ်တော့်ကို နမ်းလေ၏။ ထိုသူတို့သည်လည်း
လာကြ၍ ကိုယ်တော့်ကိုချုပ်ကိုင်ဖမ်းဆီးကြလေ၏။
၄၇။ ထိုအခါ ကိုယ့်တော်ထံပါးတွင်ရပ်နေသူတစ်ဦးသည်
ဓားကိုဆွဲထုတ်၍ ရဟန်းချုပ်၏အစေခံတစ်ယောက်
ကိုခုတ်သဖြင့် ထိုသူ၏နားရွက်ပြတ်လေ၏။
၄၈။ သခင်**ယေရှု**ကလည်း သူတို့အား မိန့်တော်မူသည်
မှာ သင်တို့သည် တုတ်၊ ဓားများကို ကိုင်ဆောင်
လျက် ဓားပြဖမ်းသကဲ့သို့ ငါ့ကိုဖမ်းဆီးရန်လာကြ
၄၉။ သလော။ ငါသည် ဗိမာန်တော်၌ နေ့စဉ်နေ့တိုင်း
သင်တို့နှင့် အတူရှိလျက် ဟောပြောသွန်သင်နေစဉ်
သင်တို့သည် ငါ့ကိုမဖမ်းဆီးကြ။ သို့သော်လည်း
ကျမ်းစကားတို့သည် ပြည့်စုံကြပါစေဟု မိန့်တော်
၅၀။ မူ၏။ ထိုအခါ တပည့်တော်အားလုံးသည် ကိုယ်
၅၁။ တော့်ကိုထားခဲ့၍ထွက်ပြေးကြလေ၏။ပိတ်စပိုင်းတစ်
ခုကိုသာကိုယ်မှာ ရစ်ပတ်ထားသော လူရွယ်တစ်ဦး
သည်ကိုယ်တော့် နောက်တော်မှ လိုက်လာသော်
လည်း သူ့ကို ဖမ်းဆီးကြသောအခါသူသည် ပိတ်စ
၅၂။ ပိုင်းကိုထားခဲ့၍ အဝတ်မပါဘဲ အချည်းစည်း
ထွက်ပြေးလေ၏။

## ဘာသာရေးလွှတ်တော်၌ ကိုယ်တော့်ကို စစ်ဆေးကြခြင်း

(မာ ၂၆း၅၇-၆၈၊ လု ၂၂း၅၄-၅၅, ၆၃-၇၁၊
ယော ၁၈း၁၃-၁၄၊ ၁၉-၂၄)

၅၃။ ထိုသူများသည် သခင်**ယေရှု**ကို ရဟန်းချုပ်ထံသို့
ခေါ်ဆောင်သွားကြ၏။ အားလုံးသောရဟန်းအကြီး
အကဲများ၊ သက်ကြီးဝါကြီးများနှင့်ကျမ်းတတ်ဆရာ
၅၄။ များတို့သည် စုဝေးနေကြ၏။ **ပေတရု**သည် ရဟန်း
ချုပ်၏ အိမ်တော်ဦးတိုင်အောင်ဝင်၍၊ ကိုယ်တော့်
နောက်တော်သို့ မလှမ်းမကမ်းမှ လိုက်ပါလျက်၊
အစောင့်များနှင့်အတူ ထိုင်၍မီးလှုံ နေလေ၏။
၅၅။ ရဟန်းအကြီးအကဲများနှင့် ဘာသာရေးလွှတ်တော်
တစ်ခုလုံးသည် သခင်**ယေရှု**ကို သေဒဏ်စီရင်ရန်
သက်သေအထောက်အထားများ ရှာကြသော်လည်း
သူတို့သည် မည်သည့်သက်သေကိုမျှ မတွေ့ကြချေ၊
၅၆။ အကြောင်းမူကား၊ များစွာသောသူတို့သည် မုသား
သက်သေခံကြသော်လည်း သူတို့၏သက်သေထွက်
၅၇။ ချက်များသည် ကိုက်ညီမှုမရှိကြ။ အချို့တို့သည်
ထ၍ မဟုတ်မမှန် သက်သေထွက်ဆိုလျက် ကိုယ်
၅၈။ တော့်ကို စွပ်စွဲပြောဆိုကြသည်မှာ။ဤသူကငါသည်
လူတို့လက်ဖြင့်ဆောက်လုပ်ထားသော ဗိမာန်တော်
ကိုဖျက်ဆီး၍ လူတို့လက်ဖြင့် မတည်ဆောက်သော
အခြားဗိမာန်တော်တစ်ခုကို သုံးရက်အတွင်း ငါ
တည်ဆောက်မည်ဟု ပြောဆိုသည်ကို ကျွန်တော်တို့
၅၉။ ကြားခဲ့ပါသည်ဟုဆိုကြ၏။ ထိုသို့ထွက်ဆိုကြသော်
လည်း သူတို့၏ သက်သေခံချက်များသည်ကိုက်ညီ
၆၀။ မှုမရှိကြချေ။ ထိုအခါ ရဟန်းချုပ်သည် သူတို့
အလယ်၌ထ၍ သင်၌ ဖြေကြားစရာမရှိသလော။
သင့်ကို စွပ်စွဲထွက်ဆိုခဲ့ကြသော ဤသူတို့၏သက်
သေခံချက်များကား အဘယ်အကြောင်းများနည်းဟု
၆၁။ ကိုယ်တော့်အား မေးလေ၏။ သို့သော် ကိုယ်တော်
သည် တိတ်ဆိတ်စွာနေတော်မူ၍၊ မည်သို့မျှပြန်ဖြေ
တော်မမူချေ။ တဖန် ရဟန်းချုပ်က သင်သည်ခရစ်
တော်တည်းဟူသော မွန်မြတ်သောဘုရားသခင်၏
သားတော်ဖြစ်သလောဟု ကိုယ်တော်အားမေးလေ
၆၂။ ၏။ သခင်**ယေရှု**ကလည်း ငါဖြစ်၏။လူ့သားသည်
ဘုရားသခင်၏ ဘုန်းအာနုဘော်တော် လက်ယာ
ဘက်မှာထိုင်လျက် မိုးတိမ်ပေါ်က ကြွလာသည်ကို
သင်တို့ မြင်ကြရလိမ့်မည်ဟု သူ့အားမိန့်တော်မူ၏။
၆၃။ ထိုအခါ ရဟန်းချုပ်သည် မိမိအဝတ်များကို ဆုတ်
လျက်ပြောဆိုသည်မှာ ငါတို့သည် မည်သည့်သက်
၆၄။ သေများ လိုပါသေးသနည်း။ ဘုရားသခင်အား ထိ
ခိုက်ပြောဆိုသောစကားကို သင်တို့ကြားကြရပြီ။
သင်တို့မည်သို့ စီရင်ဆုံးဖြတ်မည်နည်းဟု ဆိုလျှင်
ထိုသူအားလုံးက ကိုယ်တော့်ကိုသေဒဏ်ခံသင့်သည်
၆၅။ ဟုစီရင်ကြ၏။ တချို့သောသူတို့သည် ကိုယ်တော့်
ကို တံတွေးနှင့်ထွေးကြ၍ ကိုယ်တော်၏ မျက်နှာ
တော်ကိုဖုံးအုပ်ထားကာ ရိုက်ပုတ်ကြလျက် ပရော
ဖက်ဉာဏ်နှင့်ဟောပါလောဟု ဆိုကြ၏။ အစောင့်
များသည်လည်း ကိုယ်တော့်ကို လက်သီးနှင့်ထိုးကြ
၏။

## ပေတရုသည် ကိုယ်တော့်ကိုငြင်းပယ်ခြင်း

(မာ ၂၆း၆၉-၇၅၊ လု ၂၂း၅၄-၆၂၊
ယော ၁၈း၁၅-၁၈၊ ၂၅-၂၇)

၆၆။ **ပေတရု**သည် အိမ်တော်ဝင်းအပြင်ဘက်၌ ရှိစဉ် ရ
၆၇။ ဟန်းချုပ်၏ အစေခံအမျိုးသမီးတစ်ဦးသည် လာ၍၊
**ပေတရု**မီးလှုံနေသည်ကို မြင်လျှင် သူ့အားကြည့်
လျက် သင်သည်လည်း **နာဇရက်**မြို့သား**ယေရှု**နှင့်
၆၈။ အတူရှိခဲ့သည်ဟုဆို၏။ **ပေတရု**ကလည်း သင်ပြော
ဆိုသောအရာကို ငါမသိ၊ ငါနားလည်းမလည်
ကိုယ်တော့်ကို ငြင်းပယ်လေ၏။ သူသည် အိမ်
တော်ဝင်းတံခါးဆီသို့ ထွက်သွားစဉ်တွင် ကြက်
၆၉။ ဖတွန်လေ၏။ တဖန် အစေခံ အမျိုးသမီးတစ်ဦး
သည် သူ့ကိုမြင်လျှင် အနီးတွင်ရပ်နေသောသူများ
အား စတင်ပြောဆိုသည်မှာ ဤသူသည် ထိုသူ
တို့အဖွဲ့တွင်တစ်ဦးအပါအဝင်ဖြစ်သည်ဟုဆိုလေ၏။
၇၀။ သူသည် တဖန်ငြင်းပယ်ပြန်၏။ အချိန်အနည်းငယ်
ကြာသောအခါ အနားတွင် ရပ်နေသော သူများက
**ပေတရု**အား သင်သည် အမှန်စင်စစ်ထိုသူတို့တွင်
တစ်ဦးအပါအဝင်ဖြစ်၏။ အကြောင်းမူကား၊ သင်
သည် **ဂါလိလေ**နယ်သားတစ်ဦးဖြစ်၏ ဟုဆိုကြ၏၊
၇၁။ သို့သော် **ပေတရု**က သင်တို့ပြောဆိုနေသောသူကို
၇၂။ ငါမသိဟုကျိန်တွယ်ပြောဆိုလေ၏။ ထိုခဏချင်း
တွင် ဒုတိယအကြိမ် ကြက်ဖသွန်လေ၏။ **ပေတရု**
သည်လည်း ကြက်ဖနှစ်ကြိမ်မတွန်မီ သင်သည်
ငါ့ကို သုံးကြိမ်တိုင်တိုင်ငြင်းပယ်လိမ့်မည်ဟု သခင်
**ယေရှု**မိန့်တော်မူသောစကားကို အောက်မေ့သတိရ
သဖြင့် ပြင်းထန်စွာ ငိုကြွေးလေ၏။

## အခန်းကြီး (၁၅)
## ပီလာတုမင်းထံသို့ ကိုယ်တော့်ကို ပို့ဆောင်ကြခြင်း

(မာ ၂၇း၁–၂, ၁၁–၁၄၊ လု ၂၃း၁–၅,၁၃–၁၆၊ ယော ၁၈း၂၈–၃၈)

၁။ နံနက်အချိန်ရောက်လျှင် ရဟန်းအကြီးအကဲများ၊
သက်ကြီးဝါကြီးများ၊ကျမ်းတတ်ဆရာများနှင့်ဘာသာ
ရေးလွှတ်တော်တစ်ခုလုံးသည်ဆွေးနွေးတိုင်ပင်ကြ၍၊
သခင်**ယေရှု**ကို ချည်နှောင်လျက် ခေါ်ဆောင်သွား
ကြပြီးလျှင် **ပီလာတု**မင်းလက်သို့ အပ်လိုက်ကြ၏။
၂။ **ပီလာတု**မင်းက သင်သည် **ဂျူး** လူမျိုးတို့၏ဘုရင်
ဖြစ်သလောဟု ကိုယ်တော့်ကိုမေးလျှင် သင်ဆို
လေပြီဟု ကိုယ်တော်က ပြန်ဖြေတော်မူ၏။
၃။ ရဟန်းအကြီးအကဲတို့သည်ကိုယ်တော့်အပေါ်များစွာ
၄။ စွပ်စွဲပြောဆိုကြ၏။ တဖန် **ပီလာတု**မင်းက သင်၌
ဖြေကြားစရာမရှိသလော။ သင့်အပေါ် စွပ်စွဲပြစ်တင်
ထားသောပြစ်ချက်များ မည်မျှများပြားသည် ကို
ကြည့်ပါလောဟု ကိုယ်တော့်အား ဆို၏။
၅။ သို့သော် ကိုယ်တော်သည် နောက်ထပ်စကားတစ်
ခွန်းမျှ ပြန်ပြောတော်မမူသောကြောင့် **ပီလာတု**မင်း
သည် အလွန်အံ့ဩလေ၏။

## ကိုယ်တော့်ကိုသေဒဏ်စီရင်ကြခြင်း

(မာ ၂၇း၁၅–၂၆၊ လု ၂၃း၁၃–၂၅၊ ယော ၁၈း၃၉–၁၉း၆)

၆။ ပွဲတော်အချိန်အခါတွင် **ပီလာတု**မင်းသည် လူအများ
တောင်းဆိုသည့် အကျဉ်းသားတစ်ယောက်ကို လွှတ်
၇။ ပေးလေ့ရှိ၏။ ပုန်ကန်ထကြွမှုကြောင့် အကျဉ်းချ
နေသူများတွင် လူသတ်မှု ကျူးလွန်ထားသော
၈။ **ဘာရာဘ**ဆိုသူ တစ်ဦးရှိ၏။ လူအစုအဝေးတို့သည်
**ပီလာတု**မင်းထံ လာရောက်ကြ၍၊ မိမိတို့အတွက်
သူပြုလုပ်ပေးလေ့ရှိသည့်အတိုင်း ဆောင်ရွက်ပေးရန်
၉။ တောင်းခံကြ၏။ **ပီလာတု**မင်းက သင်တို့အတွက်
**ဂျူး**လူမျိုးတို့၏ဘုရင်ကို ငါလွှတ်ပေးစေလိုသလော
၁၀။ ဟုသူတို့အား မေးလေ၏။ အကြောင်းမူကား၊ရဟန်း
အကြီးအကဲတို့သည် မနာလိုသောစိတ်ဖြင့် ကိုယ်
၁၁။ တော့်ကို အပ်နှံခဲ့ကြကြောင်း သူသိ၏။ သို့သော်
ရဟန်းအကြီးအကဲတို့ကမူကား၊ **ဘာရာဘ**ကိုလွှတ်
ပေးခြင်းငှာတောင်းဆိုကြရန် လူအစုအဝေးတို့အား
၁၂။ လှုံ့ဆော်တိုက်တွန်းကြ၏။ **ပီလာတု**မင်းကလည်း
ဤသို့ဖြစ်လျှင် **ဂျူး**လူမျိုးတို့၏ဘုရင်ဟု သင်တို့
ခေါ်သောသူကို ငါမည်သို့ပြုရမည်နည်းဟု သူတို့
၁၃။ အားတဖန် မေးသောအခါ။ ထိုသူတို့က သူ့ကို
လက်ဝါးကပ်တိုင်တင်၍ သတ်ပါဟု တဖန်အော်
၁၄။ ဟစ်ကြ၏။ထိုအခါ**ပီလာတု**မင်းက အဘယ်ကြောင့်
နည်း။ သူသည် မည်သည့် မကောင်းမှုကိုပြုခဲ့မိ
သနည်းဟုမေးလျှင် သူတို့က သူ့ကိုလက်ဝါးကပ်
တိုင်တင်၍ သတ်ပါဟု ပို၍ ကျယ်လောင်စွာအော်
၁၅။ ဟစ်ကြ၏။ **ပီလာတု**သည်လူအစုအဝေးကျေနပ်စေ
ရန် အလိုရှိသောကြောင့် **ဘာရာဘ**ကိုသူတို့အတွက်
လွှတ်စေ၍၊ သခင်**ယေရှု**ကို ကြိမ်နှင့်ရိုက်စေပြီးမှ
လက်ဝါးကပ်တိုင်တင်စေရန် အပ်လိုက်လေ၏။

## စစ်သူရဲတို့သည် သခင်ယေရှုကိုမထီမဲ့မြင်ပြုကြခြင်း(မာ ၂၇း၂၇–၃၁၊ ယော ၁၉း၁–၃)

၁၆။ စစ်သူရဲများသည် ကိုယ်တော့်ကို ပရီတော်ရီယွန်း
ဟုခေါ်သော ဘုရင်ခံ၏အိမ်တော်အတွင်းသို့ ခေါ်
ဆောင်သွားကြပြီး စစ်သူရဲတစ်တပ်လုံးကို အထံ
၁၇။ တော်၌စုရုံးစေ၏။ထို့နောက် သူတို့သည်ကိုယ်တော်
ကိုနီမောင်းသောဝတ်လုံဖြင့် ခြုံပေးကြ၏။ ဆူးခက်
နှင့်ခွေထားသော ဦးရစ်သရဖူကိုလည်း ကိုယ်တော်
၁၈။ ၏ဦးခေါင်းပေါ်မှာ တင်ကြ၏။ ပြီးလျှင် သူတို့က
**ဂျူး**လူမျိုးတို့၏ဘုရင် သက်တော်ရာကျော် ရှည်ပါ
စေဟုဆို၍ ကိုယ်တော့်ကို နှုတ်ဆက်ကြ၏။
၁၉။ တဖန်သူတို့သည် ကိုယ်တော်၏ဦးခေါင်းကို ကျူ
လုံးနှင့်ရိုက်ကြ၍ တံတွေးနှင့်ထွေးကြ၏။ ရှေ့တော်
၂၀။ ၌ ဒူးထောက်လျက် ဦးညွှတ်ရှိခိုးကြ၏။ ဤသို့သူ
တို့သည်ကိုယ်တော်ကိုပြောင်လှောင်ပျက်ရယ်ပြုကြ
ပြီးနောက် နီမောင်းသောဝတ်ရုံကို ဆွဲချွတ်ကြ၍၊
ကိုယ်တော်၏အဝတ်များကို ပြန်ဝတ်စေကြ၏။ ထို့
နောက် သူတို့သည် ကိုယ်တော့်ကို လက်ဝါးကပ်
တိုင်တင်ရန် ခေါ်ဆောင်သွားကြ၏။

## ကိုယ်တော်ကိုလက်ဝါးကပ်တိုင်တင်၍ သတ်ကြခြင်း

(မာ ၂၇း၃၂–၄၄၊ လု ၂၃း၂၆–၄၃၊ ၃၃–၃၇၊ ယော ၁၉း၁၇–၂၄)

၂၁။ စစ်သူရဲတို့သည် လယ်တော်မှ ပြန်လာသော
**အလက်ဇန္ဒား**နှင့်**ရုဖု**တို့တို့၏ဖခင်၊ **စီရေနေ**မြို့သား

**စီမုန်နှင့်**လမ်းတွင်တွေ့ကြလျှင်သူကိုအနိုင်အထက်ပြု
၂၂။ ၍လက်ဝါးကပ်တိုင်ကို ထမ်းစေကြ၏။ သူတို့သည်
ကိုယ်တော့်ကို **ဂေါလ်ဂေါသ**ဟုမည် တွင်သော
အရပ် သို့ခေါ်ဆောင်သွားကြ၏။ ထိုအမည်၏
အနက် အဓိပ္ပာယ်ကား ဦးခေါင်းခွံအရပ်ဟူ၍
ဖြစ်သတည်း။
၂၃။ သူတို့သည် မုရန်နှင့်ရောထားသော စပျစ်ရည်ကို
ကိုယ်တော်သောက်ရန် ပေးကြ၏။ သို့သော် ကိုယ်
၂၄။ တော်သည် မသောက်ဘဲနေတော်မူ၏။ ထို့နောက်
သူတို့သည်ကိုယ်တော်ကို လက်ဝါးကပ်တိုင်တင်ကြ
ပြီး၊ ကိုယ်တော်၏အဝတ်များကို မဲချ၍၊ ခွဲဝေယူ
၂၅။ ကြ၏။ ကိုယ်တော်ကို သူတို့လက်ဝါးကပ်တိုင်တင်
၂၆။ သောအချိန်မှာ သုံးချက်တီးခန့်ဖြစ်၏။ ကိုယ်တော့်
အပေါ်စွဲချက်တင်ထားသည့် ကမ္ပည်းစာတမ်းသည်
ကား **ဂျူး**လူမျိုးတို့၏ဘုရင်ဟူ၍ ဖြစ်သတည်း။
၂၇။ ထို့ပြင် သူတို့သည်ဓားပြနှစ်ယောက်ကို ကိုယ်တော်
နှင့်အတူ လက်ယာဘက်၌တစ်ယောက်၊ လက်ဝဲ
ဘက်၌တစ်ယောက် လက်ဝါးကပ်တိုင်တင်ထားကြ
၂၈။ ၏။ ဤသို့ဖြင့် သူသည် ရာဇဝတ်သားတို့နှင့်အတူ
ရေတွက်ခြင်းခံရ၏ဟူသော ကျမ်းချက်သည် ပြည့်
၂၉။ စုံခြင်းသို့ရောက်၏။ လမ်းပေါ်မှာဖြတ်သွားသောသူ
များကလည်း မိမိတို့ဦးခေါင်းများကိုဆက်ကြလျက်
ကဲ့ရဲ့ပြောဆိုကြသည်ကား ကြည့်လော၊ ဗိမာန်တော်
ကိုဖြိုဖျက်၍ သုံးရက်အတွင်း တည်ဆောက်မည့်သူ၊
၃၀။ ယခု သင့်ကိုယ်ကိုသင်ကယ်တင်ပါလော၊ လက်ဝါး
၃၁။ ကပ်တိုင်မှဆင်းလာပါလောဟု ဆိုကြ၏။ ထိုနည်း
တူပင် ရဟန်းအကြီးအကဲများနှင့် ကျမ်းတတ်ဆရာ
တို့သည်လည်း ကိုယ်တော့်ကို ပျက်ရယ်ပြု၍
အချင်းချင်း ပြောဆိုကြသည်ကား၊ ဤသူသည်
အခြားသူများကို ကယ်ဆယ်ခဲ့၏။ မိမိကိုယ်ကိုမူ မ
၃၂။ ကယ်ဆယ် နိုင်ပါတကား။ **အစ္စရေးလ်**လူမျိုး၏
ဘုရင် ခရစ်တော်သခင်၊ လက်ဝါးကပ်တိုင်မှ ယခု
ဆင်းလာပါစေ။ သင်ဆင်းလာသည်ကို ငါတို့မြင်
ရလျှင် ငါတို့ယုံကြည်ပါမည်ဟု အချင်းချင်းပြောင်
လှောင်ပြောဆိုကြ၏။

## ကိုယ်တော်အသက်စွန့်တော်မူခြင်း

(မာ ၂၇း၄၅-၅၆၊ လု ၂၃း၄၄-၄၉၊ ယော ၁၉း၂၈-၃၀)

၃၃။ ခြောက်ချက်တီးအချိန် (မွန်းတည့်ချိန်)မှစ၍၊ ကိုး
ချက်တီး အချိန်တိုင်အောင် မြေတပြင်လုံး၌မှောင်အ
၃၄။ တိဖြစ်လေ၏။ ကိုးချက်တီးအချိန် (မွန်းလွဲသုံး
နာရီ)တွင် သခင်**ယေရှု**သည် ကျယ်လောင်သော
အသံဖြင့် **ဧလီ၊ ဧလီလမာစာဗတ္တာနီ**ဟု အော်ဟစ်
တော်မူ၏။ အဓိပ္ပာယ်မှာ ကျွန်ုပ်၏ဘုရား၊ ကျွန်ုပ်
၏ဘုရား၊ အဘယ်ကြောင့် ကျွန်ုပ်ကိုစွန့်ပစ်ထား
၃၅။ တော်မူပါသနည်းဟု ဆိုလိုသတည်း။ အနားတွင်
ရပ်နေကြသောသူအချို့တို့က ဤစကားကိုကြား
သောအခါကြည့်လော့။ သူသည် **ဧလီယ**ကိုခေါ်နေ
၃၆။ သည်ဟု ဆိုကြ၏။ သူတို့တွင်တစ်ယောက်သည်
ပြေးသွား၍၊ ရေစုပ်နိုင်သောရေမြှုပ်ကို ပုံးရည်တွင်နှစ်
ပြီးမှကျူရိုးတွင် တပ်လျက် ကိုယ်တော်သောက်ရန်
ပေးလျက်၊ ခဏစောင့်ကြည့်ကြစို့။ သူ့ကိုကယ်
တင်ရန် ဧလီယလာမည် မလာမည်ကို ကြည့်ကြစို့
၃၇။ ဟုဆိုကြ၏။ သို့သော် သခင်**ယေရှု**သည် ကျယ်
လောင်သောအသံဖြင့် အော်ဟစ်လျက်အသက်တော်
၃၈။ ကိုစွန့်တော်မူ၏။ ထိုအချိန်၌ ဗိမာန်တော်၏ကန့်
လန့်ကာသည် အထက်စွန်းမှ အောက်စွန်းတိုင်
၃၉။ အောင်စုတ်၍ နှစ်ပိုင်းကွဲသွားလေ၏။ ကိုယ်တော်
၏ ရှေ့တွင်ရပ်နေသော လူတစ်ရာတပ်မှူးသည်
ကိုယ်တော်ဤကဲ့သို့ အသက်တော်ထွက်သွားသည်
ကိုမြင်သောအခါ ဤလူသည် ဘုရား၏သားတော်
၄၀။ အမှန်စင်စစ်ဖြစ်သည်ဟု ဆိုလေ၏။ အချို့သော
အမျိုးသမီးများသည် အဝေးမှရပ်လျက်ကြည့်နေကြ
၏။ ထိုသူများတွင် **မာရီယာမာဒလေးနာ**၊
**ယာကုပ်** နှင့်**ဂျိုဇက်**တို့၏ အမိဖြစ်သူ **မာရီယ**နှင့်
**စာလိုမေ**
၄၁။ တို့ပါဝင်ကြ၏။ ထိုအမျိုးသမီးများသည်ကိုယ်တော်
**ဂါလိလေ**နယ်တွင် ရှိတော်မူခဲ့စဉ် နောက်တော်မှ
လိုက်၍ လုပ်ကျွေးခြင်းအမှုကိုပြုခဲ့ကြသောသူများ
ဖြစ်ကြ၏။ သူတို့အပြင် ကိုယ်တော်နှင့်အတူ
**ဂျေရုဆလင်**မြို့သို့
လိုက်ပါလာကြသောအခြားအမျိုး သမီးများလည်း
ဤနေရာတွင် ရှိကြ၏။
၄၂။ ထိုနေ့သည်ကား၊ ဥပုသ်နေ့ကို ကြိုတင်ပြင်ဆင်ရ
သော အဖိတ်နေ့ဖြစ်၏။ ညနေအချိန်ရောက်သော
၄၃။ အခါ၊ **အာရိမာတေယ**မြို့သား **ဂျိုးဇက်**သည်လူသူ
လေးစားခံရသူ လွှတ်တော်အရာရှိ တစ်ဦးဖြစ်ပြီး၊
ဘုရားသခင်၏နိုင်ငံတော်ကို စောင့်မျှော်နေသောသူ

လည်းဖြစ်သည်နှင့်အညီ **ပီလာတု**မင်းထံသို့ ရဲဝံ့စွာ
ဝင်ပြီးလျှင် သခင်**ယေရှု**၏ အလောင်းတော်ကို
၄၃။ တောင်းလေ၏။ **ပီလာတု**မင်းသည် ကိုယ်တော်
အသက်ထွက်တော်မူကြောင်းကို ကြားလျှင်း အလွန်
အံ့အားသင့်၍ လူတစ်ရာတပ်မှူးကို ခေါ်လျက်
ကိုယ်တော် အသက်ထွက်တော်မူသည့်အကြောင်းကို
၄၅။ မေးမြန်လေ၏။ သူသည် လူတစ်ရာတပ်မှူးထံမှ
ကိုယ်တော် အသက်ထွက်တော်မူကြောင်းကိုသိရ လ
၄၆။ လျှင် **ဂျိုးဇက်**အား ကိုယ်တော်၏ အလောင်းတော်
ကို အောက်သို့ချပြီးလျှင် ပိတ်အဝတ်နှင့်ပတ်ရစ်
လျက် ကျောက်ဆောင်တွင် ထွင်းထားသောသင်္ချိုင်း
ဂူအသစ်၌ ကိုယ်တော်ကို သွင်းထားလေ၏။ ထို့
နောက် သင်္ချိုင်းဂူအဝတွင်လည်း ကျောက်တုံးကြီး
၄၇။ တစ်တုံးကိုလှိမ့်၍ ပိတ်ထားလေ၏။ **မာရိယာ**
**မာဒလေးနာ**နှင့် **ဂျိုးဇက်**၏အမိ မာရိယတို့သည်
လည်း အလောင်းတော်သင်္ဂြိုဟ်သည့်နေရာကို တွေ့
မြင်ကြ၏။

# အခန်းကြီး (၁၆)

## သခင်ယေရှုရှင်ပြန်ထမြောက်တော်မူခြင်း

(မာ ၂၈း၁–၈၊ လု ၂၄း၁–၁၂၊ ယော ၂၀း၁–၁၀)

၁။ ဥပုသ်နေ့လွန်သောအခါ၊ **မာရိယာ မာဒလေးနာ**၊
**ယာကုပ်**၏မိခင် **မာရိယာ**နှင့် **စာလိုမေ**တို့သည်
ကိုယ်တော်၏ အလောင်းတော်ကို လိမ်းကျံရန်
၂။ နံ့သာဆီမွှေးများကိုဝယ်ယူခဲ့ကြ၏။ ရက်သတ္တပတ်
၏ပထမနေ့ နံနက်စောစောနေထွက်ချိန်၌ သူတို့
၃။ သည် သင်္ချိုင်းတော်သို့သွားကြ၏။ သူတို့သည်
သင်္ချိုင်းဂူဝရှိ ကျောက်တုံးကို ငါတို့အတွက်မည်သူ
လှိမ့်ဖယ်ပေးမည်နည်းဟု အချင်းချင်း ပြောဆိုနေ
၄။ ကြ၏။ သူတို့ကြည့်ကြသောအခါ၊ ကျောက်တုံး
သည် လှိမ့်ဖယ်ထားပြီး ဖြစ်သည်ကို တွေ့ကြ၏။
အကြောင်းမူကား၊ ကျောက်တုံးသည် အလွန်ကြီး
၅။ မားသောကြောင့်ဖြစ်၏။ သူတို့သည် သင်္ချိုင်းဂူ
အတွင်းသို့ဝင်ကြသောအခါ ဝတ်ရုံဖြူကို ဝတ်ဆင်
ထားသော လူရွယ်တစ်ဦးသည် လက်ယာဘက်တွင်
ထိုင်နေသည်ကိုမြင်ကြ၍ အလွန်ထိတ်လန့်တုန်လှုပ်
၆။ ကြ၏။ ထိုသူက သူတို့အား ဆိုသည်မှာ
မကြောက်ကြနှင့်။ သင်တို့သည် လက်ဝါးကပ်တိုင်
တင်၍ အသတ်ခံရသော **နာဇရက်**မြို့သား**ယေရှု**ကို
ရှာနေကြ၏။ သူသည် ရှင်ပြန်ထမြောက်တော်မူပြီ။
သူသည် ဤနေရာ၌မရှိ။ ကိုယ်တော့်ကိုသူတို့ထား
၇။ ခဲ့ကြသောနေရာကို ကြည့်ကြလော့။ သင်တို့မူကား၊
သွားကြ၍ ကိုယ်တော်သည် **ဂါလိလေ**နယ်သို့
ကိုယ်တော်သည် သင်တို့အရင်ကြွတော်မူကြောင်းကို
တပည့်တော်နှင့်**ပေတရု**တို့အား ပြောကြားကြလော။
ယခင်က သင်တို့အား မိန့်တော်မူခဲ့သည့်အတိုင်း
သင်တို့သည် ကိုယ်တော်ကို **ဂါလိလေ**နယ်တွင် ဖူး
၈။ မြင်ကြရလိမ့်မည်ဟု သူတို့အားဆို၏။ ထိုအမျိုး
သမီးတို့သည် သင်္ချိုင်းဂူမှထွက်၍ ပြေးကြ၏။
အကြောင်းမူကား၊ သူတို့သည် ကြောက်ရွံ့တုန်လှုပ်
၍ အံ့သြနေကြသောကြောင့်ဖြစ်၏။ သူတို့သည်
ကြောက်ရွံ့ကြသောကြောင့် မည်သူ့ကိုမျှ စကား
မပြောကြချေ။

## မာရိယမာဒလေးနာအား ထင်ရှားပြတော်မူခြင်း

(မာ ၂၈း၉–၁၀၊ ယော ၂၀း၁၁–၁၈)

၉။ ရက်သတ္တပတ်၏ ပထမနေ့ နံနက်စောစောအချိန်
တွင် ကိုယ်တော်သည် ရှင်ပြန်ထမြောက်တော်မူပြီး
နောက် **မာရိယာ မာဒလေးနာ**အား ပထမဦးစွာ
ထင်ရှားပြတော်မူ၏။ **မာရိယာ မာဒလေးနာသည်**
သူမထံမှနတ်ဆိုးခုနစ်ကောင်ကို ကိုယ်တော်နှင်ထုတ်
၁၀။ ပေးခဲ့ဘူးသူဖြစ်၏။သူမသည်သွား၍၊ကိုယ်တော်နှင့်
အတူရှိခဲ့ကြဖူးသော ဝမ်းနည်းပူဆွေး နေကြသည့်
၁၁။ သူများကို ပြောကြားလေ၏။ သို့သော် သူတို့
သည်ကိုယ်တော်အသက်ရှင်တော်မူကြောင်းနှင့်
သူမသည် ကိုယ်တော့်ကို ဖူးမြင်ခဲ့ရကြောင်းကိုကြား
ကြသောအခါ မယုံကြည်ဘဲ ရှိကြ၏။

## တပည့်တော်နှစ်ပါးကို ထင်ရှားပြတော်မူခြင်း

(လု ၂၄း၁၃–၁၅)

၁၂။ ကိုယ်တော်သည် တောရွာသို့ ခရီးသွားနေကြသော
သူနှစ်ယောက်တို့အား အခြားသော အသွင်ပုံဆောင်
၁၃။ လျက် မိမိကိုယ်ကို ထင်ရှားပြတော်မူ၏။ သူတို့
သည်ပြန်လာကြ၍ အခြားသူများအားပြော ကြားကြ
သော်လည်း ထိုသူတို့သည် မယုံကြည်ကြချေ။

## တမန်တော်တစ်ကျိပ်တစ်ပါးကို ထင်ရှားပြတော်မူခြင်း

(မာ ၂၈း၁၆–၂၀၊ လု ၂၄း၃၆–၄၉၊ ယော ၂၀း၁၉–၂၃)

၁၄။ ထို့နောက် တပည့်တော် တစ်ဆယ့်တစ်ပါးတို့သည်
စားပွဲတွင်ထိုင်၍၊ စားသောက်နေကြစဉ် ကိုယ်တော်
သည် သူတို့ကို ထင်ရှားပြတော်မူ၏။ ကိုယ်တော်
သည် ရှင်ပြန်ထမြောက်တော်မူသော မိမိကိုမြင်
ကြရသူများ၏။စကားကို သူတို့ မယုံကြည်ကြသော
ကြောင့် သူတို့၏ ယုံကြည်ခြင်းကင်းမဲ့မှုနှင့် စိတ်နှ
လုံးခိုင်မာခြင်းတို့အတွက် သူတို့ကိုအပြစ်တင်တော်

၁၅။ မူ၏။ ထို့နောက် ကိုယ်တော်က သူတို့အား မိန့်
တော်မူသည်ကား သင်တို့သည် ကမ္ဘာအရပ်ရပ်သို့
သွားကြ၍ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံ
ဂေလိတရားတော်ကို ဟောပြောကြလော့။
၁၆။ ယုံကြည်၍ ဆေးကြောခြင်းခံယူသော သူတို့သည်
ကယ်တင်ခြင်း ခံရလိမ့်မည်။ မယုံကြည်သောသူမူ
၁၇။ ကား၊ အပြစ်စီရင်ခြင်းခံရလိမ့်မည်။ ယုံကြည်သော
သူတို့၌ ဤနိမိတ်လက္ခဏာများဖြစ်ပေါ်လိမ့်မည်။
သူတို့သည် ငါ၏နာမတော်ကို အမှီပြုလျက် နတ်
ဆိုးများကို နှင်ထုတ်နိုင်ကြလိမ့်မည်။ အသစ်သော
ဘာသာစကားများကို ပြောဆိုကြလိမ့်မည်။
၁၈။ သူတို့သည် မြွေဆိုးများကို ကိုင်ဖမ်းကြလိမ့်မည်။
သေစေတတ်သော အရာများကို သောက်မိလျှင်
လည်း ဘေးဥပါဒ်မထိဘဲရှိကြလိမ့်မည်။ လူနာများ
အပေါ်၌ လက်ကိုတင်သဖြင့် ပျောက်ကင်းချမ်းသာ
စေလိမ့်မည်ဟု မိန့်တော်မူ၏။

## ကောင်းကင်သို့ တက်ကြွတော်မူခြင်း
## (လု ၂၄း၅၀-၅၃၊ တမန် ၁း၃-၁၄)

၁၉။ ယေရှုကိုယ်တော်သည် သူတို့အား မိန့်တော်မူပြီး
နောက်၊ ကောင်းကင်သို့တက်ကြွတော်မူ၍၊ ဘုရား
သခင်၏ လက်ယာဘက်၌ စံပယ်တော်မူ၏။
၂၀။ တပည့်တော်တို့သည်လည်း ထွက်သွားကြ၍၊ အရပ်
ရပ်တို့၌ တရားဒေသနာတော်ကို ဟောပြောကြ၏။
သခင်ဘုရားသည်လည်း သူတို့နှင့်အတူလုပ်ဆောင်
တော်မူ၍ သူတို့ဟောပြောသော တရားတော်မှန်
ကန်ကြောင်း သက်သေပြရန် တန်ခိုးလက္ခဏာများ
ဖြင့် ကူညီတော်မူ၏။